ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

# နှစ်ပတ်လည်အစီရင်ခံစာ
# ၂၀၂၄ ခုနှစ်

ရက်စွဲ။ ၂၀၂၅ ခုနှစ်၊ မတ်လ

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်
# ၂၀၂၄ ခုနှစ်၊ နှစ်ပတ်လည်အစီရင်ခံစာ
## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | **နိဒါန်း** | ၁ |
| | ▪ ကော်မရှင်အဖွဲ့ဝင်များ တာဝန်ခွဲဝေဆောင်ရွက်မှု | ၂ - ၃ |
| | ▪ ကော်မရှင်ရုံးဖွဲ့စည်းမှု | ၃ |
| | ▪ ကော်မရှင်ရုံးချုပ်နှင့် ရုံးခွဲများ | ၃ |
| ၂။ | **လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ပညာပေးရေးဆိုင်ရာ ဆောင်ရွက်ချက်များ** | |
| | ▪ လုပ်ငန်းတာဝန်များ | ၄ |
| | ▪ လူ့အခွင့်အရေးအသိပညာပေးရှင်းလင်းဆွေးနွေးဟောပြောပွဲ | ၄ - ၆ |
| | ▪ လူ့အခွင့်အရေး ဘာသာရပ်ဆိုင်ရာ သင်ခန်းစာပို့ချခြင်း | ၆ |
| | ➢ ကာကွယ်ရေးဝန်ကြီးဌာနမှ ဖွင့်လှစ်သော သင်တန်းများ | ၆ - ၁၁ |
| | ➢ ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ ဖွင့်လှစ်သော သင်တန်းများတွင် သင်ခန်းစာ ပို့ချခြင်း | ၁၂ - ၁၄ |
| | ➢ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဖွင့်လှစ်သော သင်တန်းများတွင် သင်ခန်းစာပို့ချခြင်း | ၁၅ - ၁၇ |
| | ➢ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဖွင့်လှစ်သော သင်တန်းများတွင် သင်ခန်းစာ ပို့ချခြင်း | ၁၇ - ၁၈ |
| | ➢ အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာနမှ ဖွင့်လှစ်သော သင်တန်းများတွင် သင်ခန်း စာပို့ချခြင်း | ၁၈ |
| | ➢ အကျဉ်းဦးစီးဌာနမှ ဖွင့်လှစ်သော သင်တန်းများတွင် သင်ခန်းစာပို့ချခြင်း | ၁၉ - ၂၁ |
| | ➢ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဖွင့်လှစ်သော သင်တန်းများတွင် သင်ခန်းစာပို့ချခြင်း | ၂၁ - ၂၃ |
| | ➢ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဖွင့်လှစ်သော သင်တန်းများတွင် သင်ခန်းစာပို့ချခြင်း | ၂၃ - ၂၅ |
| | ➢ အခြားဝန်ကြီးဌာနများမှ ဖွင့်လှစ်သော သင်တန်းများတွင် သင်ခန်းစာပို့ချခြင်း | ၂၅ - ၂၆ |
| | ▪ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်၌ အစည်းအဝေး တက်ရောက်ခြင်း | ၂၆ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| | ▪ အမျိုးသားအဆင့် ကော်မတီများက ကျင်းပသည့် အခမ်းအနားများနှင့် အစည်းအဝေးများ တက်ရောက်ခြင်း | ၂၇ - ၂၈ |
| | ▪ သတင်းထုတ်ပြန်ချက်များ ထုတ်ပြန်ခြင်း | ၂၈ - ၂၉ |
| | ▪ သတင်းအချက်အလက်များ ဖြန့်ချိခြင်း | ၃၀ |
| | ▪ ဘာသာရပ်ဆိုင်ရာ ဆန်းစစ်သုံးသပ်မှုများဆောင်ရွက်ခြင်းနှင့် ဘာသာရပ်အသစ်များအသစ် ရေးဆွဲ ဆောင်ရွက်ခြင်း | ၃၀ - ၃၁ |
| | ▪ အခြားဆောင်ရွက်မှုများ | ၃၁ |
| | ▪ ပုံနှိပ်ထုတ်ဝေဖြန့်ချိမှုများ | ၃၁ - ၃၂ |
| | ▪ လူ့အခွင့်အရေးဆိုင်ရာအထိမ်းအမှတ်ဟောပြောပွဲ/ ပြိုင်ပွဲများ ကျင်းပခြင်း | ၃၂ - ၃၃ |
| | ▪ သတင်းမီဒီယာကောင်စီနှင့်တွေ့ဆုံခြင်း | ၃၃ |
| | ▪ မှတ်တမ်းဓာတ်ပုံများ | ၃၄ - ၃၈ |
| ၃။ | **လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးဌာန၏ ဆောင်ရွက်ချက်များ** | |
| | ▪ လုပ်ငန်းတာဝန်များ | ၃၉ |
| | ▪ ၂၀၂၄ ခုနှစ်အတွင်း တိုင်တန်းချက်များအပေါ် ကိုင်တွယ်ဆောင်ရွက်မှု အခြေအနေ | ၃၉ - ၄၀ |
| | ▪ ၂၀၂၄ ခုနှစ်အတွင်း တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် တိုင်တန်းချက် လက်ခံရရှိမှု အခြေအနေ | ၄၀ - ၄၁ |
| | ▪ ၂၀၂၄ ခုနှစ်အတွင်းအမှုအမျိုးအစားအလိုက် လက်ခံရရှိမှု အခြေအနေ | ၄၁ - ၄၂ |
| | ▪ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများမှ ပြန်ကြားစာ ရရှိမှု အခြေအနေ | ၄၂ |
| | ▪ ၂၀၂၄ ခုနှစ်အတွင်း ကော်မရှင်မှ ပေးပို့သည့်တိုင်တန်းချက် ၆၂ မှု နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများထံ ပေးပို့ခဲ့သည့် အကြောင်းကြားစာ ၆၉ စောင်အပေါ် ပြန်ကြားလာမှု အခြေအနေ | ၄၃ - ၄၄ |
| | ▪ ကော်မရှင်သို့ ပေးပို့လာသော တိုင်တန်းချက်များအပေါ် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီး | ၄၄ - ၄၈ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | ဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်မှု | |
| | ▪ အကျဉ်းထောင်များ၊ အချုပ်ထောင်များ၊ အကျဉ်းစခန်းများ၊ ရဲစခန်းအချုပ်ခန်းများနှင့် တရားရုံးအချုပ်ခန်းများ ကြည့်ရှုစစ်ဆေးခြင်း | ၄၉ |
| | ▪ အကျဉ်းထောင်၊ အချုပ်ထောင်၊ အကျဉ်းစခန်းများနှင့် စပ်လျဉ်း၍ အကြံပြုချက်များ | ၄၉ - ၅၂ |
| | ▪ ပြည်ထဲရေးဝန်ကြီးဌာန၏ ပူးပေါင်းဆောင်ရွက်မှုများ | ၅၃ - ၅၅ |
| | ▪ ရဲစခန်းအချုပ်ခန်း၊ တရားရုံးအချုပ်ခန်းများနှင့် စပ်လျဉ်း၍ အကြံပြုချက်များ | ၅၅ - ၅၇ |
| | ▪ ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန၏ ပူးပေါင်းဆောင်ရွက်မှုများ | ၅၈ |
| | ▪ လူငယ်သင်တန်းကျောင်းများ၊ မသန်စွမ်းကျောင်းများနှင့် ဘိုးဘွားရိပ်သာများအား ကြည့်ရှု စစ်ဆေးခြင်း | ၅၈ |
| | ▪ လူငယ်သင်တန်းကျောင်းများ၊ မသန်စွမ်းကျောင်းများ၊ ဘိုးဘွားရိပ်သာများ နှင့် စပ်လျဉ်း၍ အကြံပြုချက်များ | ၅၉ - ၆၁ |
| | ▪ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၏ ပူးပေါင်း ဆောင်ရွက်မှုများ | ၆၁ - ၆၄ |
| | ▪ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့အစည်းအဝေး တက်ရောက်ခြင်း | ၆၄ |
| | ▪ မှတ်တမ်းဓာတ်ပုံများ | ၆၅ - ၇၄ |
| ၄။ | **ဥပဒေရေးရာဌာန၏ ဆောင်ရွက်ချက်များ** | |
| | ▪ လုပ်ငန်းတာဝန်များ | ၇၅ |
| | ▪ အကြံပြုချက်နှင့် သဘောထားမှတ်ချက်များပေးပို့ခြင်း | ၇၅ - ၇၆ |
| | ▪ ဥပဒေရေးရာနှင့် လူ့အခွင့်အရေးဆိုင်ရာ အစည်းအဝေးနှင့် အခမ်းအနားများသို့ ပါဝင်တက် ရောက်မှုများ | ၇၆ - ၇၈ |
| | ▪ စာတမ်းများ ပြုစုဆောင်ရွက်ခြင်း | ၇၈ - ၇၉ |
| | ▪ ဘာသာပြန်ဆိုခြင်းနှင့် ပုံနှိပ်ထုတ်ဝေခြင်း | ၇၉ |
| | ▪ မှတ်တမ်းဓာတ်ပုံများ | ၈၀ - ၈၂ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၅။ | **နိုင်ငံတကာဆက်ဆံရေးဆိုင်ရာဆောင်ရွက်ချက်များ** | |
| | ▪ လုပ်ငန်းတာဝန်များ | ၈၃ |
| | ▪ အရှေ့တောင်အာရှ အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ် - Southeast Asia National Human Rights Institutions Forum (SEANF) နှင့် ပူးပေါင်းဆောင်ရွက်ခြင်း | ၈၃ |
| | ➢ ပထမအကြိမ် လုပ်ငန်းအဖွဲ့ အစည်းအဝေး တက်ရောက်ခြင်း | ၈၃ - ၈၄ |
| | ➢ ဒုတိယအကြိမ် လုပ်ငန်းအဖွဲ့ အစည်းအဝေးတက်ရောက်ခြင်း | ၈၄ - ၈၅ |
| | ➢ SEANF ၏ (၂၁) ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးနှင့် ဆက်စပ်ဆွေးနွေးပွဲ တက်ရောက်ခြင်း | ၈၅ - ၈၇ |
| | ➢ အာဆီယံအစိုးရချင်းဆိုင်ရာ လူ့အခွင့်အရေးကော်မရှင် (ASEAN Intergovernmental Commission on Human Rights – AICHR) နှင့် SEANF တို့ ပူးပေါင်းကျင်းပသည့် ဒေသဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲတက်ရောက်ခြင်း | ၈၇ - ၈၈ |
| | ▪ အာရှ-ပစိဖိတ် အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ် (Asia Pacific Forum of National Human Rights Institutions - APF) နှင့် ပူးပေါင်း ဆောင်ရွက်ခြင်း | ၈၈ |
| | ➢ APF ၏ (၂၉) ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးသို့ တက်ရောက်ခြင်း | ၈၈ - ၈၉ |
| | ➢ The APF Annual Program on GANHRI Accreditation 2024 Workshop တက်ရောက်ခြင်း | ၈၉ |
| | ▪ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများဆိုင်ရာ ကမ္ဘာ့အဖွဲ့ကြီး (Global Alliance of National Human Rights Institutions - GANHRI) နှင့် ပူးပေါင်းဆောင်ရွက်ခြင်း | ၉၀ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | ➢ GANHRI ၏ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများ အဆင့်သတ်မှတ်ရေး ဆပ်ကော်မတီ (Sub-Committee on Accreditation – SCA) သို့ အချက်အလက်များ ပေးပို့ခြင်း | ၉၀ |
| | ➢ အထူးသုံးသပ်မှုခံယူခြင်း | ၉၀ |
| | ▪ အခြားဆောင်ရွက်ချက်များ | ၉၀ |
| | ➢ အာရှ-ပစိဖိတ် အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ် (APF) မှ ပေးပို့လာသော Survey ဖြေဆိုခြင်း | ၉၀ |
| | ➢ အာရှ-ပစိဖိတ် အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ် (APF) မှ ပေးပို့လာသော Survey ဖြေဆိုခြင်း | ၉၀ |
| | ➢ Seminar on International Criminal Justice Cooperation for Developing Countries သို့ တက်ရောက်ခြင်း | ၉၀ - ၉၁ |
| | ➢ (၈) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ သိပ္ပံနှင့်လက်တွေ့ အသုံးချ ကွန်ဖရင့်သို့ တက်ရောက်ခြင်း | ၉၁ - ၉၂ |
| | ➢ အိန္ဒိယနိုင်ငံတွင် ကျင်းပခဲ့သော လူ့အခွင့်အရေးဆိုင်ရာ အုပ်ချုပ်မှုစွမ်းရည် မြှင့်တင်ရေး အစီအစဉ်သို့ ကော်မရှင်ရုံး ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခြင်း | ၉၂ - ၉၄ |
| | ▪ ကော်မရှင် အဖွဲ့ဝင်များ၏ အလုပ်ရုံဆွေးနွေးပွဲနှင့် အစည်းအဝေးများသို့ တက်ရောက်ခဲ့မှုများ | ၉၄ |
| | ▪ ကော်မရှင်ရုံးဝန်ထမ်းများ၏ ပြည်တွင်း၊ ပြည်ပသင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများနှင့် အစည်းအဝေးများသို့ တက်ရောက်ခဲ့မှုများ | ၉၅ - ၁၀၀ |
| | ▪ မှတ်တမ်းဓာတ်ပုံများ | ၁၀၁ - ၁၀၇ |
| ၆။ | **စီမံရေးရာနှင့် ဘဏ္ဍာရေးဆိုင်ရာ ဆောင်ရွက်ချက်များ** | |
| | ▪ လုပ်ငန်းတာဝန်များ | ၁၀၈ |
| | ▪ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း | ၁၀၈ - ၁၀၉ |
| | ▪ ဝန်ထမ်းရေးရာကိစ္စရပ်များ | ၁၀၉ - ၁၁၀ |
| | ▪ ကိုဗစ် - ၁၉ ကပ်ရောဂါ ကာကွယ်ရေးဆောင်ရွက်မှု | ၁၁၀ |

| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| ▪ လူ့အခွင့်အရေးဆိုင်ရာ ကော်မတီများတွင် ပါဝင်ဆောင်ရွက်မှု များ | ၁၁၁ - ၁၁၂ |
| ▪ ကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံး အရာထမ်းများ အခမ်းအနား/ အစည်းအဝေး တက်ရောက်ခြင်း | ၁၁၂ - ၁၁၄ |
| ▪ ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များ | ၁၁၄ - ၁၁၅ |
| ▪ ကော်မရှင်ရုံးဝန်ထမ်းများအတွက် အငြိမ်းစားပင်စင် စုဆောင်းငွေ | ၁၁၅ |
| ▪ ကော်မရှင်ရုံးဝန်ထမ်းများ လူမှုဖူလုံရေးစနစ်သို့ဝင်ရောက်ခြင်း | ၁၁၅ |
| ▪ ဝန်ထမ်းဖွဲ့စည်းပုံနှင့် ခန့်အပ်ပြီးအင်အား | ၁၁၆ |
| ▪ ဝန်ထမ်းများ၏ စွမ်းဆောင်ရည် မြင့်မားရေးအတွက် အသိပညာမျှဝေသည့် အစီအစဉ်များ ဆောင်ရွက်ခြင်း | ၁၁၇ - ၁၁၈ |
| ▪ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်ရုံး ဝန်ထမ်းများအတွက် အခြေခံရုံးလုပ်ငန်း သင်တန်းဖွင့်လှစ်ပို့ချပေးခြင်း | ၁၁၉ |
| ▪ ကော်မရှင်ရုံးဝန်ထမ်းများအတွက် IT နှင့် အင်္ဂလိပ်ဘာသာ စကားဆိုင်ရာ သင်တန်းဖွင့်လှစ် ပို့ချပေးခြင်း | ၁၁၉ |
| ▪ ဝန်ထမ်းသက်သာချောင်ချိရေးအတွက်ဆောင်ရွက်ခြင်း | ၁၁၉ |
| ▪ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်ရုံးရှိ ဦးစီးယာဉ်များ၊ အုပ်ချုပ်မှုယာဉ်များနှင့် ဝန်ထမ်း ကြို/ ပို့ ယာဉ် များ မော်တော်ယာဉ်ကြံ့ခိုင်ရေးစစ်ဆေးခြင်း | ၁၁၉ - ၁၂၀ |
| ▪ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit - CPU) အဖွဲ့ ဖွဲ့စည်းခြင်းနှင့် ယင်းအဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက်များ | ၁၂၀ |
| ▪ Desk Officer များတာဝန်ပေးအပ်ခြင်း | ၁၂၀ - ၁၂၁ |
| ▪ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေး ဦးစီးဌာနသို့ သွားရောက်စစ်ဆေးခံယူခြင်း | ၁၂၁ |
| ▪ (၇၆) နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပခြင်း | ၁၂၁ - ၁၂၂ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| | ▪ အခမ်းအနားများဆောင်ရွက်မှု | ၁၂၂ - ၁၂၃ |
| | ▪ မှတ်တမ်းဓာတ်ပုံများ | ၁၂၄ - ၁၂၇ |
| ၇။ | **e-Government** ဆိုင်ရာဆောင်ရွက်ချက်များ | |
| | ▪ လုပ်ငန်းတာဝန်များ | ၁၂၈ |
| | ▪ e-Newsletter ထုတ်ဝေခြင်း | ၁၂၈ |
| | ▪ Web Administrator အဖြစ် ဆောင်ရွက်ခြင်း | ၁၂၈ - ၁၃၀ |
| | ▪ Myanmar National Webportal တွင် သတင်းများ ဖော်ပြခြင်း | ၁၃၀ |
| | ▪ နည်းပညာကျွမ်းကျင်မှုဆိုင်ရာ Digital Literacy သင်တန်းများ ဖွင့်လှစ်ခြင်း | ၁၃၀ - ၁၃၁ |
| | ▪ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ဖွင့်လှစ်သော သင်တန်းများ တက်ရောက်ခြင်း | ၁၃၁ - ၁၃၂ |
| | ▪ Electronic Document Management System ကို Mail အနေဖြင့် အသုံးပြုခြင်း | ၁၃၂ |
| | ▪ နည်းပညာပံ့ပိုးဆောင်ရွက်ပေးခြင်း | ၁၃၂ - ၁၃၃ |
| | ▪ ကွန်ပျူတာ ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်ခြင်း | ၁၃၃ |
| | ▪ မှတ်တမ်းဓာတ်ပုံများ | ၁၃၄ - ၁၃၈ |
| ၈။ | **နိဂုံး** | ၁၃၉ |

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်
# ၂၀၂၄ ခုနှစ်၊ နှစ်ပတ်လည်အစီရင်ခံစာ

## နိဒါန်း

၁။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥပဒေကို ပြည်ထောင်စု လွှတ်တော်က ဥပဒေအမှတ် ၂၁ ဖြင့် ၂၀၁၄ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပါသည်။ ကော်မရှင်ဥပဒေပုဒ်မ ၁၃ အရ ၁၄-၁-၂၀၂၀ ရက်နေ့တွင် နိုင်ငံတော်သမ္မတရုံး၏ အမိန့်အမှတ် (၃/၂၀၂၀) ဖြင့် ကော်မရှင်ဥက္ကဋ္ဌ ဦးလှမြင့် ဦးဆောင်သော အဖွဲ့ဝင် (၁၁) ဦး ပါဝင်သည့်အဖွဲ့ကို ပြန်လည်ပြင်ဆင်ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ အမိန့်အမှတ် (၄/၂၀၂၁) ဖြင့် အဆိုပါ အဖွဲ့ကို ဆက်လက် တာဝန်ပေးအပ်ခဲ့ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၃-၈-၂၀၂၃ ရက်စွဲပါ အမိန့်အမှတ် (၆၈/၂၀၂၃) ဖြင့် ကော်မရှင်ဥက္ကဋ္ဌ ဦးလှမြင့်အစား ကော်မရှင်အဖွဲ့ဝင် ဦးပေါ်လွင်စိန်ကို ကော်မရှင် ဥက္ကဋ္ဌ အဖြစ် ပြောင်းလဲခန့်အပ် တာဝန်ပေးခဲ့ပြီး ၇-၉-၂၀၂၄ ရက်စွဲပါ အမိန့်အမှတ် (၄၇/၂၀၂၄) ဖြင့် ကော်မရှင်အဖွဲ့ဝင် (၃) ဦးကို ဖြည့်စွက်ခန့်ထားခဲ့သဖြင့် အောက်ဖော်ပြပါ အဖွဲ့ဝင် (၁၂) ဦးဖြင့် ကော်မရှင်၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်လျက်ရှိပါသည်-

| | |
|---|---|
| (က) ဦးပေါ်လွင်စိန် | ဥက္ကဋ္ဌ |
| (ခ) ဒေါက်တာနန္ဒာမွန်း | ဒုတိယဥက္ကဋ္ဌ |
| (ဂ) ဦးကျော်စိုး | အဖွဲ့ဝင် |
| (ဃ) ဒေါက်တာသန်းမြင့် | အဖွဲ့ဝင် |
| (င) ဒေါ်နုနုယဉ် | အဖွဲ့ဝင် |
| (စ) ဒေါက်တာတင်မောင်မောင်သန်း | အဖွဲ့ဝင် |
| (ဆ) ဒေါက်တာမြင့်သူမြိုင် | အဖွဲ့ဝင် |
| (ဇ) ဦးတင်အောင် | အဖွဲ့ဝင် |
| (ဈ) ဦးကျော်မြင့် | အဖွဲ့ဝင် |
| (ည) ဦးဝင်းလှိုင်ဦး (ခ) ကုန်ဇမှုန်း | အဖွဲ့ဝင် |
| (ဋ) ဦးသန်းဝင်း | အဖွဲ့ဝင် |
| (ဌ) ဦးတင်ကိုကို | အဖွဲ့ဝင် |

၂။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဥပဒေ ပုဒ်မ ၂၂ ပုဒ်မခွဲ (ဌ) အရ ကော်မရှင်၏ လုပ်ငန်းတာဝန် အကောင်အထည်ဖော်ဆောင်ရွက်ချက်များကို ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ တစ်နှစ်တာ ကာလအတွက် နှစ်ပတ်လည်အစီရင်ခံစာအဖြစ် ပြုစုမှတ်တမ်းတင်ခြင်းဖြစ်ပါသည်။

**ကော်မရှင်အဖွဲ့ဝင်များ တာဝန်ခွဲဝေဆောင်ရွက်မှု**

၃။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ ၁၃-၉-၂၀၂၄ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် (၁၇/၂၀၂၄) အရ ကော်မရှင်အဖွဲ့ဝင်များသည် အောက်ဖော်ပြပါအတိုင်း ဘာသာရပ်အလိုက် တာဝန်ခွဲဝေဆောင်ရွက်လျက်ရှိပါသည်-

| | | |
|---|---|---|
| (က) | ဦးပေါ်လွင်စိန်၊ ဥက္ကဋ္ဌ | ဘာသာရပ်အားလုံးကြီးကြပ်၍ နိုင်ငံတကာဆက်ဆံရေးဘာသာရပ်ကို အဓိက ကြီးကြပ်ဆောင်ရွက်သည်။ |
| (ခ) | ဒေါက်တာနန္ဒာမွန်း၊ ဒုတိယဥက္ကဋ္ဌ | ဘာသာရပ်အားလုံးကြီးကြပ်၍ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ပညာပေးရေး ဘာသာရပ်ကို အဓိက ကြီးကြပ်ဆောင်ရွက်သည်။ |
| (ဂ) | ဦးကျော်စိုး၊ အဖွဲ့ဝင် | လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေး ဘာသာရပ် |
| (ဃ) | ဒေါက်တာသန်းမြင့်၊ အဖွဲ့ဝင် | လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ပညာပေးရေး ဘာသာရပ်၊ e-Government ဘာသာရပ်၊ နိုင်ငံတကာဆက်ဆံရေးဘာသာရပ် |
| (င) | ဒေါ်နုနုယဉ်၊ အဖွဲ့ဝင် | ဥပဒေရေးရာဘာသာရပ် |
| (စ) | ဒေါက်တာတင်မောင်မောင်သန်း၊ အဖွဲ့ဝင် | နိုင်ငံတကာဆက်ဆံရေးဘာသာရပ်၊ လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ပညာပေးရေးဘာသာရပ် |
| (ဆ) | ဒေါက်တာမြင့်သူမြိုင်၊ အဖွဲ့ဝင် | ဥပဒေရေးရာဘာသာရပ်၊ လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ပညာပေးရေးဘာသာရပ် |
| (ဇ) | ဦးတင်အောင်၊ အဖွဲ့ဝင် | လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေး ဘာသာရပ် |
| (ဈ) | ဦးကျော်မြင့်၊ အဖွဲ့ဝင် | လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေး ဘာသာရပ် |
| (ည) | ဦးဝင်းလှိုင်ဦး၊ အဖွဲ့ဝင် | နိုင်ငံတကာဆက်ဆံရေး ဘာသာရပ် |
| (ဋ) | ဦးသန်းဝင်း၊ အဖွဲ့ဝင် | လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေး ဘာသာရပ် |

(၅) ဦးတင်ကိုကို၊ အဖွဲ့ဝင် — လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ပညာပေးရေး ဘာသာရပ်၊ e-Government ဘာသာရပ်

၄။ ကော်မရှင် အုပ်ချုပ်မှုစီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၀/ ၂၀၂၂) ဆုံးဖြတ်ချက်အရ (၆) လ တစ်ကြိမ် အလှည့်ကျ တာဝန်ထမ်းဆောင်သည့် ကော်မရှင် အုပ်ချုပ်မှုစီမံခန့်ခွဲရေး ကော်မတီ အဖွဲ့ဝင်နှစ်ဦးအနက် တစ်ဦးသည် ကော်မရှင်ရုံး၏ စီမံခန့်ခွဲရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များကို ကော်မရှင် အုပ်ချုပ်မှုစီမံခန့်ခွဲရေးကော်မတီ ကိုယ်စား တာဝန်ယူဆောင်ရွက်ပါသည်။

**ကော်မရှင်ရုံးဖွဲ့စည်းမှု**

၅။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံးကို ဌာန (၆) ခုဖြင့် အောက်ပါ အတိုင်း ဖွဲ့စည်းထားရှိပါသည်-

(က) လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ပညာပေးရေးဌာန၊

(ခ) လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးဌာန၊

(ဂ) ဥပဒေရေးရာဌာန၊

(ဃ) နိုင်ငံတကာဆက်ဆံရေးဌာန၊

(င) စီမံရေးရာနှင့် ဘဏ္ဍာရေးဌာန၊

(စ) e- Government ဌာနတို့ဖြစ်ကြပါသည်။

**ကော်မရှင်ရုံးချုပ်နှင့် ရုံးခွဲများ**

၆။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်အပေါ် ပြည်သူလူထုက ပိုမို၍ ယုံကြည်အားထားလာစေရန်အတွက် ပြည်သူလူထုနှင့် လွယ်ကူစွာ ထိတွေ့ဆက်ဆံနိုင်စေရန် ရည်ရွယ်လျက် ကော်မရှင်ရုံးချုပ်နှင့် ရုံးခွဲ (၄) ရုံးကို အောက်ပါအတိုင်း ဖွင့်လှစ်ထားပါသည်-

| | | |
|---|---|---|
| (က) ကော်မရှင်ရုံးချုပ် | - | အမှတ် (၂၇)၊ ၆ မိုင်ခွဲ၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ |
| (ခ) နေပြည်တော် (ရုံးခွဲ) | - | သဇင်လမ်းနှင့် ဇော်ဂျီလမ်းထောင့်၊ ရွှေကြာပင် ရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်။ |
| (ဂ) မန္တလေး (ရုံးခွဲ) | - | ကမ်းနားလမ်း၊ ၃၄ x ၃၅ လမ်းကြား၊ ဒေးဝန်းအနောက် ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ |
| (ဃ) စစ်တွေ (ရုံးခွဲ) | - | ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးဝင်း၊ မေယုလမ်း၊ စစ်တွေမြို့၊ ရခိုင်ပြည်နယ်။ |
| (င) ပုသိမ် (ရုံးခွဲ) | - | မြို့နယ်စုပေါင်းရုံးဝင်း၊ မဟာစေတီလမ်းမကြီး၊ အမှတ် (၁၃) ရပ်ကွက်၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး။ |

## လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ပညာပေးရေးဆိုင်ရာ ဆောင်ရွက်ချက်များ

### လုပ်ငန်းတာဝန်များ

၇။ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ပညာပေးရေးဌာနသည် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥပဒေပုဒ်မ ၂၂၊ ပုဒ်မခွဲ (က) အရ သတင်းအချက်အလက်များ ဖြန့်ချိခြင်း၊ ပညာပေးခြင်းဖြင့် လူ့အခွင့်အရေးနှင့် စပ်လျဉ်း၍ အများပြည်သူ၏ အသိပညာ အဆင့်အတန်း မြှင့်တင်ခြင်းနှင့် ခွဲခြားမှု ပုံသဏ္ဌာန်အားလုံးကို တိုက်ဖျက်သည့် ကြိုးပမ်းအားထုတ်မှုများကို မြှင့်တင်ခြင်း လုပ်ငန်းတာဝန်များကို ဆောင်ရွက်လျက်ရှိပါသည်။

၈။ လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ပညာပေးရေးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များ အနက်မှ လူ့အခွင့်အရေး အသိပညာပေး ရှင်းလင်းဆွေးနွေး ဟောပြောပွဲများ၊ လူ့အခွင့်အရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ/ သင်တန်းများနှင့် လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာပို့ချမှုများဟူ၍ အဓိက အားဖြင့် ကဏ္ဍ ၃ ခု ခွဲခြားဆောင်ရွက်လျက်ရှိပါသည်။

### လူ့အခွင့်အရေးအသိပညာပေးရှင်းလင်းဆွေးနွေးဟောပြောပွဲ

၉။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအတွင်း လူ့အခွင့်အရေးအသိပညာဗဟုသုတ တိုးတက်မြင့်မားလာစေရန်နှင့် စီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းအားထုတ်ဆောင်ရွက်ရာတွင် စီးပွားရေးနှင့် လူ့အခွင့်အရေး၏ အရေးကြီးမှုကို သတိပြုစေရန် ရည်ရွယ်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင် အသင်းချုပ်တို့ ပူးပေါင်းပြီး စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ သိကောင်းစရာ ဆွေးနွေးဟောပြောပွဲကို ၂၃-၁-၂၀၂၄ ရက်နေ့တွင် ကုန်သည်စက်မှုအသင်းချုပ် မင်္ဂလာခန်းမ၌ တက်ရောက်သူဦးရေ ၂၀၀ ဦးဖြင့် ကျင်းပပြုလုပ်ခဲ့ပြီး ကော်မရှင်ရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်း၊ ညွှန်ကြားရေးမှူး ဦးသူရကျော်နှင့် ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးတို့က အောက်ပါ အကြောင်းအရာများ ဆွေးနွေးဟောပြောခဲ့ပါသည်-

- (က) စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ လမ်းညွှန်အခြေခံမှုများ၊
- (ခ) စီးပွားရေး၊ လူ့အခွင့်အရေးနှင့် ပတ်သက်သည့်အမှုများအပေါ် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ ဆောင်ရွက်ချက်များ၊
- (ဂ) အရှေ့တောင်အာရှဒေသတွင်း လူ့အခွင့်အရေးအဖွဲ့အစည်းများတွင် စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာဆောင်ရွက်ချက်များ။

၁၀။ နိုင်ငံတော်၏ လူ့ဘောင်အဖွဲ့အစည်းအတွင်း အရေးကြီးသော ကျန်းမာရေးကဏ္ဍတွင် အဓိက တာဝန်ယူဆောင်ကြဉ်းပေးလျက်ရှိသည့် ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ အပါအဝင် သူနာပြုလောင်းများအနေဖြင့် လူသားတို့၏ အသက်ရှင်သန်ခွင့်အပေါ်လေးစားပြီး အများပြည်သူ

တို့၏ ကျန်းမာရေးကို စွမ်းစွမ်းတမံစောင့်ရှောက်ပေးနိုင်စေရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှု အခွင့်အရေးဆိုင်ရာ ဆွေးနွေးဟောပြောပွဲများကို သူနာပြုတက္ကသိုလ် (ရန်ကုန်) ၌ ၂၉-၂-၂၀၂၄ ရက်နေ့တွင် တက်ရောက်သူ ၄၅၀ ဦးဖြင့်လည်းကောင်း၊ သူနာပြုတက္ကသိုလ် (မန္တလေး) ၌ ၄-၃-၂၀၂၄ ရက်နေ့တွင် တက်ရောက်သူ ၂၆၀ ဦးဖြင့်လည်းကောင်း ကျင်းပပြုလုပ်ခဲ့ပြီး ကော်မရှင်ရုံးမှ ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးနှင့် ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်တို့က အောက်ပါအကြောင်းအရာများ ဆွေးနွေးဟောပြောခဲ့ပါသည်-

(က) လူ့အခွင့်အရေးဆိုင်ရာ အကြောင်းအရာများ၊

(ခ) ကျန်းမာရေးစောင့်ရှောက်မှု အခွင့်အရေးဆိုင်ရာ အကြောင်းအရာများ။

၁၁။ ကော်မရှင်သည် မြန်မာစာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းရုံး (နေပြည်တော်) ရှိ စီမံကိန်း အဖွဲ့ဝင်များအား လူ့အခွင့်အရေး အသိပညာများ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်ပြီး လူ့အခွင့်အရေး အသိပညာပေးဆွေးနွေးဟောပြောပွဲကို ၂၅-၇-၂၀၂၄ ရက်နေ့တွင် မြန်မာစာ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းရုံး (နေပြည်တော်) ၌ တက်ရောက်သူဦးရေ ၅၈ ဦးဖြင့် ကျင်းပပြုလုပ်ခဲ့ပြီး ကော်မရှင်မှ အဖွဲ့ဝင် ဒေါက်တာသန်းမြင့်နှင့် ကော်မရှင်ရုံး၊ ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးတို့က အောက်ပါ အကြောင်းအရာများ ရှင်းလင်းဟောပြောခဲ့ပါသည်-

(က) Artificial Intelligence (AI) & Human Rights

(ခ) လူ့အခွင့်အရေးအခြေခံအယူအဆ

၁၂။ အဆင့်မြင့်အရာရှိကြီးများ ဆွေးနွေးမှုကို မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်တွင် ၂၁-၁၁-၂၀၂၄ ရက်နေ့မှ ၂၂-၁၁-၂၀၂၄ ရက်နေ့အထိ ကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယ ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ဌာနအသီးသီးမှ ဌာနတာဝန်ခံ ညွှန်ကြားရေးမှူးများ ပါဝင်တက်ရောက်ခဲ့ကြပါသည်။ အဆိုပါဆွေးနွေးပွဲတွင် အဓိကအနေဖြင့် လူ့အခွင့်အရေးဆိုင်ရာ ပြဿနာများနှင့်ပက်သက်သည့် လူ့အခွင့်အရေးကော်မရှင်၏ တာဝန်များ၊ လူ့အခွင့်အရေးဆိုင်ရာ အကောင်အထည်ဖော်မည့် လုပ်ငန်းတာဝန်များ အပါအဝင် လူ့အခွင့်အရေး ဆိုင်ရာမြှင့်တင်ခြင်းနှင့် ကာကွယ်ရေးလုပ်ငန်းများအတွက် ရှေ့ဆက်အကောင်ထည်ဖော်မည့် လုပ်ငန်းများအကြောင်း ဆွေးနွေးခဲ့ကြပါသည်။

**ဇယား (၁)- လူ့အခွင့်အရေးအသိပညာပေး ရှင်းလင်းဆွေးနွေးဟောပြောမှု**

| စဉ် | အကြောင်းအရာ | နေရာ | တက်ရောက်သူဦးရေ |
|---|---|---|---|
| ၁။ | စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ သိကောင်းစရာ ဆွေးနွေးဟောပြောပွဲ | ကုန်သည်စက်မှုအသင်း ချုပ် (မင်္ဂလာခန်းမ) | ၂၀၀ ဦး |

| | | | |
|---|---|---|---|
| ၂။ | ကျန်းမာရေးစောင့်ရှောက်မှု အခွင့်အရေးဆိုင်ရာ ဆွေးနွေးဟောပြောပွဲ | သူနာပြုတက္ကသိုလ် (ရန်ကုန်) | ၄၅၀ ဦး |
| | | သူနာပြုတက္ကသိုလ် (မန္တလေး) | ၂၆၀ ဦး |
| ၃။ | လူ့အခွင့်အရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးဟောပြောပွဲ | မြန်မာစာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းရုံး (နေပြည်တော်) | ၅၈ ဦး |
| ၄။ | အဆင့်မြင့်အရာရှိကြီးများ ဆွေးနွေးပွဲ | မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် | ၂၀ ဦး |

**လူ့အခွင့်အရေး ဘာသာရပ်ဆိုင်ရာ သင်ခန်းစာပို့ချခြင်း**

၁၃။ လူ့အခွင့်အရေးဘာသာရပ်ဆိုင်ရာ သင်ခန်းစာပို့ချမှုများကို အောက်ပါသင်တန်းများတွင် ဆောင်ရွက်ခဲ့ပါသည်-

**(က) ကာကွယ်ရေးဝန်ကြီးဌာနမှ ဖွင့်လှစ်သော သင်တန်းများ**

(၁) **နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် (နေပြည်တော်)။** နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်သင်တန်းအမှတ်စဉ် (၂၃) သို့ တက်ရောက်နေသော သင်တန်းသားအရာရှိကြီးဦးရေ ၁၀၀ ဦးတို့အား မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်မှ ဥက္ကဋ္ဌ ဦးပေါ်လွင်စိန် ၈-၈-၂၀၂၄ ရက်နေ့တွင် လူ့အခွင့်အရေးအခြေခံအယူအဆ၊ ကမ္ဘာ့လူ့အခွင့် ကြေညာစာတမ်း(UDHR)၊ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးယန္တရား၊ အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများ ထူထောင်မှု (Establishment of NHRIs) နှင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ လုပ်ငန်းတာဝန်များစသည့် ဘာသာရပ်သင်ခန်းစာများကို ရှင်းလင်းဆွေးနွေးပို့ချခြင်း။

(၂) **စစ်ဦးစီးတက္ကသိုလ်(ကလော)။** စစ်ဦးစီးတက္ကသိုလ် သင်တန်းအမှတ်စဉ် (၇၁) သို့ တက်ရောက်နေသော သင်တန်းသား အရာရှိကြီး ၂၂၃ ဦးတို့ အား ၂၂-၂-၂၀၂၄ ရက်နေ့တွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ အဖွဲ့ဝင် ဒေါက်တာသန်းမြင့်နှင့် ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးတို့က သင်ခန်းစာ သွားရောက်ပို့ချခြင်း၊

(၃) **တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဘုရင့်နောင်)။** ခြေလျင်တပ်ရင်းမှူးသင်တန်းအမှတ်စဉ် (၅၄) သို့ တက်ရောက်နေသော သင်တန်းသားအရာရှိ ၆၂ ဦးတို့အား ၁၀-၁-၂၀၂၄ ရက်နေ့တွင် မြန်မာနိုင်ငံ အမျိုးသား

လူ့အခွင့်အရေး ကော်မရှင်မှ အဖွဲ့ဝင် ဒေါက်တာသန်းမြင့်နှင့် ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးတို့က Online Platform အသုံးပြု၍ သင်ခန်းစာ ပို့ချခြင်း၊

(၄) **တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဗထူး)**။ ခြေလျင်တပ်ရင်းမှူး သင်တန်းအမှတ်စဉ် (၁၁၂) နှင့် (၁၁၃) သို့ သင်တန်းသားအရာရှိ ၁၁၈ ဦးနှင့် ခြေလျင်တပ်ခွဲမှူးသင်တန်း အမှတ်စဉ် (၂၂၁) သို့ သင်တန်းသားအရာရှိ ၁၁၁ ဦး၊ စုစုပေါင်း သင်တန်းသားအရာရှိ ၂၂၉ ဦးတို့အား ၇-၂-၂၀၂၄ ရက်နေ့တွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ အဖွဲ့ဝင် ဒေါက်တာ သန်းမြင့်နှင့် ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးတို့က Online Platform အသုံး ပြု၍ သင်ခန်းစာပို့ချခြင်း၊

(၅) **တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဘုရင့်နောင်)**။ ခြေလျင် တပ်ခွဲမှူးသင်တန်းအမှတ်စဉ် (၉၅) နှင့် (၉၆) တို့သို့ တက်ရောက်နေသော သင်တန်းသားအရာရှိ ၂၂၁ ဦးတို့အား ၈-၂-၂၀၂၄ ရက်နေ့တွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ အဖွဲ့ဝင် ဒေါက်တာ မြင့်သူမြိုင်၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်နှင့် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇင်မင်းသက်လွင်တို့က Online Platform အသုံးပြု၍ သင်ခန်းစာ ပို့ချခြင်း၊

(၆) **တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဘုရင့်နောင်)**။ ခြေလျင် တပ်ရင်းမှူးသင်တန်းအမှတ်စဉ် (၅၅) သို့ တက်ရောက်နေသော သင်တန်း သား အရာရှိ ၅၆ ဦးတို့အား ၂၁-၂-၂၀၂၄ ရက်နေ့တွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ အဖွဲ့ဝင် ဒေါက်တာ မြင့်သူမြိုင်နှင့် ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းတို့က Online Platform အသုံးပြု၍ သင်ခန်းစာ ပို့ချခြင်း၊

(၇) **တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဗထူး)**။ ခြေလျင်တပ်ရင်း မှူးသင်တန်းအမှတ်စဉ် (၁၁၄) နှင့် (၁၁၅) သို့ သင်တန်းသားအရာရှိ ၁၁၈ ဦးနှင့် ခြေလျင်တပ်ခွဲမှူးသင်တန်းအမှတ်စဉ် (၂၂၂) သို့ သင်တန်းသား အရာရှိ ၈၀ ဦး၊ စုစုပေါင်း သင်တန်းသား အရာရှိ ၁၉၈ ဦးတို့အား ၂၀-၃-၂၀၂၄ ရက်နေ့တွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ အဖွဲ့ဝင် ဒေါက်တာသန်းမြင့်နှင့် ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးတို့က Online Platform အသုံးပြု၍ သင်ခန်းစာ ပို့ချခြင်း၊

(၈) **တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဘုရင့်နောင်)**။ ခြေလျင်တပ်ခွဲမှူးသင်တန်းအမှတ်စဉ် (၉၇) နှင့် (၉၈) တို့သို့ တက်ရောက်နေသော သင်တန်းသားအရာရှိ ၁၆၇ ဦးတို့အား ၂၁-၃-၂၀၂၄ ရက်နေ့တွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ အဖွဲ့ဝင် ဒေါက်တာ သန်းမြင့်နှင့် ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးတို့က Online Platform အသုံးပြု၍ သင်ခန်းစာ ပို့ချခြင်း။

(၉) **တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဘုရင့်နောင်)**။ ခြေလျင်တပ်ရင်းမှူးသင်တန်းအမှတ်စဉ် (၅၆) သို့ တက်ရောက်နေသော သင်တန်းသား အရာရှိဦးရေ ၅၉ ဦးတို့အား ၁၀-၇-၂၀၂၄ ရက်နေ့တွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ အဖွဲ့ဝင် ဒေါက်တာ မြင့်သူမြိုင်နှင့် ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်တို့က Online Platform ဖြင့် သင်ခန်းစာ ပို့ချခြင်း။

(၁၀) **တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဗထူး)**။ ခြေလျင်တပ်ရင်းမှူး သင်တန်းအမှတ်စဉ် (၁၁၆) နှင့် (၁၁၇) နှင့် ခြေလျင်တပ်ခွဲမှူး သင်တန်း အမှတ်စဉ် (၂၂၃) တို့သို့ စုစုပေါင်းသင်တန်း သားအရာရှိ ဦးရေ ၂၃၁ ဦးတို့အား ၇-၈-၂၀၂၄ ရက်နေ့တွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ အဖွဲ့ဝင် ဒေါက်တာသန်းမြင့်နှင့် ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးတို့က Online Platform ဖြင့် သင်ခန်းစာ ပို့ချခြင်း၊

(၁၁) **တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဘုရင့်နောင်)**။ ခြေလျင်တပ်ခွဲမှူးသင်တန်းအမှတ်စဉ် (၉၉) နှင့် (၁၀၀) တို့သို့ တက်ရောက်နေသော သင်တန်းသားအရာရှိ ဦးရေ ၂၀၆ ဦးတို့အား ၈-၈-၂၀၂၄ ရက်နေ့တွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ အဖွဲ့ဝင် ဒေါက်တာ မြင့်သူမြိုင်နှင့် ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင် တို့က Online Platform ဖြင့် သင်ခန်းစာ ပို့ချခြင်း၊

(၁၂) **တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဘုရင့်နောင်)**။ ခြေလျင်တပ်ရင်းမှူးသင်တန်းအမှတ်စဉ် (၅၇) သို့ တက်ရောက်နေသော သင်တန်းသားအရာရှိ ဦးရေ ၅၉ ဦးတို့အား ၂၁-၈-၂၀၂၄ ရက်နေ့တွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ အဖွဲ့ဝင် ဒေါက်တာသန်းမြင့်နှင့် ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးတို့က Online Platform ဖြင့် သင်ခန်းစာ ပို့ချခြင်း၊

(၁၃) **တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဘုရင့်နောင်)**။ ခြေလျင်တပ်ခွဲမှူးသင်တန်းအမှတ်စဉ် (၁၀၁) နှင့် (၁၀၂) တို့သို့ တက်ရောက်နေသော သင်တန်းသားအရာရှိ ဦးရေ ၂၁၀ ဦး တို့အား ၃-၉-၂၀၂၄ ရက်နေ့တွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ အဖွဲ့ဝင် ဒေါက်တာ မြင့်သူမြိုင်နှင့် ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်တို့က Online Platform ဖြင့် သင်ခန်းစာ ပို့ချခြင်း၊

(၁၄) **တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဘုရင့်နောင်)**။ ခြေလျင်တပ်ရင်းမှူးသင်တန်းအမှတ်စဉ် (၅၈) သို့ တက်ရောက်နေသော သင်တန်းသားအရာရှိ ဦးရေ ၅၅ ဦးတို့အား ၁-၁၀-၂၀၂၄ ရက်နေ့တွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ အဖွဲ့ဝင် ဒေါက်တာသန်းမြင့်နှင့် ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးတို့က Online Platform ဖြင့် သင်ခန်းစာ ပို့ချခြင်း၊

(၁၅) **တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဗထူး)**။ ခြေလျင်တပ်ရင်းမှူးသင်တန်းအမှတ်စဉ် (၁၂၀)၊ (၁၂၁) နှင့် ခြေလျင်တပ်ခွဲမှူး သင်တန်းအမှတ်စဉ် (၂၂၅) တို့သို့ စုစုပေါင်း သင်တန်းသားအရာရှိ ဦးရေ ၂၀၂ ဦးတို့အား ၃၀-၁၀-၂၀၂၄ ရက်နေ့တွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်မှ အဖွဲ့ဝင် ဒေါက်တာသန်းမြင့်နှင့် ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးတို့က Online Platform ဖြင့် သင်ခန်းစာ ပို့ချခြင်း၊

(၁၆) **တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဘုရင့်နောင်)**။ ခြေလျင်တပ်ခွဲမှူးသင်တန်းအမှတ်စဉ် (၁၀၃) နှင့် (၁၀၄) တို့သို့ တက်ရောက်နေသော သင်တန်းသားအရာရှိ ဦးရေ ၁၉၅ ဦးတို့အား ၃၁-၁၀-၂၀၂၄ ရက်နေ့တွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ အဖွဲ့ဝင် ဒေါက်တာ မြင့်သူမြိုင်နှင့် ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင် တို့က Online Platform ဖြင့် သင်ခန်းစာ ပို့ချခြင်း၊

(၁၇) **တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဘုရင့်နောင်)**။ ခြေလျင်တပ်ရင်းမှူးသင်တန်းအမှတ်စဉ် (၅၉) သို့ တက်ရောက်နေသော သင်တန်းသားအရာရှိ ဦးရေ ၅၇ ဦးတို့အား ၂၀-၁၁-၂၀၂၄ ရက်နေ့တွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ အဖွဲ့ဝင် ဒေါက်တာသန်းမြင့်နှင့် ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးတို့က Online Platform ဖြင့် သင်ခန်းစာ ပို့ချခြင်း၊

(၁၈) **တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဗထူး)**။ ခြေလျင်တပ်ရင်း မှူး သင်တန်းအမှတ်စဉ် (၁၂၂)၊ (၁၂၃)နှင့် ခြေလျင်တပ်ခွဲမှူးသင်တန်း အမှတ်စဉ် (၂၂၆) တို့သို့ စုစုပေါင်းသင်တန်း သားအရာရှိ ဦးရေ ၂၀၉ ဦးတို့အား ၁၈-၁၂-၂၀၂၄ ရက်နေ့တွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် မှ အဖွဲ့ဝင် ဒေါက်တာသန်းမြင့်နှင့် ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးတို့က Online Platform ဖြင့် သင်ခန်းစာပို့ချခြင်း၊

(၁၉) **တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဘုရင့်နောင်)**။ ခြေလျင် တပ်ခွဲမှူးသင်တန်းအမှတ်စဉ် (၁၀၅) နှင့် (၁၀၆) တို့သို့ တက်ရောက်နေသော သင်တန်းသားအရာရှိ ဦးရေ ၁၆၂ ဦးတို့အား ၁၉-၁၂-၂၀၂၄ ရက်နေ့တွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ အဖွဲ့ဝင် ဒေါက်တာ မြင့်သူမြိုင်နှင့် ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင် တို့က Online Platform ဖြင့် သင်ခန်းစာ ပို့ချခြင်း၊

**မှတ်ချက်။** စစ်ဦးစီးတက္ကသိုလ်သင်တန်းတွင် လူ့အခွင့်အရေး အခြေခံအယူအဆများ၊ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဖွဲ့စည်းခြင်းနှင့် လုပ်ငန်း ဆောင်ရွက်ချက်များအကြောင်း၊ ကမ္ဘာလူ့အခွင့်အရေး ကြေညာစာတမ်း၊ နိုင်ငံတော်နှင့် ပြည်သူ့တာဝန်၊ ကုလသမဂ္ဂလူ့အခွင့် အရေးယန္တရားနှင့် ကမ္ဘာ့ နိုင်ငံများ၏ လူ့အခွင့်အရေး အခြေအနေများကို ပုံမှန်သုံးသပ်သည့် လုပ်ငန်း စဉ်စသည့် ဘာသာရပ်များအားလည်းကောင်း၊ တပ်ရင်းမှူးနှင့် တပ်ခွဲမှူး သင်တန်းများတွင် လူ့အခွင့်အရေး အခြေခံအယူအဆများ၊ ကမ္ဘာလူ့အခွင့် အရေးကြေညာစာတမ်း၊ အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးစာချုပ်ကြီး (၉) ခု၊ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဖွဲ့စည်းခြင်းနှင့် လုပ်ငန်း ဆောင်ရွက်ချက်များစသည့်ဘာသာရပ်များအားလည်းကောင်း ပို့ချခဲ့ပါသည်။

ဇယား- (၂) ကာကွယ်ရေးဝန်ကြီးဌာနတွင် ဖွင့်လှစ်သော သင်တန်းများ၌ သင်ခန်းစာ ပို့ချမှုများ

| စဉ် | အကြောင်းအရာ | နေရာ | တက်ရောက်သူဦးရေ |
|---|---|---|---|
| ၁ | နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် သင်တန်းအမှတ်စဉ် (၂၃) | နေပြည်တော် | ၁၀၀ ဦး |
| ၂ | စစ်ဦးစီးတက္ကသိုလ် သင်တန်းအမှတ်စဉ် (၇၁) | ကလော | ၂၂၃ ဦး |
| တပ်မတော်(ကြည်း)တိုက်ခိုက်ရေးကျောင်း (ဗထူး/ဘုရင့်နောင်) | | | |
| ၃ | ခြေလျင်တပ်ရင်းမှူးသင်တန်းအမှတ်စဉ် (၅၄) | ဘုရင့်နောင် | ၆၂ ဦး |
| ၄ | ခြေလျင်တပ်ရင်းမှူးသင်တန်းအမှတ်စဉ် (၁၁၂၊၁၁၃) | ဗထူး | ၁၁၈ ဦး |
| ၅ | ခြေလျင်တပ်ခွဲမှူးသင်တန်းအမှတ်စဉ် (၂၂၁) | | ၁၁၁ ဦး |
| ၆ | ခြေလျင်တပ်ခွဲမှူးသင်တန်းအမှတ်စဉ် (၉၅၊ ၉၆) | ဘုရင့်နောင် | ၂၂၁ ဦး |
| ၇ | ခြေလျင်တပ်ရင်းမှူးသင်တန်းအမှတ်စဉ် (၅၅) | | ၅၆ ဦး |
| ၈ | ခြေလျင်တပ်ရင်းမှူးသင်တန်းအမှတ်စဉ် (၁၁၄၊၁၁၅) | ဗထူး | ၁၁၈ ဦး |
| ၉ | ခြေလျင်တပ်ခွဲမှူးသင်တန်းအမှတ်စဉ် (၂၂၂) | | ၈၀ ဦး |
| ၁၀ | ခြေလျင်တပ်ခွဲမှူးသင်တန်းအမှတ်စဉ် (၉၇၊ ၉၈) | ဘုရင့်နောင် | ၁၆၇ ဦး |
| ၁၁ | ခြေလျင်တပ်ရင်းမှူးသင်တန်းအမှတ်စဉ် (၅၆) | | ၅၉ ဦး |
| ၁၂ | ခြေလျင်တပ်ရင်းမှူးသင်တန်းအမှတ်စဉ်(၁၁၆၊၁၁၇) | ဗထူး | ၁၂၄ ဦး |
| ၁၃ | ခြေလျင်တပ်ခွဲမှူးသင်တန်းအမှတ်စဉ် (၂၂၃) | | ၁၀၇ ဦး |
| ၁၄ | ခြေလျင်တပ်ခွဲမှူးသင်တန်းအမှတ်စဉ် (၉၉၊ ၁၀၀) | ဘုရင့်နောင် | ၂၀၆ ဦး |
| ၁၅ | ခြေလျင်တပ်ရင်းမှူးသင်တန်းအမှတ်စဉ် (၅၇) | | ၅၉ ဦး |
| ၁၆ | ခြေလျင်တပ်ခွဲမှူးသင်တန်းအမှတ်စဉ် (၁၀၁၊ ၁၀၂) | | ၂၁၀ ဦး |
| ၁၇ | ခြေလျင်တပ်ရင်းမှူးသင်တန်းအမှတ်စဉ် (၅၈) | | ၅၅ ဦး |
| ၁၈ | ခြေလျင်တပ်ရင်းမှူးသင်တန်းအမှတ်စဉ် (၁၂၀၊ ၁၂၁) | ဗထူး | ၁၁၂ ဦး |
| ၁၉ | ခြေလျင်တပ်ခွဲမှူးသင်တန်းအမှတ်စဉ် (၂၂၅) | | ၉၀ ဦး |
| ၂၀ | ခြေလျင်တပ်ခွဲမှူးသင်တန်းအမှတ်စဉ် (၁၀၃၊ ၁၀၄) | ဘုရင့်နောင် | ၁၉၅ ဦး |
| ၂၁ | ခြေလျင်တပ်ရင်းမှူးသင်တန်းအမှတ်စဉ် (၅၉) | | ၅၇ ဦး |
| ၂၂ | ခြေလျင်တပ်ရင်းမှူးသင်တန်းအမှတ်စဉ် (၁၂၂၊ ၁၂၃) | ဗထူး | ၁၂၀ ဦး |
| ၂၃ | ခြေလျင်တပ်ခွဲမှူးသင်တန်းအမှတ်စဉ် (၂၂၆) | | ၉၈ ဦး |
| ၂၄ | ခြေလျင်တပ်ခွဲမှူးသင်တန်းအမှတ်စဉ် (၁၀၅၊ ၁၀၆) | ဘုရင့်နောင် | ၁၆၂ ဦး |
| စုစုပေါင်း | | | ၂၉၁၀ ဦး |

(ခ) **ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ ဖွင့်လှစ်သော သင်တန်းများတွင် သင်ခန်းစာ ပို့ချခြင်း**

(၁) **နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)**။ အခြေခံပညာဆရာ/ ဆရာမများအထူးမွမ်းမံသင်တန်း အမှတ်စဉ် (၁၀၄)၊ သင်တန်းသား/ သူ ၄၀၀ ဦးတို့အား ၃၀-၁-၂၀၂၄ ရက်နေ့တွင် ကော်မရှင်ရုံး ဒုတိယ ညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်က သင်ခန်းစာ သွားရောက်ပို့ချခြင်း၊

(၂) **နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)**။ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး သင်တန်းအမှတ်စဉ် (၁၅)၊ သင်တန်းသား/ သူ ၂၃ ဦးနှင့် အဆင့်မြင့်အရာထမ်းသင်တန်း အမှတ်စဉ် (၁၇)၊ သင်တန်းသား/ သူ ၃၈ ဦး၊ စုစုပေါင်း သင်တန်းသား ၆၁ ဦးတို့အား ၂၁-၆-၂၀၂၄ ရက်နေ့တွင် ကော်မရှင်ရုံး ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းက သင်ခန်းစာ သွားရောက်ပို့ချခြင်း၊

(၃) **နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)**။ အခြေခံပညာ ဆရာ/ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ် (၁၀၅) ၊ သင်တန်းသား/သူ ၃၅၂ ဦးတို့အား၂-၇-၂၀၂၄ ရက်နေ့တွင် ကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်က သင်ခန်းစာ သွားရောက်ပို့ချခြင်း၊

(၄) **နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)**။ အခြေခံပညာဆရာ/ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ် (၁၀၆)၊ သင်တန်းသား/ သူ ၃၉၃ ဦးတို့အား ၂၀-၈-၂၀၂၄ ရက်နေ့တွင် ကော်မရှင်ရုံး ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းက သင်ခန်းစာ သွားရောက်ပို့ချခြင်း၊

(၅) **နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)**။ အဆင့်မြင့်အရာထမ်း သင်တန်းအမှတ်စဉ် (၁၈)၊ သင်တန်းသား/သူ ၄၁ ဦးတို့အား ၂၈-၈-၂၀၂၄ ရက်နေ့တွင် ကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းက Online Platform ဖြင့် သင်ခန်းစာ ပို့ချခြင်း၊

(၆) **နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)**။ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးသင်တန်းအမှတ်စဉ် (၁၀) နှင့် အဆင့်မြင့် အရာထမ်း သင်တန်းအမှတ်စဉ် (၂၄)၊ သင်တန်းသား/သူ ၆၃ ဦးတို့အား ၃-၉-၂၀၂၄ ရက်နေ့တွင် ကော်မရှင်အဖွဲ့ဝင်များ ဖြစ်ကြသည့် ဒေါက်တာသန်းမြင့် နှင့် ဒေါက်တာတင်မောင်မောင်သန်းတို့က သင်ခန်းစာ သွားရောက်ပို့ချခြင်း၊

(၇) **နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)**။ အခြေခံပညာဆရာ/ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ် (၁၀၇)၊ သင်တန်းသား/ သူ ၃၉၁ ဦးတို့

အား ၇-၁၁-၂၀၂၄ ရက်နေ့တွင် ကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်က သင်ခန်းစာ သွားရောက်ပို့ချခြင်း၊

(၈) **နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)**။ အဆင့်မြင့်အရာထမ်း သင်တန်းအမှတ်စဉ် (၂၅)၊ သင်တန်းသား/သူ ၄၀ ဦးတို့အား ၁၃-၁၁-၂၀၂၄ ရက်နေ့တွင် ကော်မရှင် အဖွဲ့ဝင်များဖြစ်ကြသည့် ဒေါက်တာ သန်းမြင့်နှင့် ဒေါက်တာ တင်မောင်မောင်သန်းတို့က သင်ခန်းစာ သွားရောက်ပို့ချခြင်း၊

(၉) **နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)**။ အခြေခံပညာဆရာ/ ဆရာမ များ အထူးမွမ်းမံသင်တန်းအမှတ်စဉ် (၁၀၈) ၊ သင်တန်းသား/ သူ ၃၉၄ ဦးတို့ အား ၁၁-၁၂-၂၀၂၄ ရက်နေ့တွင် ကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းက သင်ခန်းစာ သွားရောက်ပို့ချခြင်း၊

**မှတ်ချက်။** အခြေခံပညာဆရာ/ဆရာမများ အထူးမွမ်းမံသင်တန်းတွင် ကလေးသူငယ် များ၏ အခွင့်အရေးဘာသာရပ်ကိုလည်းကောင်း၊ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးသင်တန်းနှင့် အဆင့်မြင့်အရာထမ်းသင်တန်းတို့တွင် လူ့အခွင့် အရေး အခြေခံအယူအဆများ၊ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း၊ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဖွဲ့စည်းခြင်းနှင့် လုပ်ငန်း ဆောင်ရွက်ချက်များ၊ နိုင်ငံတော်နှင့် ပြည်သူ့တာဝန်၊ ကုလသမဂ္ဂလူ့အခွင့် အရေးယန္တရားနှင့် ကမ္ဘာ့နိုင်ငံများ၏ လူ့အခွင့်အရေးအခြေအနေများကို ပုံမှန်သုံးသပ်သည့် လုပ်ငန်းစဉ် စသည့် ဘာသာရပ်များအား ပို့ချခဲ့ပါသည်။

ဇယား- (၃) ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ ဖွင့်လှစ်သော သင်တန်းများတွင် သင်ခန်းစာ ပို့ချမှုများ

| စဉ် | အကြောင်းအရာ | နေရာ | တက်ရောက်သူ ဦးရေ |
|---|---|---|---|
| ၁ | အခြေခံပညာဆရာမ/ဆရာများ အထူးမွမ်းမံသင်တန်းအမှတ်စဉ် (၁၀၄) | နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) | ၄၀၀ ဦး |
| ၂ | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးသင်တန်း အမှတ်စဉ် (၁၅) | နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) | ၂၃ ဦး |
| ၃ | အဆင့်မြင့်အရာထမ်းသင်တန်းအမှတ်စဉ်(၁၇) | | ၃၈ ဦး |
| ၄ | အခြေခံပညာဆရာမ/ဆရာများ အထူးမွမ်းမံသင်တန်းအမှတ်စဉ် (၁၀၅) | နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) | ၃၅၂ ဦး |
| ၅ | အခြေခံပညာဆရာမ/ဆရာများ အထူးမွမ်းမံသင်တန်းအမှတ်စဉ် (၁၀၆) | | ၃၉၃ ဦး |
| ၆ | အဆင့်မြင့်အရာထမ်းသင်တန်းအမှတ်စဉ်(၁၈) | နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) | ၄၁ ဦး |
| ၇ | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးသင်တန်း အမှတ်စဉ် (၁၀) | နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) | ၂၁ ဦး |
| ၈ | အဆင့်မြင့်အရာထမ်းသင်တန်းအမှတ်စဉ် (၂၄) | | ၄၂ ဦး |
| ၉ | အခြေခံပညာဆရာမ/ဆရာများ အထူးမွမ်းမံသင်တန်းအမှတ်စဉ် (၁၀၇) | နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) | ၃၉၁ ဦး |
| ၁၀ | အဆင့်မြင့်အရာထမ်းသင်တန်းအမှတ်စဉ် (၂၅) | | ၄၀ ဦး |
| ၁၁ | အခြေခံပညာဆရာမ/ဆရာများ အထူးမွမ်းမံသင်တန်းအမှတ်စဉ် (၁၀၈) | | ၃၉၄ ဦး |
| စုစုပေါင်း | | | ၂၁၃၅ ဦး |

(ဂ) **မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဖွင့်လှစ်သော သင်တန်းများတွင် သင်ခန်းစာပို့ချခြင်း**

(၁) **မှုခင်းမှတ်တမ်း (အရာရှိ) သင်တန်း၊ တိုက်ပွဲဝင်စည်းရုံးရေး (အရာရှိ) သင်တန်း။** မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲအရာရှိအတတ်သင်ကျောင်း (မန္တလေး)၊ မှုခင်းမှတ်တမ်း (အရာရှိ) သင်တန်းအမှတ်စဉ် (၁၈/ ၂၀၂၃) တွင် တက်ရောက်နေသော သင်တန်းသား ၁၀၀ ဦးနှင့် တိုက်ပွဲဝင် စည်းရုံးရေး (အရာရှိ) သင်တန်းအမှတ်စဉ် (၃/ ၂၀၂၃) တွင် တက်ရောက်နေသော သင်တန်းသား ၅၀ ဦး စုစုပေါင်းသင်တန်းသား အရာရှိ ၁၅၀ ဦးတို့အား ကော်မရှင်ရုံး ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးက ၂၅-၁-၂၀၂၄ ရက်နေ့တွင် သင်ခန်းစာ သွားရောက်ပို့ချခြင်း၊

(၂) **နယ်ထိန်း(အရာရှိ)သင်တန်း။** မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲအရာရှိအတတ်သင်ကျောင်း (မန္တလေး)၊ နယ်ထိန်း (အရာရှိ) သင်တန်းအမှတ်စဉ် (၃၅/ ၂၀၂၃) တွင် တက်ရောက်နေသော သင်တန်းသား အရာရှိ ၁၀၀ ဦးအား ကော်မရှင်ရုံး ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးက ၁၅-၂-၂၀၂၄ ရက်နေ့ တွင် သင်ခန်းစာ သွားရောက်ပို့ချခြင်း၊

(၃) **မြို့နယ်ရဲတပ်ဖွဲ့မှူးသင်တန်း။** မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲအရာရှိအတတ်သင် ကျောင်း (မန္တလေး)၊ မြို့နယ်ရဲတပ်ဖွဲ့မှူး သင်တန်းအမှတ်စဉ် (၆၃/ ၂၀၂၃) တွင် တက်ရောက်နေသော သင်တန်းသားအရာရှိ ၄၃ ဦးအား ကော်မရှင်ရုံး ညွှန်ကြားရေးမှူး ဦးသူရကျော်က ၂၂-၂-၂၀၂၄ ရက်နေ့တွင် သင်ခန်းစာ သွားရောက် ပို့ချခြင်း၊

(၄) **စုံထောက် (အရာရှိ) သင်တန်း။** မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မှုခင်းရဲတပ်ဖွဲ့၊ လေ့ကျင့်ရေးဌာနခွဲ (အင်းစိန်)၊ စုံထောက်အရာရှိသင်တန်းအမှတ်စဉ် (၁၉၄ / ၂၀၂၃) တွင် တက်ရောက်နေသော သင်တန်းသားအရာရှိ ၁၂၀ ဦးအား ကော်မရှင်ရုံး ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးက ၂၅-၃-၂၀၂၄ ရက်နေ့တွင် သင်ခန်းစာ သွားရောက်ပို့ချခြင်း၊

(၅) **အမှုစစ် (အရာရှိ) သင်တန်း။** မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲအရာရှိအတတ်သင် ကျောင်း (မန္တလေး)၊ အမှုစစ် (အရာရှိ) သင်တန်းအမှတ်စဉ် (၇၉/ ၂၀၂၄) တွင် တက်ရောက်နေသော သင်တန်းသားအရာရှိ ၁၃၉ ဦးအား ကော်မရှင်ရုံး ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးက ၉-၅-၂၀၂၄ ရက်နေ့တွင် သင်ခန်းစာ သွားရောက် ပို့ချခြင်း၊

(၆) **ခရိုင်ရဲတပ်ဖွဲ့မှူးသင်တန်း။** မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲအရာရှိအတတ်သင်ကျောင်း (မန္တလေး)၊ ခရိုင်ရဲတပ်ဖွဲ့မှူးသင်တန်းအမှတ်စဉ် (၈/၂၀၂၄) တွင် တက်ရောက်နေသော သင်တန်းသားအရာရှိ ၅၀ ဦးအား ကော်မရှင်ရုံး ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးက ၃၀-၅-၂၀၂၄ ရက်နေ့တွင် သင်ခန်းစာ သွား ရောက်ပို့ချခြင်း၊

(၇) **စခန်းမှူးသင်တန်း။** မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲအရာရှိအတတ်သင်ကျောင်း (မန္တလေး)၊ စခန်းမှူးသင်တန်းအမှတ်စဉ် (၆၉/၂၀၂၄) တွင် တက်ရောက်နေသော သင်တန်းသားအရာရှိ ၉၉ ဦးအား ကော်မရှင်ရုံး ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးက ၂၀-၆-၂၀၂၄ ရက်နေ့တွင် သင်ခန်းစာ သွားရောက် ပို့ချခြင်း၊

(၈) **အမှုစစ်(အရာရှိ)သင်တန်း။** မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲအရာရှိအတတ်သင်ကျောင်း (မန္တလေး)၊ အမှုစစ် (အရာရှိ) သင်တန်းအမှတ်စဉ် (၈၀/၂၀၂၄) တွင် တက်ရောက်နေသော သင်တန်းသားအရာရှိ ၂၀၆ ဦးအား ကော်မရှင်ရုံး ညွှန်ကြားရေးမှူး ဦးသူရကျော်က ၈-၈-၂၀၂၄ ရက်နေ့တွင် သင်ခန်းစာ သွားရောက်ပို့ချခြင်း၊

(၉) **စုံထောက်(အရာရှိ)သင်တန်း။** မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မှုခင်းရဲတပ်ဖွဲ့၊ လေ့ကျင့်ရေးဌာနခွဲ (အင်းစိန်)၊ စုံထောက် (အရာရှိ) သင်တန်းအမှတ်စဉ် (၁၉၅ / ၂၀၂၃) တွင် တက်ရောက်နေသော သင်တန်းသားအရာရှိ ၁၁၉ ဦး အား ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးဘုန်းကြွယ်က ၁၂-၈-၂၀၂၄ ရက်နေ့တွင် သင်ခန်းစာ သွားရောက်ပို့ချခြင်း၊

(၁၀) **တိုက်ပွဲဝင်စည်းရုံးရေး(အရာရှိ)သင်တန်း။** မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲအရာရှိအတတ်သင်ကျောင်း (မန္တလေး)၊ တိုက်ပွဲဝင်စည်းရုံးရေး (အရာရှိ) သင်တန်း အမှတ်စဉ် (၄/၂၀၂၄) တွင် တက်ရောက်နေသော သင်တန်းသားအရာရှိ ၄၉ ဦးအား ကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်က ၂၈-၈-၂၀၂၄ ရက်နေ့တွင် သင်ခန်းစာ သွားရောက်ပို့ချ ခြင်း၊

(၁၁) **မြို့နယ်ရဲတပ်ဖွဲ့မှူးသင်တန်း။** မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲအရာရှိအတတ်သင်ကျောင်း (မန္တလေး)၊ မြို့နယ်ရဲတပ်ဖွဲ့မှူး သင်တန်းအမှတ်စဉ် (၆၄/ ၂၀၂၃) တွင် တက်ရောက်နေသော သင်တန်းသားအရာရှိ ၄၈ ဦးအား ကော်မရှင်ရုံး ညွှန်ကြားရေးမှူး ဦးသူရကျော်က ၁၂-၉-၂၀၂၄ ရက်နေ့ တွင် သင်ခန်းစာ သွားရောက် ပို့ချခြင်း၊

(၁၂) **အမှုစစ် (အရာရှိ) သင်တန်း။** မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲအရာရှိအတတ်သင်ကျောင်း (မန္တလေး)၊ အမှုစစ် (အရာရှိ) သင်တန်းအမှတ်စဉ် (၈၁/၂၀၂၄) တွင် တက်ရောက်နေသော သင်တန်းသားအရာရှိ ၂၅၂ ဦးအား ကော်မရှင်ရုံး ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးက ၇-၁၁-၂၀၂၄ ရက်နေ့ တွင် သင်ခန်းစာသွားရောက် ပို့ချခြင်း၊

(၁၃) **မှုခင်းမှတ်တမ်း(အရာရှိ)သင်တန်း။** မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲအရာရှိအတတ်သင်ကျောင်း (မန္တလေး)၊ မှုခင်းမှတ်တမ်း (အရာရှိ) သင်တန်းအမှတ်စဉ် (၁၉/၂၀၂၄) တွင် တက်ရောက်နေသော သင်တန်းသား အရာရှိ ၁၀၀ ဦးအား ကော်မရှင်ရုံး ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးက ၁၃-၁၁-၂၀၂၄ ရက်နေ့တွင် သင်ခန်းစာ သွားရောက်ပို့ချခြင်း၊

(ဃ) **အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဖွင့်လှစ်သော သင်တန်းများတွင် သင်ခန်းစာ ပို့ချခြင်း**

(၁) **စီမံခန့်ခွဲရေးဝန်ထမ်း အဆင့်(၁) လုပ်ငန်းခွင်ဝင်သင်တန်း။** အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊အုပ်ချုပ်ရေးပညာဖွံ့ဖြိုးမှုသင်တန်းကျောင်း(မင်္ဂလာဒုံ)၊ စီမံခန့်ခွဲရေးဝန်ထမ်း အဆင့်(၁) လုပ်ငန်းခွင်ဝင် သင်တန်း အမှတ်စဉ် (၁/၂၀၂၄) တွင် တက်ရောက်နေသော သင်တန်းသား/ သူ ၁၀၀ ဦးတို့အား ကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်က ၆-၃-၂၀၂၄ ရက်နေ့တွင် သင်ခန်းစာ သွားရောက်ပို့ချခြင်း၊

(၂) **စီမံခန့်ခွဲရေးဝန်ထမ်း အဆင့်(၂)/ ဦးစီးအရာရှိများအား စီမံခန့်ခွဲရေး ဝန်ထမ်း အဆင့် (၄)/ လက်ထောက်ညွှန်ကြားရေးမှူး လုပ်ငန်းအကြို သင်တန်း အမှတ်စဉ် (၁/၂၀၂၄) လုပ်ငန်းခွင်ဝင်သင်တန်း။** အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန၊ အုပ်ချုပ်ရေးပညာဖွံ့ဖြိုးမှု သင်တန်းကျောင်း (မင်္ဂလာဒုံ)၊ စီမံခန့်ခွဲရေးဝန်ထမ်း အဆင့်(၂)/ ဦးစီးအရာရှိများအား စီမံခန့်ခွဲရေးဝန်ထမ်းအဆင့် (၄) / လက်ထောက်ညွှန်ကြားရေးမှူး လုပ်ငန်းအကြိုသင်တန်းအမှတ်စဉ် (၁/၂၀၂၄) တွင် တက်ရောက်နေ သော သင်တန်းသား/သူ ၁၀၀ ဦးတို့အား ကော်မရှင်ရုံး ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးက ၂၅-၆-၂၀၂၄ ရက်နေ့တွင် သင်ခန်းစာ သွားရောက် ပို့ချခြင်း၊

(၃) **စီမံခန့်ခွဲရေးဝန်ထမ်းအဆင့်(၂)/ ဦးစီးအရာရှိများအား စီမံခန့်ခွဲရေး ဝန်ထမ်း အဆင့်(၄)/လက်ထောက်ညွှန်ကြားရေးမှူးလုပ်ငန်းအကြိုသင်တန်း။** အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးပညာဖွံ့ဖြိုးမှုသင်တန်းကျောင်း

(မင်္ဂလာဒုံ)၊ စီမံခန့်ခွဲရေးဝန်ထမ်းအဆင့် (၂)/ ဦးစီးအရာရှိများအား စီမံခန့်ခွဲရေးဝန်ထမ်းအဆင့် (၄)/ လက်ထောက် ညွှန်ကြားရေးမှူးလုပ်ငန်းအကြိုသင်တန်းအမှတ်စဉ် သင်တန်းအမှတ် (၂/ ၂၀၂၄) တွင် တက်ရောက်နေသော သင်တန်းသား/သူ ၁၂၀ ဦး တို့အား ကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်က ၁၉-၈-၂၀၂၄ ရက်နေ့တွင် သင်ခန်းစာ သွားရောက်ပို့ချခြင်း၊

(င) **အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ ဖွင့်လှစ်သောသင်တန်းများတွင် သင်ခန်းစာပို့ချခြင်း**

(၁) **စုံစမ်းရေးမှူးလုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်း။** ပြည်ထဲရေးဝန်ကြီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ စုံစမ်းစစ်ဆေးမှုအတတ်ပညာသင်ကျောင်း (တောင်ငူ) ၌ စုံစမ်းရေးမှူးလုပ်ငန်း စွမ်းဆောင်ရည်မြင့်မားရေး သင်တန်းအမှတ်စဉ် (၆) တွင် တက်ရောက်နေသော သင်တန်းသား အရာရှိ ၁၉ ဦးတို့အား ကော်မရှင်ရုံး ညွှန်ကြား ရေးမှူး ဦးသူရကျော်က ၂၃-၂-၂၀၂၄ ရက်နေ့တွင် သင်ခန်းစာ သွား ရောက်ပို့ချခြင်း၊

(၂) **ဒုတိယစုံစမ်းရေးမှူးလုပ်ငန်းခွင်ဝင်သင်တန်း။** ပြည်ထဲရေးဝန်ကြီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ စုံစမ်းစစ်ဆေးမှုအတတ်ပညာသင် ကျောင်း (တောင်ငူ) ၌ ဒုတိယစုံစမ်းရေးမှူး လုပ်ငန်းခွင်သင်တန်း အမှတ်စဉ် (၆) တွင် တက်ရောက်နေသော သင်တန်းသား/သူ ၅၆ ဦး တို့အား ကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်က ၂၆-၈-၂၀၂၄ ရက်နေ့တွင် သင်ခန်းစာ သွားရောက်ပို့ချခြင်း၊

(၃) **ဒုတိယစုံစမ်းရေးမှူးလုပ်ငန်းခွင်ဝင်သင်တန်း။** ပြည်ထဲရေးဝန်ကြီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ (နေပြည်တော်) ၌ ဒုတိယစုံစမ်း ရေးမှူး လုပ်ငန်းခွင်သင်တန်းအမှတ်စဉ် (၇) တွင် တက်ရောက်နေသော သင်တန်းသား/သူ ၄၈ ဦးတို့အား ကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်က ၁၅-၁၀-၂၀၂၄ ရက်နေ့တွင် သင်ခန်းစာ သွားရောက်ပို့ချ ခြင်း၊

(၄) **ဦးစီးအရာရှိ (စုံစမ်းရေး) လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်း။** ပြည်ထဲရေးဝန်ကြီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ စုံစမ်း စစ်ဆေးမှုအတတ်ပညာသင်ကျောင်း (တောင်ငူ) ၌ ဦးစီးအရာရှိ (စုံစမ်းရေး) လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်းအမှတ်စဉ် (၉)တွင် တက်ရောက်နေသော သင်တန်းသား/သူ ၂၀ ဦးတို့အား ကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်က ၁၇-၁၂-၂၀၂၄ ရက်နေ့တွင် သင်ခန်းစာ သွားရောက်ပို့ချခြင်း၊

(စ) **အကျဉ်းဦးစီးဌာနမှ ဖွင့်လှစ်သော သင်တန်းများတွင် သင်ခန်းစာပို့ချခြင်း**

(၁) **လက်ထောက်ကြီးကြပ်ရေးမှူး - ၁ သင်တန်း။** အကျဉ်းဦးစီးဌာန၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးကျောင်း (မန္တလေး) ၌ လက်ထောက်ကြီး ကြပ်ရေးမှူး-၁ သင် တန်းအမှတ်စဉ် (၁၈) တွင် တက်ရောက်နေသော သင်တန်းသား/သူ ၇၆ ဦးတို့အား ကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်က ၆-၆-၂၀၂၄ ရက်နေ့တွင် သင်ခန်းစာ သွားရောက်ပို့ချခြင်း၊

(၂) **ဒုတိယကြီးကြပ်ရေးမှူးသင်တန်း။** အကျဉ်းဦးစီးဌာန (နေပြည်တော်) ၌ ဒုတိယကြီးကြပ်ရေးမှူးသင်တန်းအမှတ်စဉ် (၁၅) တွင် တက်ရောက် နေသော သင်တန်းသား ၂၅ ဦးတို့အား ကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်က ၂၄-၆-၂၀၂၄ ရက်နေ့တွင် သင်ခန်းစာ သွားရောက် ပို့ချခြင်း၊

(၃) **ထောင်တာဝန်ခံအရာရှိသင်တန်း။** အကျဉ်းဦးစီးဌာန (နေပြည်တော်)၊ ထောင်တာဝန်ခံအရာရှိသင်တန်းအမှတ်စဉ် (၁၉) တွင် တက်ရောက် နေသော သင်တန်းသား/သူ ၁၇ ဦးတို့အား ကော်မရှင်ရုံး ဒုတိယ ညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်က ၁၄-၁၀-၂၀၂၄ ရက် နေ့တွင် သင်ခန်းစာ သွားရောက်ပို့ချခြင်း၊

**မှတ်ချက်။** ဖော်ပြပါသင်တန်းများတွင် လူ့အခွင့်အရေး အခြေခံအယူအဆများ၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင် ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များ စသည့် ဘာသာရပ်များအား ပို့ချခဲ့ပါသည်။

**ဇယား- (၄) ပြည်ထဲရေးဝန်ကြီးဌာနမှ ဖွင့်လှစ်သော သင်တန်းများတွင် သင်ခန်းစာ ပို့ချမှုများ**

| စဉ် | အကြောင်းအရာ | နေရာ | ဦးရေ |
|---|---|---|---|
| **မြန်မာနိုင်ငံရဲတပ်ဖွဲ့** | | | |
| ၁ | မှုခင်းမှတ်တမ်း (အရာရှိ) သင်တန်း အမှတ်စဉ် (၁၈/ ၂၀၂၃) | ရဲအရာရှိအတတ်သင်ကျောင်း (မန္တလေး) | ၁၀၀ ဦး |
| ၂ | တိုက်ပွဲဝင်စည်းရုံးရေး (အရာရှိ) သင်တန်း အမှတ်စဉ် (၃/ ၂၀၂၃) | | ၅၀ ဦး |
| ၃ | နယ်ထိန်းအရာရှိသင်တန်းအမှတ်စဉ် (၃၅/၂၀၂၃) | | ၁၀၀ ဦး |
| ၄ | မြို့နယ်ရဲတပ်ဖွဲ့မှူးသင်တန်းအမှတ်စဉ်(၆၃/ ၂၀၂၃) | | ၄၃ ဦး |

| စဉ် | အကြောင်းအရာ | နေရာ | ဦးရေ |
|---|---|---|---|
| ၅ | စုံထောက် (အရာရှိ) သင်တန်းအမှတ်စဉ် (၁၉၄/ ၂၀၂၃) | မှုခင်းရဲတပ်ဖွဲ့၊ လေ့ကျင့်ရေးဌာနခွဲ (အင်းစိန်) | ၁၂၀ ဦး |
| ၆ | အမှုစစ် (အရာရှိ) သင်တန်းအမှတ်စဉ် (၇၉/ ၂၀၂၃) | ရဲအရာရှိအတတ်သင်ကျောင်း (မန္တလေး) | ၁၃၉ ဦး |
| ၇ | ခရိုင်ရဲတပ်ဖွဲ့မှူးသင်တန်း အမှတ်စဉ် (၈/ ၂၀၂၃) | | ၅၀ ဦး |
| ၈ | စခန်းမှူးသင်တန်းအမှတ်စဉ် (၆၉/ ၂၀၂၄) | | ၉၉ ဦး |
| ၉ | အမှုစစ်(အရာရှိ)သင်တန်းအမှတ်စဉ် (၈၀/၂၀၂၄) | ရဲအရာရှိအတတ်သင်ကျောင်း (မန္တလေး) | ၂၀၆ ဦး |
| ၁၀ | စုံထောက်အရာရှိသင်တန်းအမှတ်စဉ် (၁၉၅ / ၂၀၂၃) | မှုခင်းရဲတပ်ဖွဲ့၊ လေ့ကျင့်ရေးဌာနခွဲ (အင်းစိန်)၊ | ၁၁၉ ဦး |
| ၁၁ | တိုက်ပွဲဝင်စည်းရုံးရေး(အရာရှိ) သင်တန်း အမှတ်စဉ် (၄/၂၀၂၄) | ရဲအရာရှိအတတ်သင်ကျောင်း (မန္တလေး) | ၄၉ ဦး |
| ၁၂ | မြို့နယ်ရဲတပ်ဖွဲ့မှူးသင်တန်းအမှတ်စဉ် (၆၄/ ၂၀၂၃) | | ၄၈ ဦး |
| ၁၃ | အမှုစစ်(အရာရှိ)သင်တန်းအမှတ်စဉ် (၈၁/၂၀၂၄) | | ၂၅၂ ဦး |
| ၁၄ | မှုခင်းမှတ်တမ်း (အရာရှိ) သင်တန်း အမှတ်စဉ် (၁၉/ ၂၀၂၄) | | ၁၀၀ ဦး |
| **အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန** | | | |
| ၁၅ | စီမံခန့်ခွဲရေးဝန်ထမ်း အဆင့်(၁) လုပ်ငန်း ခွင်ဝင်သင်တန်းအမှတ်စဉ် (၁/ ၂၀၂၄) | အုပ်ချုပ်မှုပညာ ဖွံ့ဖြိုးမှု သင်တန်းကျောင်း (မင်္ဂလာဒုံ) | ၁၀၀ ဦး |
| ၁၆ | စီမံခန့်ခွဲရေးဝန်ထမ်း အဆင့်(၂)/ ဦးစီးအရာရှိများအား စီမံခန့်ခွဲရေးဝန်ထမ်း အဆင့် (၄)/ လက်ထောက်ညွှန်ကြားရေးမှူးလုပ်ငန်း အကြိုသင်တန်း အမှတ်စဉ် (၁/၂၀၂၄) | | ၁၀၀ ဦး |
| ၁၇ | စီမံခန့်ခွဲရေးဝန်ထမ်းအဆင့်(၂)/ ဦးစီး အရာရှိများအားစီမံခန့်ခွဲရေးဝန်ထမ်းအဆင့် | အုပ်ချုပ်မှုပညာဖွံ့ဖြိုးမှု သင်တန်းကျောင်း (မင်္ဂလာဒုံ) | ၁၂၀ ဦး |

| စဉ် | အကြောင်းအရာ | နေရာ | ဦးရေ |
|---|---|---|---|
| | (၄)/လက်ထောက်ညွှန်ကြားရေးမှူးလုပ်ငန်း အကြိုသင်တန်း။ | | |
| **အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန** | | | |
| ၁၈ | စုံစမ်းရေးမှူးလုပ်ငန်းစွမ်းဆောင်ရည်မြင့် မားရေးသင်တန်းအမှတ်စဉ် (၆) | စုံစမ်းစစ်ဆေးမှု အတတ်ပညာသင်ကျောင်း (တောင်ငူ) | ၁၉ ဦး |
| ၁၉ | ဒုတိယစုံစမ်းရေးမှူးသင်တန်း လုပ်ငန်းခွင်ဝင်အမှတ်စဉ် (၆) | စုံစမ်းစစ်ဆေးမှု အတတ်ပညာ သင်ကျောင်း (တောင်ငူ) | ၅၆ ဦး |
| ၂၀ | ဒုတိယစုံစမ်းရေးမှူးသင်တန်း လုပ်ငန်းခွင်ဝင်အမှတ်စဉ် (၇) | အထူး စုံစမ်းစစ်ဆေးရေး ဦးစီးဌာန၊ (နေပြည်တော်) | ၄၈ ဦး |
| ၂၁ | ဦးစီးအရာရှိ (လုပ်ငန်း) စွမ်းဆောင်ရည် မြင့်မားရေး သင်တန်းအမှတ်စဉ် (၉) | စုံစမ်းစစ်ဆေးမှု အတတ် ပညာသင်ကျောင်း (တောင်ငူ) | ၂၀ ဦး |
| **အကျဉ်းဦးစီးဌာန** | | | |
| ၂၂ | လက်ထောက်ကြီးကြပ်ရေးမှူး-၁ သင်တန်း အမှတ်စဉ် (၁၈) | ဝန်ထမ်းလေ့ကျင့်ရေးသင်တန်း ကျောင်း၊ အကျဉ်းဦးစီးဌာန (မန္တလေး) | ၇၆ ဦး |
| ၂၃ | ဒုတိယကြီးကြပ်ရေးမှူးသင်တန်းအမှတ်စဉ် (၁၅) | အကျဉ်းဦးစီးဌာန (နေပြည်တော်) | ၂၅ ဦး |
| ၂၄ | ထောင်တာဝန်ခံအရာရှိသင်တန်းအမှတ်စဉ် (၁၉) | အကျဉ်းဦးစီးဌာန (နေပြည်တော်) | ၁၇ ဦး |
| | **စုစုပေါင်း** | | **၂၀၅၆ ဦး** |

(ဆ) **နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဖွင့်လှစ်သော သင်တန်းများတွင် သင်ခန်းစာပို့ချခြင်း**

(၁) **အခြေခံသံတမန်ရေးရာကျွမ်းကျင်မှုသင်တန်း။** နိုင်ငံခြားရေးဝန်ကြီး ဌာန (ရန်ကုန်) ၌ အခြေခံသံတမန်ရေးရာကျွမ်းကျင်မှုသင်တန်း (Certificate Course in Basic Diplomatic Skills – BDS ) အမှတ်စဉ် (၄၅/၂၀၂၄) တွင် တက်ရောက်နေသော သင်တန်းသား/သူ ၁၀၀ ဦး တို့အား ကော်မရှင် ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်က မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဖွဲ့စည်း ပေါ်ပေါက်လာပုံ၊ ကော်မရှင် ဥပဒေပြဋ္ဌာန်း ဖြစ်ပေါ်လာပုံနှင့် ဥပဒေပါ တာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ ကော်မရှင် လက်တွေ့အကောင် အထည်ဖော်နေမှု

များစသည့် သင်ခန်းစာများကို ၁၂-၃-၂၀၂၄ ရက်နေ့ တွင် သွားရောက်ပို့ချခြင်း။

(၂) **အခြေခံသံတမန်ရေးရာကျွမ်းကျင်မှုသင်တန်း။** နိုင်ငံခြားရေးဝန်ကြီးဌာန၊ (နေပြည်တော်) ၌ ဖွင့်လှစ်သည့် အခြေခံသံတမန်ရေးရာကျွမ်းကျင်မှု သင်တန်း (BDS)အမှတ်စဉ် (၄၆/၂၀၂၄) တွင် တက်ရောက်နေသော သင်တန်းသား ၁၁၄ ဦးတို့အား ကော်မရှင် ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်က လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာများကို ၁၄-၁၁-၂၀၂၄ ရက်နေ့ တွင် သင်ခန်းစာ သွားရောက် ပို့ချခြင်း၊

(၃) **အရာထမ်းငယ်များအတွက် သံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်း။** နိုင်ငံခြားရေးဝန်ကြီးဌာန၊ (နေပြည်တော်) ၌ ဖွင့်လှစ်သည့် အရာထမ်းငယ်များအတွက် သံတမန်ရေးရာကျွမ်းကျင်မှုသင်တန်း (CID) အမှတ်စဉ် (၈/၂၀၂၄) တွင် တက်ရောက်နေသော သင်တန်းသား ၃၀ ဦးတို့အား ကော်မရှင် ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်က လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာများ ကို ၁၄-၁၁-၂၀၂၄ ရက်နေ့တွင် သင်ခန်းစာ သွားရောက်ပို့ချခြင်း၊

(၄) **အခြေခံသံတမန်ရေးရာကျွမ်းကျင်မှုသင်တန်း။** နိုင်ငံခြားရေးဝန်ကြီးဌာန၊ (ရန်ကုန်) ၌ ဖွင့်လှစ်သည့် အခြေခံသံတမန်ရေးရာကျွမ်းကျင်မှုသင်တန်း (BDS) အမှတ်စဉ် (၄၆/၂၀၂၄) တွင် တက်ရောက်နေသော သင်တန်းသား ၁၀၂ ဦးတို့အား ကော်မရှင် ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်က လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာများကို ၂၉-၁၁-၂၀၂၄ ရက်နေ့တွင် သင်ခန်းစာ သွားရောက်ပို့ချခြင်း၊

**မှတ်ချက်။** ဖော်ပြပါသင်တန်းများတွင် လူ့အခွင့်အရေး အခြေခံအယူအဆများ၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များ စသည့် ဘာသာရပ်များအား ပို့ချခဲ့ပါသည်။

ဇယား- (၅) နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဖွင့်လှစ်သော သင်တန်းများတွင် သင်ခန်းစာပို့ချမှုများ

| စဉ် | အကြောင်းအရာ | နေရာ | တက်ရောက်သူဦးရေ |
|---|---|---|---|
| ၁ | အခြေခံသံတမန်ရေးရာကျွမ်းကျင်မှု သင်တန်း (Certificate Course in Basic Diplomatic Skills – BDS) အမှတ်စဉ် (၄၅/၂၀၂၃) | နိုင်ငံခြားရေးဝန်ကြီးဌာန (ရန်ကုန်) | ၁၀၀ ဦး |
| ၂ | အခြေခံသံတမန်ရေးရာကျွမ်းကျင်မှု သင်တန်း (BDS)အမှတ်စဉ် (၄၆/၂၀၂၄) | နိုင်ငံခြားရေးဝန်ကြီးဌာန၊ (နေပြည်တော်) | ၁၁၄ ဦး |
| ၃ | အရာထမ်းငယ်များအတွက် သံတမန်ရေးရာကျွမ်းကျင်မှုသင်တန်း (CID)အမှတ်စဉ် (၈/၂၀၂၄) | | ၃၀ ဦး |
| ၄ | အခြေခံသံတမန်ရေးရာကျွမ်းကျင်မှု သင်တန်း (BDS)အမှတ်စဉ် (၄၆/၂၀၂၄) | နိုင်ငံခြားရေးဝန်ကြီးဌာန၊ (ရန်ကုန်) | ၁၀၂ ဦး |
| **စုစုပေါင်း** | | | **၃၄၆ ဦး** |

(ဈ) **လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဖွင့်လှစ်သော သင်တန်းများတွင် သင်ခန်းစာပို့ချခြင်း**

(၁) **သက်ကြီးရွယ်အိုများအတွက် ပြုစုစောင့်ရှောက်သူများသင်တန်း။** သက်ကြီးရွယ်အိုများအတွက် နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာ (မရမ်းကုန်း) ၌ ဖွင့်လှစ်သည့် သက်ကြီးရွယ်အိုများအတွက် ပြုစုစောင့်ရှောက်သူ (Caregiver) သင်တန်းအပတ်စဉ် (၁၅) တွင် တက်ရောက်နေသော သင်တန်းသား ၁၄ ဦးအား ကော်မရှင်ရုံး ဦးစီးအရာရှိ ဦးကောင်းခန့်ဇင်က သက်ကြီးရွယ်အိုများ၏ အခွင့်အရေးဆိုင်ရာ သင်ခန်းစာများကို ၁-၃-၂၀၂၄ ရက်နေ့တွင် သွားရောက် ပို့ချခြင်း၊

(၂) **လူ့အခွင့်အရေးဆိုင်ရာ ကွန်ဗင်းရှင်းများ အသိပညာမြှင့်မားရေး သင်တန်း။** လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနက ဖွင့်လှစ်သည့် "လူ့အခွင့်အရေးဆိုင်ရာ ကွန်ဗင်းရှင်းများ အသိပညာမြှင့်မားရေး သင်တန်း"တွင် တက်ရောက်နေသော သင်တန်းသား/သူ ၃၃ ဦးတို့အား

ကော်မရှင်ရုံး ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးက လူ့အခွင့်အရေးဆိုင်ရာ အခြေခံ စည်းမျဉ်းများနှင့် လူ့အခွင့်အရေးဆိုင်ရာ ကွန်ဗင်းရှင်းများအကြောင်း ဘာသာရပ်သင်ခန်းစာများကို ၁၁-၃-၂၀၂၄ ရက်နေ့တွင် သွားရောက် ပို့ချခြင်း၊

(၃) **ပဋိပက္ခအတွင်းလိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တုံ့ပြန် ဆောင်ရွက်ရေးဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်း။**
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနက ဖွင့်လှစ်သည့် "ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်း ဖက်မှုတားဆီး ကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင် ရေး သင်တန်း" တွင် တက်ရောက်နေသော သင်တန်း သား/ သူ ၃၀ ဦးတို့အား ကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင် က ပဋိပက္ခအတွင်း လိင်ပိုင်း ဆိုင်ရာ အကြမ်းဖက်မှု တားဆီးကာကွယ် ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး ကိစ္စရပ်များကို လူ့အခွင့်အရေးရှုထောင့်မှ သုံးသပ်ခြင်း ဘာသာရပ်ကို ၁၄-၃-၂၀၂၄ ရက်နေ့တွင် သွားရောက် ပို့ချခြင်း၊

(၄) **သက်ကြီးရွယ်အိုများအတွက် ပြုစုစောင့်ရှောက်သူ (Caregiver) သင်တန်း။**
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ သက်ကြီးရွယ်အိုများ နေ့ပိုင်း စောင့် ရှောက်ရေးဂေဟာ (မရမ်းကုန်း) ၌ ဖွင့်လှစ်လျက်ရှိသော သက်ကြီးရွယ်အိုများအတွက် ပြုစု စောင့်ရှောက်သူ (Caregiver) သင်တန်းအမှတ်စဉ် (၁၆) တွင် တက်ရောက် လျက်ရှိသော သင်တန်းသူ/သား ၁၈ ဦး တို့အား ကော်မရှင်ရုံး လက်ထောက် ညွှန်ကြားရေးမှူး ဦးကောင်းခန့်ဇင်က ၂-၁၂-၂၀၂၄ ရက် နေ့တွင် သင်ခန်းစာ သွားရောက်ပို့ချခြင်း၊

ဇယား- (၆) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဖွင့်လှစ်သော သင်တန်းများတွင် သင်ခန်းစာ ပို့ချမှုများ

| စဉ် | အကြောင်းအရာ | နေရာ | တက်ရောက်သူ ဦးရေ |
|---|---|---|---|
| ၁ | သက်ကြီးရွယ်အိုများအတွက် ပြုစုစောင့်ရှောက်သူ (Caregiver) သင်တန်း အမှတ်စဉ် (၁၅) | သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာ (မရမ်းကုန်း) | ၁၄ ဦး |
| ၂ | လူ့အခွင့်အရေးဆိုင်ရာ ကွန်ဗင်းရှင်းများ အသိပညာမြင့်မားရေးသင်တန်း | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန | ၃၃ ဦး |
| ၃ | ပဋိပက္ခအတွင်းလိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဝန်ထမ်းများစွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်း | | ၃၀ ဦး |
| ၄ | သက်ကြီးရွယ်အိုများအတွက်ပြုစုစောင့်ရှောက်သူ (Caregiver) သင်တန်းအမှတ်စဉ် (၁၆) | သက်ကြီးရွယ်အိုများနေ့ပိုင်းစောင့်ရှောက်ရေးဂေဟာ (မရမ်းကုန်း) | ၁၈ ဦး |
| | စုစုပေါင်း | | **၉၅ ဦး** |

(ဈ) **အခြားဝန်ကြီးဌာနများမှ ဖွင့်လှစ်သော သင်တန်းများတွင် သင်ခန်းစာပို့ချခြင်း**

(၁) **ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း။** ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၌ ဝန်ထမ်းစွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်းအမှတ်စဉ် (၁/၂၀၂၄) တွင် တက်ရောက်နေသော သင်တန်းသား/သူ ၄၃ ဦး တို့အား ကော်မရှင်ရုံးဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်က မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်ဥပဒေ ဘာသာရပ် သင်ခန်းစာအား ၂၆-၂-၂၀၂၄ ရက်နေ့တွင် သွားရောက်ပို့ချ ခြင်း၊

(၂) **ဆရာ/ဆရာမများဘာသာရပ်မွမ်းမံသင်တန်း။** ပညာရေးဝန်ကြီးဌာန၊ ရန်ကုန်အဝေးသင် တက္ကသိုလ်၊ ဥပဒေပညာဌာန၌ ဆရာ/ဆရာမများ ဘာသာရပ်မွမ်းမံသင်တန်းတွင် တက်ရောက်နေသော သင်တန်းသား/ သူ ၁၇ ဦးတို့အား ကော်မရှင် အဖွဲ့ဝင် ဒေါက်တာမြင့်သူမြိုင်က လူ့အခွင့်အရေး အခြေခံအယူအဆ၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း အကြောင်း တို့အား ၃၀-၅-၂၀၂၄ ရက်နေ့ တွင် သွားရောက် ပို့ချခြင်း၊

(၃) **ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း။** ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၏ ဝန်ထမ်းစွမ်းဆောင်ရည် မြှင့်တင်ရေး သင်တန်းအမှတ်စဉ် (၂/၂၀၂၄) တွင် တက်ရောက်နေသော သင်တန်းသား/သူ ၅၁ ဦးတို့အား ကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်က မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဥပဒေ ဘာသာရပ် သင်ခန်းစာအား ၁၁-၆-၂၀၂၄ ရက်နေ့တွင် သွားရောက် ပို့ချခြင်း။

**ဇယား (၇)- အခြားဝန်ကြီးဌာနများမှ ဖွင့်လှစ်သော သင်တန်းများတွင် သင်ခန်းစာပို့ချမှုများ**

| စဉ် | အကြောင်းအရာ | နေရာ | တက်ရောက်သူ ဦးရေ |
|---|---|---|---|
| ၁ | ဆရာ/ဆရာမများဘာသာရပ်မွမ်းမံသင်တန်း | ရန်ကုန်အဝေး သင်တက္ကသိုလ် | ၁၇ ဦး |
| ၂ | ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းအမှတ်စဉ် (၁/၂၀၂၄) | ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားရေး ဆက်သွယ်ရေး ဝန်ကြီးဌာန | ၄၃ ဦး |
| ၃ | ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းအမှတ်စဉ် (၂/၂၀၂၄) | | ၅၁ ဦး |
| **စုစုပေါင်း** | | | **၁၁၁ ဦး** |

**နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်၌ အစည်းအဝေးတက်ရောက်ခြင်း**

၁၄။ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်၊ နေပြည်တော်၌ ၅-၆-၂၀၂၄ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော နိုင်ငံတော်ကာကွယ်ရေး တက္ကသိုလ်သင်တန်းအမှတ်စဉ် (၂၃) သင်ရိုးညွှန်းတမ်းများ ညှိနှိုင်းအစည်းအဝေးသို့ ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးဘုန်းကြွယ်က တက်ရောက်ခဲ့ပါသည်။

**ဇယား (၈)- နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်၌ အစည်းအဝေးတက်ရောက်မှု**

| စဉ် | အကြောင်းအရာ | နေရာ | တက်ရောက်သူ |
|---|---|---|---|
| ၁။ | နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် သင်တန်းအမှတ်စဉ် (၂၃) သင်ရိုးညွှန်းတမ်း များညှိနှိုင်း အစည်းအဝေး | နိုင်ငံတော်ကာကွယ်ရေး တက္ကသိုလ် (နေပြည်တော်) | ဦးဘုန်းကြွယ် ညွှန်ကြားရေးမှူးချုပ် |

**အမျိုးသားအဆင့် ကော်မတီများက ကျင်းပသည့် အခမ်းအနားများနှင့် အစည်းအဝေးများ တက်ရောက်ခြင်း**

၁၅။ မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီး ကော်မတီမှ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ သီရိရတနာခန်းမ၊ ဒက္ခိဏသီရိမြို့နယ် (နေပြည်တော်) ၌ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၃ ရက် နေ့တွင် ကျရောက်သည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဝတ်စား ဆင်ယင်မှုပြပွဲနှင့် ပဒေသာကပွဲကို ၁-၇-၂၀၂၄ ရက်နေ့ တွင်လည်းကောင်း၊ ၂၀၂၄ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ၃-၇-၂၀၂၄ ရက်နေ့တွင်လည်းကောင်း ကျင်းပပြုလုပ်ခဲ့ရာ ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးဘုန်းကြွယ်က တက်ရောက်ခဲ့ပါသည်။

၁၆။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ စုပေါင်းအစည်းအဝေးခန်းမ (နေပြည်တော်) ၌ ၈-၈-၂၀၂၄ ရက်နေ့တွင် ကျင်းပပြုလုပ်သော မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီအစည်းအဝေး (၁/၂၀၂၄) သို့ ကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ခိုင်ခိုင်ဝင်းက Online Platform လည်းကောင်း၊ ၆-၉-၂၀၂၄ ရက်နေ့တွင် ကျင်းပပြုလုပ်သော မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီအစည်းအဝေး (၁/၂၀၂၄) သို့ ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးဘုန်းကြွယ် က In person ဖြင့် လည်းကောင်း၊ ဥပဒေရေးရာဝန်ကြီးဌာန၊ မြေညီထပ် အစည်းအဝေးခန်းမ (နေပြည်တော်) ၌ ၂၂-၁၀-၂၀၂၄ ရက်နေ့တွင် ကျင်းပပြုလုပ်သော မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ၊ မသန်စွမ်းသူများ၏ တရားမျှတမှုရရှိပိုင်ခွင့်ဆိုင်ရာ ဆပ်ကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ကော်မရှင်ရုံး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇင်မင်းသက်လွင် က Online Platform လည်းကောင်း၊ မြန်မာအပြည်ပြည် ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (၂) တွင် ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်နေ့၌ ကျင်းပပြုလုပ်သော အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အထိမ်းအမှတ်အခမ်းအနားသို့ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်ရုံးမှ ညွှန်ကြားရေးမှူး ဦးသူရကျော်က In Person ဖြင့်လည်းကောင်း တက်ရောက်ခဲ့ကြပါသည်။

**ဇယား(၉) -အမျိုးသားအဆင့် ကော်မတီများက ကျင်းပသည့် အခမ်းအနားများနှင့် အစည်းအဝေး များ တက်ရောက်မှု**

| စဉ် | ရက်စွဲ | အကြောင်းအရာ | တက်ရောက်သူ |
|---|---|---|---|
| ၁ | ၁-၇-၂၀၂၄ | ဝတ်စားဆင်ယင်မှုပြပွဲနှင့် ပဒေသာကပွဲ (မြန်မာအမျိုးသမီးများနေ့) | ဦးဘုန်းကြွယ် ညွှန်ကြားရေးမှူးချုပ် |
| ၂ | ၃-၇-၂၀၂၄ | မြန်မာအမျိုးသမီးများနေ့ အခမ်းအနား | ဦးသူရကျော် ညွှန်ကြားရေးမှူး |

| | | | |
|---|---|---|---|
| ၃ | ၈-၈-၂၀၂၄ | မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာလုပ်ငန်းကော်မတီအစည်းအဝေး (၁/၂၀၂၄) | ဒေါက်တာခိုင်ခိုင်ဝင်း ဒုတိယညွှန်ကြားရေးမှူးချုပ် |
| ၄ | ၆-၉-၂၀၂၄ | မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသား ကော်မတီအစည်းအဝေး (၁/၂၀၂၄) | ဦးဘုန်းကြွယ် ညွှန်ကြားရေးမှူးချုပ် |
| ၅ | ၂၂-၁၀-၂၀၂၄ | မသန်စွမ်းသူများ၏တရားမျှတမှု ရရှိပိုင်ခွင့်ဆိုင်ရာဆပ်ကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး | ဒေါ်ဇင်မင်းသက်လွင် လက်ထောက်ညွှန်ကြားရေးမှူး |
| ၆ | ၃-၁၂-၂၀၂၄ | အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများ နေ့အထိမ်းအမှတ်အခမ်းအနား | ဦးသူရကျော် ညွှန်ကြားရေးမှူး |

**သတင်းထုတ်ပြန်ချက်များ ထုတ်ပြန်ခြင်း**

၁၇။ **သတင်းထုတ်ပြန်ခြင်း။** ၂၀၂၄ ခုနှစ်အတွင်း ကော်မရှင်၏ သတင်းထုတ်ပြန်ချက်များကို နိုင်ငံပိုင် သတင်းစာများနှင့် နိုင်ငံပိုင်မီဒီယာများမှသော် လည်းကောင်း၊ ကော်မရှင် website မှသော် လည်းကောင်း ပြည်သူ လူထုထံသို့ သတင်းထုတ်ပြန်တင်ပြမှုများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြစ်ဒဏ်လွတ်ငြိမ်းချမ်းသာခွင့်နှင့် စပ်လျဉ်းသည့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ သတင်းထုတ်ပြန်ချက်အမှတ် (၁/၂၀၂၄) အား ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်နေ့တွင် ထုတ်ပြန်ခြင်း၊

(ခ) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြစ်ဒဏ်လွတ်ငြိမ်းချမ်းသာခွင့်နှင့် စပ်လျဉ်းသည့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ သတင်းထုတ်ပြန်ချက်အမှတ် (၂/၂၀၂၄) အား ၂၀၂၄ ခုနှစ်၊ ဧပြီလ ၁၇ ရက်နေ့ တွင် ထုတ်ပြန်ခြင်း၊

(ဂ) မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် နိုင်ငံသားများ၏ အသက်ရှင်သန်ခွင့်နှင့် အခြေခံလူ့အခွင့်အရေးများကို အလေးထားရေးနှင့် စပ်လျဉ်းသည့် သတင်းထုတ်ပြန်ချက်အမှတ် (၃/၂၀၂၄) အား ၂၀၂၄ ခုနှစ်၊ မေလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခြင်း၊

(ဃ) မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ကျောင်းနေအရွယ် ကလေးတိုင်းပညာသင်ကြားခွင့်ရရှိနိုင်ရေးနှင့် စပ်လျဉ်းသည့် သတင်းထုတ် ပြန်ချက်အမှတ် (၄/၂၀၂၄) အား ၂၀၂၄ ခုနှစ်၊ မေလ ၂၇ ရက်နေ့တွင် ထုတ်ပြန်ခြင်း၊

(င) မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် အကျဉ်းထောင်နှင့် လူငယ်သင်တန်းကျောင်းများရှိ တက္ကသိုလ်ဝင်တန်းအောင်မြင်သူများနှင့် စပ်လျဉ်းသည့် သတင်းထုတ်ပြန်ချက်အမှတ် (၅/၂၀၂၄) အား ၂၀၂၄ ခုနှစ်၊ ဇွန်လ ၁၁ ရက်နေ့တွင် ထုတ်ပြန်ခြင်း။

(စ) စီးပွားရေးပိတ်ဆို့အရေးယူချမှတ်ဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ သတင်းထုတ်ပြန်ချက်အမှတ် (၆/၂၀၂၄) အား ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့တွင် ထုတ်ပြန်ခြင်း၊

(ဆ) မြန်မာအမျိုးသမီးများနေ့နှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ သတင်းထုတ်ပြန်ချက်အမှတ် (၇/၂၀၂၄) အား ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂ ရက်နေ့တွင် ထုတ်ပြန်ခြင်း၊

(ဇ) တိုင်တန်းစာများ၊ အကျဉ်းထောင်၊ အကျဉ်းစခန်း၊ ရဲစခန်း၊ အချုပ်ခန်းများနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းများ ကြည့်ရှုစစ်ဆေးခြင်းနှင့် စပ်လျဉ်းသည့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ သတင်းထုတ်ပြန်ချက် အမှတ် (၈/၂၀၂၄) အား ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်နေ့တွင် ထုတ်ပြန်ခြင်း၊

(ဈ) အသက်ရှင်သန်ခွင့်၊ လွတ်လပ်ခွင့်၊ လူပုဂ္ဂိုလ်လုံခြုံမှုတို့နှင့် စပ်လျဉ်းသည့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ သတင်းထုတ်ပြန်ချက် အမှတ် (၉/၂၀၂၄) အား ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၆ ရက်နေ့တွင် ထုတ်ပြန်ခြင်း၊

(ည) ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ (၂၀) ရက်နေ့တွင် ကျရောက်သည့် "ကမ္ဘာ့ကလေးများနေ့"နှင့် စပ်လျဉ်းသည့်မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ၏ သတင်းထုတ်ပြန်ချက်အမှတ် (၁၀/၂၀၂၄) အား ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ထုတ်ပြန်ခြင်း၊

(ဋ) ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ (၃) ရက်နေ့တွင် ကျရောက်သည့် "အပြည်ပြည် ဆိုင်ရာ မသန်စွမ်းသူများနေ့" နှင့် စပ်လျဉ်းသည့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ သတင်းထုတ်ပြန်ချက်အမှတ် (၁၁/၂၀၂၄) အား ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်နေ့တွင် ထုတ်ပြန်ခြင်း၊

(ဌ) ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ (၁၀) ရက်နေ့တွင် ကျရောက်သည့် "အပြည်ပြည် ဆိုင်ရာ လူ့အခွင့်အရေးနေ့" နှင့်စပ်လျဉ်းသည့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ သတင်းထုတ်ပြန်ချက်အမှတ် (၁၂/၂၀၂၄) အား ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခြင်း၊

၁၈။ **သတင်းအချက်အလက်များ ဖြန့်ချိခြင်း။** ၂၀၂၄ ခုနှစ်အတွင်း ကော်မရှင်ရုံးဌာနအလိုက် ဆောင်ရွက်ချက်သတင်းများကို နိုင်ငံပိုင်သတင်းစာများနှင့် နိုင်ငံပိုင်မီဒီယာများမှလည်းကောင်း၊ ကော်မရှင် website မှလည်းကောင်း ပြည်သူလူထုထံသို့ သတင်းဖြန့်ချိတင်ပြမှုများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ပညာပေးရေးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်သတင်း (၇၆) ပုဒ်ကို မြန်မာ၊ အင်္ဂလိပ် (၂) ဘာသာဖြင့် ကော်မရှင် website တွင် သတင်းဖြန့်ချိ ဖော်ပြနိုင်ရေးအတွက် e-Government ဌာနသို့ ပေးပို့ခြင်း၊

(ခ) လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဌာနဆိုင်ရာ လုပ်ငန်းဆောင် ရွက်ချက်သတင်း (၃၁) ပုဒ်ကို နိုင်ငံပိုင်သတင်းစာနှင့် နိုင်ငံပိုင်မီဒီယာများသို့ ပေးပို့ခြင်း၊

(ဂ) ဥပဒေရေးရာဌာန၏ လုပ်ငန်းဆောင်ရွက်ချက် သတင်း (၁) ပုဒ်ကို နိုင်ငံပိုင်သတင်းစာနှင့် နိုင်ငံပိုင်မီဒီယာများသို့ ပေးပို့ခြင်း၊

(ဃ) နိုင်ငံတကာဆက်ဆံရေးဌာနဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်သတင်း (၇) ပုဒ် ကို နိုင်ငံပိုင်သတင်းစာနှင့် နိုင်ငံပိုင်မီဒီယာများသို့ ပေးပို့ခြင်း၊

(င) စီမံရေးနှင့် ဘဏ္ဍာရေးဌာနဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်သတင်း (၇) ပုဒ်ကို နိုင်ငံပိုင်သတင်းစာနှင့် နိုင်ငံပိုင်မီဒီယာများသို့ ပေးပို့ခြင်း၊

**ဘာသာရပ်ဆိုင်ရာ ဆန်းစစ်သုံးသပ်မှုများဆောင်ရွက်ခြင်းနှင့် ဘာသာရပ်အသစ်များအသစ် ရေးဆွဲဆောင်ရွက်ခြင်း**

၁၉။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၊ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ပညာပေးရေးဌာန၏ အဓိကလုပ်ငန်း ဆောင်ရွက်မှုများဖြစ်သော လူ့အခွင့်အရေး အသိပညာ ပေးဟောပြောပွဲများ၊ လူ့အခွင့်အရေး အသိပညာပေး အလုပ်ရုံဆွေးနွေးပွဲ/ သင်တန်းများနှင့် လူ့အခွင့်အရေး ဆိုင်ရာ သင်ခန်းစာပို့ချမှုများတွင် အသုံးပြုလျက်ရှိသည့် အောက်ဖော်ပြပါ အဓိက လူ့အခွင့်အရေးဆိုင်ရာ ဘာသာရပ်များနှင့် စပ်လျဉ်း၍ အချက်အလက်များရှာဖွေ စုဆောင်းခြင်း၊ ပြုစုခြင်း၊ ပြန်လည် ဆန်းစစ်သုံးသပ်ခြင်း၊ ဖြည့်စွက်မွမ်းမံခြင်းနှင့် ဘာသာရပ် အသစ်ရေးဆွဲခြင်းများ ဆောင်ရွက်လျက်ရှိပါသည် -

(က) လူ့အခွင့်အရေးအခြေခံအယူအဆ၊

(ခ) ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း၊

(ဂ) မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဥပဒေ၊

(ဃ) ကလေးသူငယ်အခွင့်အရေး၊

(င) အမျိုးသမီးအခွင့်အရေး၊

(စ) မသန်စွမ်းသူများအခွင့်အရေး၊

(ဆ) ပါရီအခြေခံမူများနှင့် အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းများ (Paris Principles and NHRIs)၊

(ဇ) နိုင်ငံတကာ လူ့အခွင့်အရေးဆိုင်ရာ အဓိကစာချုပ်ကြီး (၉)ခု၊

(ဈ) နိုင်ငံတော်၏ တာဝန်ဝတ္တရားနှင့် အများပြည်သူ၏ တာဝန်ရှိမှု၊

(ည) ကုလသမဂ္ဂလူ့အခွင့်အရေးယန္တရား၊

(ဋ) စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာလမ်းညွှန်အခြေခံမူများ၊

(ဌ) ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာအခွင့်အရေး၊

(ဍ) ခွဲခြားဆက်ဆံမှုမပြုခြင်း (Non- Discrimination)၊

(ဎ) Human Rights & Artificial Intelligence (AI)၊

(ဏ) လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်။

## အခြားဆောင်ရွက်မှုများ

၂၀။ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ပညာပေးရေးဌာန၏ အခြားဆောင်ရွက်မှုများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည် -

(က) **ကော်မရှင်စာကြည့်တိုက် (Resource Center)**

(၁) ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလကုန်ထိ ကော်မရှင်စာကြည့်တိုက်တွင် မြန်မာဘာသာ ၂၆၁၄ အုပ်၊ အင်္ဂလိပ်ဘာသာ ၁၃၄၅ အုပ်၊ စုစုပေါင်း ၃၉၅၆ အုပ်နှင့် e-Book ၂၂၄၄ အုပ် စုဆောင်းထားရှိပါသည်။ ထို့ပြင် ကော်မရှင် မှ ထုတ်ဝေဖြန့်ချိသည့် လူ့အခွင့်အရေးနှင့်သက်ဆိုင်သော e-Bookများ ကို အများပြည်သူ လက်လှမ်းမီဖတ်ရှုနိုင်ရေးအတွက် ကော်မရှင် website တွင်ဖော်ပြလျက်ရှိပါသည်။

## ပုံနှိပ်ထုတ်ဝေဖြန့်ချိမှုများ

၂၁။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်နှင့် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနတို့ ပူးပေါင်း၍ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းအား တိုင်းရင်းသားဘာသာ (၉) မျိုး ဖြစ်သည့် ပေါင်းညွှမ် (နာဂ)၊ လိုင်းနောင်(နာဂ)၊ ခယမ်ညှုငန်(နာဂ)၊ မကူရီ(နာဂ)၊ ဂျဂျာရ် (ခ) ပါရာ(နာဂ)၊ ကိုညတ် (နာဂ)၊ ဂုဏ်ဝမ်ပိုညို(နာဂ)၊ နာဂဘုံစာပေနှင့် လော်ဝေါ် (ကချင်) တိုင်းရင်းသားဘာသာများသို့ ဘာသာပြန်ဆိုပုံနှိပ်ခဲ့ပါသည်။ အဆိုပါ ကမ္ဘာ့လူ့အခွင့် အရေး ကြေညာစာတမ်း တိုင်းရင်းသားဘာသာပြန် စာအုပ်များအား ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့

တွင် ကျရောက်သည့် (၇၅) နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ အထိမ်းအမှတ် အခမ်းအနား၌ စတင်မိတ်ဆက်ခဲ့ပါသည်။ ဘာသာပြန်ဆို ပုံနှိပ်ခဲ့သော ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း တိုင်းရင်းသားဘာသာပြန် စာအုပ်များအနက် (၅၂၇၀) အုပ်အား ၁၉-၁-၂၀၂၄ ရက်နေ့တွင် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနသို့ ပေးပို့ခဲ့ပြီး အဆိုပါ ဝန်ကြီးဌာနမှ တစ်ဆင့် သက်ဆိုင်ရာဒေသများရှိ တိုင်းရင်းသားများလက်လှမ်းမီ ဖတ်ရှုနိုင်ရေးအတွက် အောက်ပါအတိုင်း ပေးပို့ခဲ့ပါသည်-

**ဇယား (၁၀)- ပေးပို့ဖြန့်ချိမှုများ**

| စဉ် | တိုင်းရင်းသားဘာသာ | ပေးပို့သည့်အရေအတွက် |
|---|---|---|
| ၁ | လော်ဝေါ်(ကချင်) | ၁၉၉၀ |
| ၂ | ပေါင်းညွှမ်(နာဂ) | ၂၃၀ |
| ၃ | လိုင်းနောင်(နာဂ) | ၅၉၀ |
| ၄ | ခယမ်ညူငန်(နာဂ) | ၇၉၀ |
| ၅ | မကူရီ(နာဂ) | ၅၁၀ |
| ၆ | ဂျဂျာရ်ု (ခ) ပါရာ(နာဂ) | ၁၅၀ |
| ၇ | ကိုညတ်(နာဂ) | ၆၃၀ |
| ၈ | ဂုဏ်ဝမ်ပိုညို(နာဂ) | ၃၁၀ |
| ၉ | နာဂဘုံစာပေ | ၇၀ |
| ၁၀ | UDHR သရုပ်ဖော်အိတ်ဆောင်စာအုပ် | ၂၀၀၀ |
| ၁၁ | ကော်မရှင်ဥပဒေ(အကြမ်း) | ၁၀၀၀၀ |
| ၁၂ | မသန်စွမ်းသူများ၏အခွင့်အရေးဥပဒေ (၂၀၁၅) | ၃၀၀၀ |
| ၁၃ | လက်ဆောင်အိတ်ဖြူ (အသေး) | ၁၀၀၀ |
| ၁၄ | ကော်မရှင်လက်ကမ်းစာစောင် (အသစ်) | ၁၀၀၀ |
| ၁၅ | ကလေးသူငယ်အခွင့်အရေးဆိုင်ရာသဘောတူစာချုပ် (CRC) | ၃၀၀၀ |
| ၁၆ | ကော်မရှင်လက်ကမ်းစာစောင် | ၁၀၀၀ |

## လူ့အခွင့်အရေးဆိုင်ရာအထိမ်းအမှတ်ဟောပြောပွဲ/ ပြိုင်ပွဲများကျင်းပခြင်း

၂၂။ ၂၀၂၄ ခုနှစ်၊ မတ်လ ၈ ရက်နေ့တွင် ကျရောက်မည့် "အပြည်ပြည်ဆိုင်ရာအမျိုးသမီး များနေ့" အား ဂုဏ်ပြုကြိုဆိုခြင်းအထိမ်းအမှတ်ဟောပြောပွဲအခမ်းအနားကို ကော်မရှင်ရုံး၊ Conference Room ၌ ၇-၃-၂၀၂၄ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ပြီး ကော်မရှင်အဖွဲ့ဝင် ဒေါက်တာမြင့်သူမြိုင်နှင့်

ဦးစီးအရာရှိ ဒေါ်မို့မို့အောင် (Women Rights Desk Officer) တို့က အမျိုးသမီးအခွင့်အရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးဟောပြောခဲ့ပါသည်။ အခမ်းအနားသို့ ကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံးဝန်ထမ်း ၈၀ ဦး တက်ရောက် ခဲ့ကြပါသည်။

၂၃။ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့တွင် ကျရောက်သည့် "အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့"အထိမ်းအမှတ်အဖြစ် ဆောင်းပါးပြိုင်ပွဲ ကျင်းပပြုလုပ်ခဲ့ရာ ကော်မရှင်ရုံးချုပ်နှင့် ရုံးခွဲများမှ ဝန်ထမ်းများပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ဆုရရှိသူများအား ဆုချီးမြှင့် ပေးအပ်ခဲ့ပါသည်။

## သတင်းမီဒီယာကောင်စီနှင့်တွေ့ဆုံခြင်း

၂၄။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် အဖွဲ့ဝင်များဖြစ်ကြသော ဒေါက်တာသန်းမြင့်၊ ဒေါက်တာတင်မောင်မောင်သန်း၊ ဒေါက်တာမြင့်သူမြိုင်တို့သည် သတင်းမီဒီယာကောင်စီ ဥက္ကဋ္ဌ၊ တာဝန်ရှိသူများနှင့် သတင်းမီဒီယာကောင်စီရုံး၌ ၉-၅-၂၀၂၄ ရက်နေ့တွင် တွေ့ဆုံပြီး လူ့အခွင့်အရေးနှင့် သတင်း မီဒီယာတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ပါသည်။

## မှတ်တမ်းဓာတ်ပုံများ



နိုင်ငံခြားရေးဝန်ကြီးဌာန၊ အခြေခံသံတမန်ရေးရာ ကျွမ်းကျင်မှု သင်တန်း၌ သင်ခန်းစာပို့ချခြင်း




တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဗထူး)သို့ Online Platform အသုံးပြု၍
သင်ခန်းစာပို့ချခြင်း





သူနာပြုတက္ကသိုလ် (မန္တလေး) ၌
ကျန်းမာရေးစောင့်ရှောက်မှု အခွင့်အရေးဆိုင်ရာ ဆွေးနွေးဟောပြောခြင်း



ရန်ကုန်အဝေးသင်တက္ကသိုလ်၊ ဥပဒေပညာဌာန၌ သင်ခန်းစာများပို့ချခြင်း



နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ၌ သင်ခန်းစာပို့ချခြင်း




တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဘုရင့်နောင်) သို့ Online Platform အသုံးပြု၍ သင်ခန်းစာပို့ချခြင်း



မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ရဲအရာရှိအတတ်သင်ကျောင်း (မန္တလေး) မြို့နယ်ရဲတပ်ဖွဲ့မှူးသင်တန်း၌ သင်ခန်းစာပို့ချခြင်း




အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စီမံခန့်ခွဲရေးဝန်ထမ်းအဆင့် (၁) လုပ်ငန်းခွင်ဝင်သင်တန်း၌ သင်ခန်းစာပို့ချခြင်း



**သက်ကြီးရွယ်အိုများအတွက် ပြုစုစောင့်ရှောက်သူ (Caregiver) သင်တန်း၌ သင်ခန်းစာပို့ချခြင်း**

# လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးဌာန၏ ဆောင်ရွက်ချက်များ

## လုပ်ငန်းတာဝန်များ

၂၅။ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးဌာနသည် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥပဒေပုဒ်မ ၂၂၊ ပုဒ်မခွဲ (ဂ)၊ (ဃ) နှင့် (င) တို့အရ လူ့အခွင့်အရေးဖောက်ဖျက်ကြောင်း တိုင်တန်းချက် သို့မဟုတ် စွပ်စွဲချက်နှင့် စပ်လျဉ်း၍ စိစစ်ပြီး စုံစမ်းစစ်ဆေးခြင်း၊ တိုင်တန်းချက် သို့မဟုတ် စွပ်စွဲချက်အရဖြစ်စေ၊ သတင်းအရဖြစ်စေ၊ လူ့အခွင့်အရေး ဖောက်ဖျက်မှု ဖြစ်ပွားကြောင်း သိရှိရသည့်နေရာသို့ သွားရောက်၍ ကွင်းဆင်း စုံစမ်းစစ်ဆေးခြင်း၊ အကျဉ်းထောင်၊ အကျဉ်းစခန်း၊အချုပ်ခန်းများနှင့်အစိုးရ သို့မဟုတ် ပုဂ္ဂလိကထိန်းသိမ်းစောင့်ရှောက်ရေးစခန်း၊ ဌာနများသို့အကြောင်းကြား၍ သွားရောက်ကြည့်ရှုစစ်ဆေးခြင်း အစရှိသည့် ကော်မရှင်၏ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

## ၂၀၂၄ ခုနှစ်အတွင်း တိုင်တန်းချက်များအပေါ် ကိုင်တွယ်ဆောင်ရွက်မှု အခြေအနေ

၂၆။ ၂၀၂၄ ခုနှစ်အတွင်း ကော်မရှင်သို့ ပေးပို့လာသော တိုင်တန်းချက် စောင်ရေ ၂၃၃ စောင်ကို လက်ခံရရှိခဲ့ရာ အဆိုပါ တိုင်တန်းချက် ၂၃၃ စောင်ကို စုံစမ်းစစ်ဆေးရေးအဖွဲ့ အစည်းအဝေး (၅၀) ကြိမ် ကျင်းပပြုလုပ်ခဲ့ပြီး အောက်ပါအတိုင်း စိစစ် ဆောင်ရွက်ခဲ့ပါသည်-

| | | |
|---|---|---|
| (က) | သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများသို့ စိစစ်ဆောင်ရွက်နိုင်ရန် အကြောင်းကြားခြင်း | ၆၂ မှု |
| (ခ) | တိုင်တန်းသူများထံ ပြန်ကြားခြင်း | ၂၄ မှု |
| (ဂ) | မှတ်တမ်းထားရှိခြင်း | ၁၄၆ မှု |
| (ဃ) | ကာယကံရှင်၏ ဆန္ဒအရ အမှုပိတ်သိမ်းခြင်း | ၁ မှု |
| | **စုစုပေါင်း** | **၂၃၃ မှု** |

၂၇။ မှတ်တမ်းထားရှိသည့် တိုင်တန်းချက် ၁၄၆ မှုကို အောက်ဖော်ပြပါအချက်များကြောင့် စနစ်တကျ မှတ်တမ်းထားရှိခဲ့ပါသည်-

| | | |
|---|---|---|
| (က) | ကော်မရှင်ဥပဒေပုဒ်မ ၃၂ (ခ) အရ ကော်မရှင်၏လုပ်ပိုင်ခွင့် အတွင်း မကျရောက်ခြင်း | ၁၇ မှု |
| (ခ) | ကော်မရှင်ဥပဒေပုဒ်မ ၃၂ (ဂ) အရ တိုင်တန်းသူအတွက် ပိုမိုကုစားနိုင်မည့်နည်းလမ်းရှိခြင်း၊ ပိုမိုသင့်လျော်သော ကြောင်းကျိုးညီညွတ်စွာ တိုင်တန်းနိုင်မည့်နည်းလမ်းရှိခြင်း | ၇၆ မှု |
| (ဂ) | ကော်မရှင်ဥပဒေပုဒ်မ ၃၇ (က) နှင့် (ခ) အရ တရားရုံး စီရင်ဆဲနှင့် တရားရုံးတစ်ခုခုက အပြီးသတ် စီရင်ဆုံးဖြတ်ပြီးခြင်း | ၂၆ မှု |

| | | |
|---|---|---|
| (ဃ) | ကော်မရှင်ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်း အခန်း (၄)၊ အပိုဒ် (၅) အရ တိုင်တန်းချက်အင်္ဂါရပ်နှင့် မညီညွတ်ခြင်း | ၂၄ မှု |
| | **စုစုပေါင်း** | **၁၄၆ မှု** |

## ၂၀၂၄ ခုနှစ်အတွင်း တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် တိုင်တန်းချက် လက်ခံရရှိမှု အခြေအနေ

၂၈။ ၂၀၂၄ ခုနှစ်အတွင်း တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် တိုင်တန်းချက် လက်ခံရရှိမှုမှာ အောက်ပါအတိုင်းဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီးမှ တိုင်တန်းချက် အများဆုံး ဖြစ်ပါသည်။ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့မှ တိုင်တန်းချက် လက်ခံရရှိခြင်း မရှိပါ။

| **စဉ်** | **တိုင်းဒေသကြီး/ပြည်နယ်** | **အရေအတွက်** |
|---|---|---|
| (က) | ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် | ၁၂ စောင် |
| (ခ) | ရန်ကုန်တိုင်းဒေသကြီး | ၁၁၃ စောင် |
| (ဂ) | မန္တလေးတိုင်းဒေသကြီး | ၁၆ စောင် |
| (ဃ) | ဧရာဝတီတိုင်းဒေသကြီး | ၁၉ စောင် |
| (င) | မကွေးတိုင်းဒေသကြီး | ၆ စောင် |
| (စ) | စစ်ကိုင်းတိုင်းဒေသကြီး | ၁၆ စောင် |
| (ဆ) | ပဲခူးတိုင်းဒေသကြီး | ၂၂ စောင် |
| (ဇ) | တနင်္သာရီတိုင်းဒေသကြီး | ၈ စောင် |
| (ဈ) | ကရင်ပြည်နယ် | ၃ စောင် |
| (ည) | မွန်ပြည်နယ် | ၄ စောင် |
| (ဋ) | ရှမ်းပြည်နယ် | ၁၄ စောင် |
| | **စုစုပေါင်း** | **၂၃၃ စောင်** |




## ၂၀၂၄ ခုနှစ်အတွင်းအမှုအမျိုးအစားအလိုက် လက်ခံရရှိမှု အခြေအနေ

၂၉။ ၂၀၂၄ ခုနှစ်အတွင်း လက်ခံရရှိခဲ့သော အမှုအမျိုးအစားများမှာ အောက်ပါအတိုင်း ဖြစ်ပြီး တိုင်တန်းချက်အများဆုံးမှာ မြေယာအငြင်းပွားမှုနှင့် သက်ဆိုင်သော အမှုဖြစ်ပါသည်-

| စဉ် | အမှုအမျိုးအစား | အရေအတွက် |
|---|---|---|
| (က) | မြေယာအငြင်းပွားမှုနှင့်သက်ဆိုင်သော အမှု | ၁၀၉ စောင် |
| (ခ) | ရဲနှင့်သက်ဆိုင်သော အမှု | ၃၁ စောင် |
| (ဂ) | တရားရေးနှင့်သက်ဆိုင်သော အမှု | ၂၃ စောင် |
| (ဃ) | အခြားနှင့်သက်ဆိုင်သော အမှု | ၁၃ စောင် |
| (င) | အမျိုးသမီးနှင့်သက်ဆိုင်သော အမှု | ၉ စောင် |
| (စ) | အလုပ်သမားနှင့်သက်ဆိုင်သော အမှု | ၇ စောင် |
| (ဆ) | အုပ်ချုပ်ရေးမှူးနှင့်သက်ဆိုင်သော အမှု | ၉ စောင် |
| (ဇ) | ဝန်ထမ်းနှင့်သက်ဆိုင်သော အမှု | ၇ စောင် |
| (ဈ) | အကျဉ်းထောင်မှုနှင့်သက်ဆိုင်သော အမှု | ၇ စောင် |
| (ည) | စည်ပင်သာယာမှုနှင့်သက်ဆိုင်သော အမှု | ၅ စောင် |
| (ဋ) | ကလေးသူငယ်နှင့်သက်ဆိုင်သော အမှု | ၃ စောင် |
| (ဌ) | နိုင်ငံသားဖြစ်ခွင့်နှင့်သက်ဆိုင်သော အမှု | ၆ စောင် |
| (ဍ) | ဘာသာရေးနှင့်သက်ဆိုင်သော အမှု | ၂ စောင် |
| (ဎ) | တပ်မတော်နှင့်သက်ဆိုင်သော အမှု | ၁ စောင် |

(ဏ) ကလေးစစ်သားနှင့်သက်ဆိုင်သော အမှု ၁ စောင်

**စုစုပေါင်း** **၂၃၃ စောင်**




**သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများမှ ပြန်ကြားစာ ရရှိမှုအခြေအနေ**

၃၀။ ၂၀၂၄ ခုနှစ်အတွင်း ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များထံမှ ပြန်ကြားစာ ၇၄ စောင်ကို အောက်ပါအတိုင်း လက်ခံရရှိခဲ့ပါသည်-

(က) ၂၀၂၃ ခုနှစ် တိုင်တန်းချက်များအပေါ် ပြန်ကြားချက် ၉ စောင်

(ခ) ၂၀၂၄ ခုနှစ် တိုင်တန်းချက်များအပေါ် ပြန်ကြားချက် ၆၅ စောင်

**စုစုပေါင်း** **၇၄ စောင်**

၃၁။ အဆိုပါပြန်ကြားစာ ၇၄ စောင်ကို အောက်ပါအတိုင်း ဆက်လက်ဆောင်ရွက်ခဲ့ပါသည်-

(က) သက်ဆိုင်ရာဌာနများသို့ ပြန်လည်မေးမြန်းခြင်း ၄ စောင်

(ခ) တိုင်ကြားသူများသို့ အကြောင်းပြန်ကြားခြင်း ၅၈ စောင်

(ဂ) မှတ်တမ်းထားရှိခြင်း ၁၂ စောင်

**စုစုပေါင်း** **၇၄ စောင်**

## ၂၀၂၄ ခုနှစ်အတွင်း ကော်မရှင်မှ ပေးပို့သည့်တိုင်တန်းချက် ၆၂ မှု နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများထံ ပေးပို့ခဲ့သည့် အကြောင်းကြားစာ ၆၉ စောင်အပေါ် ပြန်ကြားလာမှုအခြေအနေ

| စဉ် | ဌာန/ အဖွဲ့အစည်းအမည် | ပေးပို့ | ပြန်ကြား |
|---|---|---|---|
| ၁ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး | ၂ | ၆ |
| ၂ | ကာကွယ်ရေးဝန်ကြီးဌာန | ၂ | ၂ |
| ၃ | ပြည်ထဲရေးဝန်ကြီးဌာန | ၁၅ | ၁၂ |
| ၄ | ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး | ၂ | ၂ |
| ၅ | သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | ၁ | ၁ |
| ၆ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ၇ | ၅ |
| ၇ | သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန | ၁ | ၁ |
| ၈ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | - | ၁ |
| ၉ | လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | ၆ | ၄ |
| ၁၀ | အလုပ်သမားဝန်ကြီးဌာန | ၂ | ၃ |
| ၁၁ | ပညာရေးဝန်ကြီးဌာန | ၂ | ၂ |
| ၁၂ | သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | ၁ | ၁ |
| ၁၃ | ဆောက်လုပ်ရေးဝန်ကြီးဌာန | ၁ | ၁ |
| ၁၄ | လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန | ၃ | ၃ |
| ၁၅ | တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ | ၁ | - |
| ၁၆ | ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ | ၂ | ၂ |
| ၁၇ | မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ | ၂ | ၂ |
| ၁၈ | ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ | ၁၂ | ၁၀ |
| ၁၉ | ရှမ်းပြည်နယ်အစိုးရအဖွဲ့ | ၂ | ၂ |
| ၂၀ | ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ | ၁ | ၁ |
| ၂၁ | နေပြည်တော်ကောင်စီရုံး | ၂ | ၂ |
| ၂၂ | တရားလွှတ်တော်ရှေ့နေများကောင်စီ | ၁ | ၁ |

| | | | |
|---|---|---|---|
| ၂၃ | လယ်ယာမြေနှင့်အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ | ၁ | ၁ |
| | **စုစုပေါင်း** | **၆၉** | **၆၅** |

၃၂။ တိုင်တန်းချက်များနှင့်စပ်လျဉ်း၍ လိုအပ်သလို စိစစ်ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာ ပြည်ထောင်စုအဖွဲ့အစည်းများသို့ (၆၉) စောင်ပေးပို့ခဲ့ရာ ယင်းတို့အနက် အများဆုံးပေးပို့မှုအနေဖြင့် ပြည်ထဲရေးဝန်ကြီးဌာနသို့ (၁၅) စောင်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ (၁၂) စောင်နှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသို့ (၇) စောင်တို့ ဖြစ်ပါသည်။

**ကော်မရှင်သို့ ပေးပို့လာသော တိုင်တန်းချက်များအပေါ် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်မှု**

၃၃။ ၂၀၂၄ ခုနှစ်အတွင်း ကော်မရှင်မှ ပေးပို့ခဲ့သော တိုင်တန်းချက်များနှင့် စပ်လျဉ်းသည့် အကြောင်းကြားစာများအပေါ် ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်း များ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များ၏ ပူးပေါင်းဆောင်ရွက်မှုများကို အောက်ပါအတိုင်း ကောက်နုတ်ဖော်ပြပါသည်-

(က) ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်နေ တိုင်တန်းသူ၏ သမီးဖြစ်သူ အလုပ်လုပ် ကိုင်လျက်ရှိသော စက်ရုံမှ ဝန်ထမ်းကြို/ပို့ ယာဉ်မောင်းက လိမ်လည်၍ အဓမ္မ ပြုကျင့်ခဲ့သဖြင့် သက်ဆိုင်ရာရဲစခန်းသို့ တိုင်ကြားခဲ့ရာ ပြီးပြတ်အောင် အရေးယူ ဆောင်ရွက်ပေးခြင်းမရှိသောကြောင့် ကော်မရှင်သို့ တိုင်တန်းလာမှုအပေါ် ပြည်ထဲရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ရာ နစ်နာသူတစ်ဦး၏ တိုင်ကြား မှုကို ပြီးပြတ်အောင် ဆောင်ရွက်ပေးမှုမရှိသည့် သက်ဆိုင်ရာမြို့မရဲစခန်းမှူးကို ရဲစည်းကမ်း ထိန်းသိမ်းရေး ဥပဒေအရ အရေးယူနိုင်ရေး ဆောင်ရွက်လျက် ရှိပါကြောင်း၊ သက်ဆိုင်ရာ မြို့မရဲစခန်းမှ မှုခင်းစာရေး ရဲတပ်ကြပ် ၁ ဦးနှင့် ဒုရဲအုပ် ၂ ဦးတို့ကို ရန်ကုန်တိုင်းဒေသကြီး၊ ရဲတပ်ဖွဲ့မှူးက မှတ်တမ်းဝင် သတိပေးလက်မှတ် ရေးထိုးပြီး ဖြစ်ပါကြောင်း အကြောင်းပြန်ကြားလာပါသည်။

(ခ) ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်နေ တိုင်တန်းသူသည် ၂၀၂၂ ခုနှစ်၊ ဇူလိုင်လတွင် ၎င်း၏ ခင်ပွန်းနှင့် ကွာရှင်းပြတ်စဲခဲ့ပြီး ဒီဇင်ဘာလတွင် ပြန်လည်ပေါင်းသင်း နေထိုင်ခဲ့ရာ ခင်ပွန်းဖြစ်သူမှ တိုင်တန်းသူ၏ ခွင့်ပြုချက်မရှိဘဲ လက်ဝတ်ရတနာများ ကို သိမ်းယူကာ မိသားစုများအပေါ် ညှဉ်းပန်းနှိပ်စက်မှုများကို ပြုလုပ်ခဲ့သည့်အတွက် ကော်မရှင်သို့ တိုင်တန်းချက် ပေးပို့လာမှုအပေါ် ပြည်ထဲရေးဝန်ကြီးဌာနနှင့် ပူးပေါင်း ဆောင်ရွက်ခဲ့ရာ သက်ဆိုင်ရာရဲစခန်းမှ အမှုစစ်ဒုရဲအုပ်နှင့် ရဲစခန်းမှူး(ဒုတိယရဲမှူး) ၂

ဦးတို့သည် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ခဲ့ခြင်း မရှိသဖြင့် မှတ်တမ်းတင် သတိပေး လက်မှတ်ရေးထိုးပြီးဖြစ်ပါကြောင်း အကြောင်းပြန်ကြားလာပါသည်။

(ဂ) ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်နေ တိုင်တန်းသူသည် Trading Co.,Ltd တစ်ခုတွင် HR Manager ရာထူးဖြင့် လုပ်သက် (၆) နှစ်ကျော် တာဝန်ထမ်းဆောင်ခဲ့ရာမှ အကြောင်းပြချက်မရှိဘဲ အလုပ်မှ ရပ်စဲခံရသဖြင့် လိုအပ်သလို ကူညီဆောင်ရွက်ပေးစေလိုပါကြောင်း ကော်မရှင်သို့ တိုင်တန်းချက် ပေးပို့လာမှုအပေါ် အလုပ်သမားဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ရာ ၃၀-၄-၂၀၂၄ ရက်နေ့တွင် အင်းစိန်မြို့နယ် ပေါင်းစပ်အဖွဲ့မှ ညှိနှိုင်းပေးခဲ့ပြီး တိုင်တန်းသူအား ပေးလျော်ငွေ စုစုပေါင်း ၁၃,၇၇၇,၅၀၀ ကျပ်ကို အလုပ်ရှင်ကိုယ်စား Finance Manager မှ ပေးချေသည်ကို တိုင်တန်းသူက သဘောတူ ကျေနပ်လက်ခံခဲ့သဖြင့် အလုပ်ရှင်၊ အလုပ်သမား နှစ်ဖက်သဘောတူညီချက် စာချုပ်ချုပ်ဆိုပေးပြီးဖြစ်ပါကြောင်း အကြောင်းပြန်ကြားလာပါသည်။

(ဃ) မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်နေ တိုင်တန်းသူသည် အထက်တန်းပြဆရာတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၅-၁၀-၂၀၂၁ ရက်နေ့တွင် သက်ပြည့်အငြိမ်းစားပင်စင် ခံစားခွင့်ရရှိရေး လျှောက်ထားရာတွင် သက်ပြည့် ပင်စင်ခံစားမည့် အသက်ကို တက္ကသိုလ်ဝင်တန်းအောင် လက်မှတ်ပါ မွေးသက္ကရာဇ်အရ တွက်ချက်ပြီး သက်ပြည့်ပင်စင် ယူရမည့်နေ့ရက်ထက် ကျော်လွန်၍ တာဝန်ထမ်းဆောင်ခဲ့သည့် ထုတ်ယူခဲ့သော လစာငွေများကို ပြန်လည်ပေးသွင်းပြီးမှသာ သက်ပြည့်ပင်စင် ခံစားခွင့်ရရှိမည်ဟု အကြောင်းကြားလာသဖြင့် ကူညီဆောင်ရွက်ပေးစေလိုပါကြောင်း ကော်မရှင်သို့ တိုင်တန်းချက် ပေးပို့လာသဖြင့် ပညာရေးဝန်ကြီးဌာနသို့ ပေးပို့စိစစ်ခဲ့ရာ သက်ပြည့်ပင်စင်ခံစားခွင့်တွင် တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်ပါ မွေးသက္ကရာဇ်ကိုသာ အတည်ပြုမှတ်ယူရသဖြင့် ထုတ်ယူခဲ့သော လစာငွေများကို ပြန်လည်ပေးသွင်းပြီးမှသာ ပင်စင်ခံစားခွင့်ပြုမည်ဖြစ်ကြောင်း ပြန်ကြားလာသည့်အတွက် ဝန်ထမ်းသက် မှတ်တမ်းစာအုပ် (Service Book) ပါ မွေးသက္ကရာဇ်အရ သက်ပြည့်ပင်စင်ခံစားခွင့်ပြုသင့်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးသို့ ပေးပို့တင်ပြခဲ့ရာ တိုင်ကြားသူ၏ အသက် ၆၀ နှစ်ပြည့် သက်ပြည့် ပင်စင် ခံစားခွင့်ရရှိခဲ့ပါသည်။

(င) ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ တမီလ်လူမျိုး၊ ဟိန္ဒူဘာသာ ကိုးကွယ်သူ အမျိုးသမီးတစ်ဦး၏ ဖခင်သည် နိုင်ငံသားစိစစ်ရေးကတ်ပြားကို ကိုင်ဆောင်ထားသူဖြစ်ပြီး မိခင်ဖြစ်သူသည် ဧည့်နိုင်ငံသားစိစစ်ရေးကတ်ပြားကို ကိုင်ဆောင်ထားသူ

ဖြစ်ရာ အဆိုပါ အမျိုးသမီးငယ်၏ နိုင်ငံသားစိစစ်ရေး ကတ်ရရှိရေးအတွက် လျှောက်ထားခဲ့သော်လည်း ကြန့်ကြာနေသဖြင့် ဘွဲ့လက်မှတ်ထုတ်ယူရန် အခက်အခဲ ဖြစ်နေသောကြောင့် ကူညီဆောင်ရွက်ပေးစေလိုပါကြောင်း ကော်မရှင်သို့ တိုင်တန်းချက်ပေးပို့လာမှုအပေါ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ရာ ယင်းအမျိုးသမီးငယ်၏ အမှုတွဲနှင့်စပ်လျဉ်း၍ စနစ်တကျလွှဲပြောင်းမှု မရှိသည့်အတွက် ကြာမြင့်ခဲ့ခြင်းဖြစ်၍ တာဝန်ရှိသည့် ဝန်ထမ်းများအား နိုင်ငံ့ဝန်ထမ်း ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အကြောင်းပြန်ကြားလာပါသည်။

(စ) ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်နေ တိုင်တန်းသူက ၂-၄-၂၀၂၄ ရက်နေ့ ည ၉း၀၀ နာရီခန့်အချိန်တွင် တိုင်တန်းသူ မိသားစုနှင့် မျက်နှာချင်းဆိုင် နေအိမ်မှ မူးယစ်ရမ်းကား ညစ်ညမ်းစွာ အော်ဟစ်ဆဲဆိုရန်စသောကြောင့် စကားများရာမှ တိုင်တန်းသူ၏သမီးဖြစ်သူအား အုပ်စုဖွဲ့ဝိုင်းရိုက်ကြကြောင်း၊ တိုင်တန်းသူတို့မှ ရဲစခန်းသို့ သွားရောက်အမှုဖွင့် တိုင်ကြားခဲ့ရာ တိုင်တန်းသူတို့အား တရားခံသဖွယ် ခြိမ်းခြောက်ခြင်းများရှိခဲ့ပြီး တိုင်တန်းသူတို့ ထွက်ဆိုစစ်ဆေးခံချက်တွင်လည်း အဓိကကျသော အချက်များကို ထည့်သွင်းခြင်း မရှိဘဲ ထိမ်ချန်ထားပြီး ထွက်ဆိုချက်မှန်ကန်ကြောင်းကို အတင်းလက်မှတ် ရေးထိုးခိုင်းခြင်းများ ပြုလုပ်ခဲ့သည့် ရဲစခန်းမှူးနှင့် အမှုစစ်အရာရှိတို့အား အရေးယူပေးစေလိုကြောင်း ကော်မရှင်သို့ တိုင်တန်းချက်ပေးပို့လာမှုအပေါ် ပြည်ထဲရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ရာ တိုင်တန်းသူတိုင်ကြားသည့် အစစ်ခံချက်များအား ထိမ်ချန်ပြီး လက်မှတ်ရေးထိုးခိုင်းခြင်းမှာ မှန်ကန်မှုမရှိကြောင်း၊ အမှုစစ်ဒုရဲအုပ်သည် ပြည်သူနှင့် ဆက်ဆံရာတွင် အဆင်ပြေစွာ ဆက်ဆံနိုင်မှု မရှိခြင်း၊ မလိုအပ်သည့် စကားများပြောဆိုခြင်းကြောင့် တိုင်ကြားခံရခြင်း ဖြစ်သဖြင့် အမှုစစ် ဒုရဲအုပ်နှင့် စခန်းမှူး ရဲအုပ် ၂ ဦးကို မှတ်တမ်းတင်သတိပေး လက်မှတ်ရေးထိုးပြီးဖြစ်ပါကြောင်း အကြောင်းပြန်ကြား လာပါသည်။

(ဆ) ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်နေ တိုင်တန်းသူက ၎င်း၏ သားဖြစ်သူ အသက် (၁၄) နှစ်အရွယ်အား အမှတ် (၉၃၀) ထောက်ပံ့နှင့် ပို့ဆောင်ရေး တပ်ရင်းမှ အသက်မပြည့် တပ်သားသစ် အဖြစ်စုဆောင်းခြင်းခံရပြီး အမှတ် (၁) စစ်အခြေခံလေ့ကျင့်ရေးတပ်တွင် တက်ရောက်ပညာ သင်ကြားနေကြောင်း သိရှိရသဖြင့် သားဖြစ်သူအား ပညာဆက်လက် သင်ကြားခွင့်ရရှိရေး သင်တန်းကျောင်းမှ ပြန်လည်ခေါ်ယူခွင့်ရရှိနိုင်ရေး ကူညီဆောင်ရွက်ပေးစေလိုပါကြောင်း ကော်မရှင်သို့ တိုင်တန်းချက်ပေးပို့လာမှုအပေါ် ကာကွယ်ရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်

ခဲ့ရာ တိုင်တန်းသူ၏ သားဖြစ်သူသည် တပ်မတော်သို့ မိမိသဘောဆန္ဒ အလျောက် ဝင်ရောက်ခဲ့သော်လည်း တပ်မတော်သို့ ဝင်ရောက်စဉ် အသက် ၁၈ နှစ်မပြည့် ကြောင်း စိစစ်တွေ့ရှိရသည့်အပြင် The Country Task Force on Monitoring and Reporting (CTFMR) ကလေးသူငယ်များနှင့် လက်နက်ကိုင် ပဋိပက္ခဆိုင်ရာ စောင့်ကြည့်ရေးနှင့် အစီရင်ခံစာတင်ပြသည့် နိုင်ငံအဆင့်အထူးအဖွဲ့၏ သံသယ စာရင်းတွင် ပါဝင်သူဖြစ်ကြောင်း စိစစ်တွေ့ရှိရသည့်အတွက် CTFMR နှင့် ပူးပေါင်း၍ တပ်မတော်သို့ ဝင်ရောက်စဉ် အသက် ၁၈ နှစ်မပြည့်သေးသူများအား မိဘ/ အုပ်ထိန်းသူများထံသို့ လွှဲပြောင်းသည့်အခမ်းအနားတွင် ထည့်သွင်းလွှဲပြောင်း ပေးသွားမည် ဖြစ်ပါကြောင်း အကြောင်းပြန်ကြားလာပါသည်။

(ဇ) ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်နေ တိုင်တန်းသူ (ပါ) ၄ ဦးသည် နိုင်ငံသား စိစစ်ရေးကတ်ပြားရရှိလိုသဖြင့် ကူညီဆောင်ရွက် ပေးစေလိုပါကြောင်း ကော်မရှင်သို့ တိုင်တန်းချက် ပေးပို့လာမှုအပေါ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဝန်ကြီး ဌာနနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ရာ တိုင်တန်းသူ (ပါ) ၄ ဦးတို့အား ဥပဒေနှင့်အညီ နိုင်ငံသားစိစစ်ရေးကတ်ပြားများထုတ်ပေးပြီးဖြစ်ကြောင်း အကြောင်းပြန်ကြားလာ ပါသည်။

(ဈ) ပဲခူးတိုင်းဒေသကြီး၊ ကလျာဏီရပ်ကွက်တွင် တစ်ဦးတည်းနေထိုင်သူ အသက် ၆၇ နှစ် ရှိ အငြိမ်းစားဝန်ထမ်း အမျိုးသမီးတစ်ဦး၏ နေအိမ်အား တပ်မတော်သား၊ ရဲတပ်ဖွဲ့ ဝင်များနှင့် ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များ ပါဝင်သော အဖွဲ့သည် ညအချိန်များတွင် ဧည့်စာရင်းစစ်မည်ဟုဆိုကာ အကြိမ်ကြိမ် လာရောက်ရှာဖွေ စစ်ဆေးခြင်းများ ပြုလုပ်သဖြင့် လူ့အခွင့်အရေးနစ်နာ ဆုံးရှုံးနေသောကြောင့် ကူညီဆောင်ရွက်ပေးစေ လိုကြောင်း ကော်မရှင်သို့ တိုင်တန်းချက် ပေးပို့လာမှုအပေါ် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ခဲ့ရာ ဥပဒေလုပ်ထုံးလုပ်နည်း နားလည်သည့် ရဲတပ်ဖွဲ့ဝင်များ လိုက်ပါခြင်း မရှိသည့်အပြင် စစ်ဆေးရှာဖွေမှုအပြီး မှတ်တမ်းပြုလုပ် ထားခြင်း မရှိသည့်အတွက် ကြီးကြပ်ကွပ်ကဲမှု အားနည်းသူ အမှတ် (၂) နယ်မြေ ရဲစခန်းမှူးနှင့် ရဲအရာခံတို့ (၂) ဦးအား နောင်အလားတူ ဖြစ်စဉ်မျိုး မဖြစ်ပွားစေရေး အတွက် တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး၏ မှတ်တမ်းဝင် သတိပေး လက်မှတ် ရေးထိုးပြီး ဖြစ်ပါကြောင်း အကြောင်းပြန်ကြားလာပါသည်။

(ည) ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်နေ တိုင်တန်းသူ၏ သားဖြစ်သူသည် Brain Works International School Yangon ၌ ပညာသင်ကြားနေစဉ် ကျောင်းသားတစ်ဦးမှ သားဖြစ်သူအား သန့်စင်ခန်းအတွင်း၌ လက်သီးဖြင့် အကြိမ်

ပေါင်းများစွာ ထိုးကြိတ်ခဲ့သဖြင့် နှစ်ဖက်မိဘများနှင့် ကျောင်းအုပ် အပါအဝင် ဖြစ်စဉ်ကို စုံစမ်းမေးမြန်းပြီး နောက်တစ်ကြိမ်ထပ်မံ မဖြစ်ပွားစေရန် တစ်ဖက်မိဘများနှင့် ကျောင်းရှိ တာဝန်ရှိသူများအား ခံဝန်လက်မှတ် ရေးထိုးစေခဲ့ရာ ၂၀၂၄-၂၀၂၅ ခုနှစ် ပညာသင်နှစ်အတွက် တိုင်တန်းသူ၏ သားဖြစ်သူ ၂ ဦးကို ကျောင်းအပ်ရန် ငွေသွင်းသည့်အခါ အဆိုပါကျောင်းမှ ကျောင်းအုပ်ဖြစ်သူက ယခင်နှစ် ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်များကို အကြောင်းပြထားကာ ကျောင်းအပ်လက်မခံခဲ့သဖြင့် ကလေးသူငယ်၏ စိတ်ပိုင်းဆိုင်ရာကို ထိခိုက်ခံစားစေခဲ့ပါသဖြင့် အဆိုပါကျောင်းမှ တာဝန်ရှိသူများကို အရေးယူ ဆောင်ရွက်ပေးစေလိုပါကြောင်း ကော်မရှင်သို့ တိုင်တန်းချက် ပေးပို့လာမှု အပေါ် ပညာရေး ဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ရာ Brain Works International School အား နောက်နောင် အလားတူပြဿနာမျိုး ထပ်မံဖြစ်ပွားလာပါက ပုဂ္ဂလိက ပညာရေးဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ခြင်းခံရမည် ဖြစ်ကြောင်းကို စာဖြင့် သတိပေးခြင်း၊ ဝန်ခံကတိ ရယူခြင်းတို့ ဆောင်ရွက်ပြီး ဖြစ်ပါကြောင်း အကြောင်းပြန်ကြားလာပါသည်။

(ဠ) ဧရာဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့နယ်နေ တိုင်တန်းသူ ဦးဟာမွတ်၏ မြေးဖြစ်သူ အသက် (၁၄) နှစ်အရွယ် မိန်းကလေးငယ်၏ အသက်ကို လိမ်လည်၍ ကျေးရွာအုပ်ချုပ်ရေးမှူး (ပါ) ၆ ဦးက တစ်ရွာတည်းနေ လူငယ်တစ်ဦးနှင့် ထိမ်းမြား လက်ထပ်ပေးခဲ့သဖြင့် အဆိုပါကျေးရွာအုပ်ချုပ်ရေးမှူး (ပါ) ၆ ဦးအား အရေးယူ ဆောင်ရွက်ပေးရန် ဦးဟာမွတ်၏ ဖအေတူမအေကွဲ ညီမ ဒေါ်ငွေတင်က သက်ဆိုင်ရာရဲစခန်းတွင် အမှုဖွင့် တိုင်ကြားခဲ့သော်လည်း တိုင်တန်းခံရသူများက အမှုမဖွင့်ရန် ဒေါ်ငွေတင်အား ညှိနှိုင်းလာဘ်ငွေပေး၍ အမှုကို ကျေအေးရန် တိုက်တွန်း ဆောင်ရွက်ခဲ့ကြသောကြောင့် သက်ဆိုင်သူများကို အရေးယူဆောင်ရွက်ပေးရန် ကော်မရှင်သို့ တိုင်တန်းချက် ပေးပို့လာမှုအပေါ် ပြည်ထဲရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ရာ ဒေါ်ငွေတင်က ၎င်းစွဲဆိုထားသော အမှုအား ဆက်လက်ဆောင်ရွက်ရန် ဆန္ဒမရှိ၍ အမှုအား ရုပ်သိမ်းခွင့်ပြုပါရန် ခရိုင်ဥပဒေ အရာရှိထံ တင်ပြလျှောက်ထားခဲ့ပါကြောင်း၊ အဆိုပါ ရုပ်သိမ်းခွင့် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် ကန့်ကွက်ပါကြောင်း သဘောထားမှတ်ချက်အား သက်ဆိုင်ရာခရိုင်ဥပဒေရုံးသို့ အကြောင်းကြား ထားရှိပြီးဖြစ်ပါကြောင်း အကြောင်းပြန်ကြားလာပါသည်။

**အကျဉ်းထောင်များ၊ အချုပ်ထောင်များ၊ အကျဉ်းစခန်းများ၊ ရဲစခန်းအချုပ်ခန်းများနှင့် တရားရုံးအချုပ်ခန်းများ ကြည့်ရှုစစ်ဆေးခြင်း**

၃၄။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ကော်မရှင် ဥပဒေ ပုဒ်မ ၄၃၊ ၄၄ ပြဋ္ဌာန်းချက်များအရ အကျဉ်းထောင်၊ အချုပ်ထောင်၊ အကျဉ်းစခန်း၊ ရဲစခန်းအချုပ်ခန်းနှင့် တရားရုံးအချုပ်ခန်းတို့ကို ကြည့်ရှုစစ်ဆေးလျက်ရှိရာ ၂၀၂၄ ခုနှစ်အတွင်း အောက်ပါအတိုင်း ကြည့်ရှုစစ်ဆေးခဲ့ပါသည်-

| စဉ် | အဆင့်သတ်မှတ်ချက် | အရေအတွက် |
|---|---|---|
| (က) | "ဗဟို" အဆင့် အကျဉ်းထောင် | ၁ ခု |
| (ခ) | "က" အဆင့် အကျဉ်းထောင် | ၅ ခု |
| (ဂ) | "ခ" အဆင့် အကျဉ်းထောင် | ၁ ခု |
| (ဃ) | အချုပ်ထောင် | ၃ ခု |
| (င) | "က" အဆင့် အကျဉ်းစခန်း | ၅ ခု |
| (စ) | "ခ" အဆင့် အကျဉ်းစခန်း | ၇ ခု |
| (ဆ) | ရဲစခန်းအချုပ်ခန်း | ၁၈ ခု |
| (ဇ) | တရားရုံးအချုပ်ခန်း | ၁၅ ခု |
| | **စုစုပေါင်း** | **၅၅ ခု** |

**အကျဉ်းထောင်၊ အချုပ်ထောင်၊ အကျဉ်းစခန်းများ နှင့် စပ်လျဉ်း၍ အကြံပြုချက်များ**

၃၅။ အကျဉ်းထောင်၊ အချုပ်ထောင်၊ အကျဉ်းစခန်းများ ကြည့်ရှုစစ်ဆေးမှုနှင့်စပ်လျဉ်း၍ အကြံပြုချက် (၁၄၉) ချက်ကို ပြည်ထဲရေးဝန်ကြီးဌာနသို့ အောက်ပါအတိုင်း ပေးပို့ခဲ့ပါသည်-

(က) **ထုံးဘို (ကျား) (၁) ကုန်ထုတ်စခန်း ကြည့်ရှုစစ်ဆေးခြင်း။** ကော်မရှင် ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၁၆-၁-၂၀၂၄ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်ရှိ ထုံးဘို (ကျား) (၁) ကုန်ထုတ်စခန်းသို့ သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ပြီး အကြံပြုချက် (၅) ချက်ကို ပေးပို့ခဲ့ပါသည်။

(ခ) **ထုံးဘို (ကျား) (၂) ကုန်ထုတ်စခန်း ကြည့်ရှုစစ်ဆေးခြင်း။** ကော်မရှင် ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၁၆-၁-၂၀၂၄ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်ရှိ ထုံးဘို (ကျား) (၂) ကုန်ထုတ်စခန်းသို့ သွားရောက် ကြည့်ရှု စစ်ဆေးခဲ့ပြီး အကြံပြုချက် (၅) ချက်ကို ပေးပို့ခဲ့ပါသည်။

(ဂ) **ထုံးဘို (မ) ကုန်ထုတ်စခန်း ကြည့်ရှုစစ်ဆေးခြင်း။** ကော်မရှင် ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၁၇-၁-၂၀၂၄ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီး မြို့နယ်ရှိ

ထုံးဘို (မ) ကုန်ထုတ်စခန်းသို့ သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ပြီး အကြံပြုချက် (၅) ချက်ကို ပေးပို့ခဲ့ပါသည်။

(ဃ) **၂၄ မိုင် ကုန်ထုတ်စခန်း ကြည့်ရှုစစ်ဆေးခြင်း။** ကော်မရှင် ကြည့်ရှုစစ်ဆေးရေး အဖွဲ့သည် ၁၇-၁-၂၀၂၄ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင် မြို့နယ်ရှိ ၂၄ မိုင် ကုန်ထုတ်စခန်းသို့ သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ပြီး အကြံပြုချက် (၂) ချက်ကို ပေးပို့ခဲ့ပါသည်။

(င) **အောင်ချမ်းသာ စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှု အတတ်သင်စခန်း ကြည့်ရှုစစ်ဆေးခြင်း။** ကော်မရှင် ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၂၃-၁-၂၀၂၄ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်ရှိ အောင်ချမ်းသာ စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး အကြံပြုချက် (၁၁) ချက်ကို ပေးပို့ခဲ့ပါသည်။

(စ) **မြောင်းမြအကျဉ်းထောင် ကြည့်ရှုစစ်ဆေးခြင်း။** ကော်မရှင် ကြည့်ရှုစစ်ဆေးရေး အဖွဲ့သည် ၆-၂-၂၀၂၄ ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့ရှိ မြောင်းမြအကျဉ်းထောင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး အကြံပြုချက် (၈) ချက်ကို ပေးပို့ခဲ့ပါသည်။

(ဆ) **ပုသိမ်အကျဉ်းထောင် ကြည့်ရှုစစ်ဆေးခြင်း။** ကော်မရှင် ကြည့်ရှုစစ်ဆေးရေး အဖွဲ့သည် ၂၀-၂-၂၀၂၄ ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့ရှိ ပုသိမ်အကျဉ်းထောင်သို့ သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ပြီး အကြံပြုချက် (၂) ချက်ကို ပေးပို့ခဲ့ပါသည်။

(ဇ) **ပဲခူးအချုပ်ထောင် ကြည့်ရှုစစ်ဆေးခြင်း။** ကော်မရှင် ကြည့်ရှုစစ်ဆေးရေး အဖွဲ့သည် ၁၉-၃-၂၀၂၄ ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့ရှိ ပဲခူးအချုပ်ထောင်သို့ သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ပြီး အကြံပြုချက် (၈) ချက်ကို ပေးပို့ခဲ့ပါသည်။

(ဈ) **ကျောက်ဖြူတောင်/ နတ်စင်ကုန်း ကုန်ထုတ်စခန်း ကြည့်ရှုစစ်ဆေးခြင်း။** ကော်မရှင် ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၂၂-၄-၂၀၂၄ ရက်နေ့တွင် တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့ရှိ ကျောက်ဖြူတောင်/ နတ်စင်ကုန်း ကုန်ထုတ်စခန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး အကြံပြုချက် (၇) ချက်ကို ပေးပို့ခဲ့ပါ သည်။

(ည) **မြိတ်အကျဉ်းထောင်ကြည့်ရှုစစ်ဆေးခြင်း။** ကော်မရှင် ကြည့်ရှုစစ်ဆေးရေး အဖွဲ့သည် ၂၃-၄-၂၀၂၄ ရက်နေ့တွင် တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့ရှိ မြိတ် အကျဉ်းထောင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး အကြံပြုချက် (၅) ချက်ကို ပေးပို့ခဲ့ပါသည်။

(ဋ) **ကျိုင်းတုံအကျဉ်းထောင် ကြည့်ရှုစစ်ဆေးခြင်း။** ကော်မရှင် ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၁၅-၅-၂၀၂၄ ရက်နေ့တွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့ရှိ ကျိုင်းတုံအကျဉ်းထောင်သို့ သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ပြီး အကြံပြုချက် (၄) ချက်ကို ပေးပို့ခဲ့ပါသည်။

(ဌ) **တာချီလိတ်ရဲအချုပ်ထောင် ကြည့်ရှုစစ်ဆေးခြင်း။** ကော်မရှင် ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၁၆-၅-၂၀၂၄ ရက်နေ့တွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ တာချီလိတ်မြို့ရှိ တာချီလိတ်ရဲအချုပ်ထောင်သို့ သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ပြီး အကြံပြုချက် (၂) ချက်ကို ပေးပို့ခဲ့ပါသည်။

(ဍ) **မိုင်းဆတ်အကျဉ်းထောင် ကြည့်ရှုစစ်ဆေးခြင်း။** ကော်မရှင် ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၁၇-၅-၂၀၂၄ ရက်နေ့တွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ မိုင်းဆတ်မြို့ရှိ မိုင်းဆတ်အကျဉ်းထောင်သို့ သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ပြီး အကြံပြုချက် (၅) ချက်ကို ပေးပို့ခဲ့ပါသည်။

(ဎ) **ကျိုက်စကော စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှု အတတ်သင်စခန်း ကြည့်ရှုစစ်ဆေးခြင်း။** ကော်မရှင် ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၁၂-၆-၂၀၂၄ ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နယ်ရှိ ကျိုက်စကောစိုက်ပျိုး မွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး အကြံပြုချက် (၇) ချက်ကို ပေးပို့ခဲ့ပါသည်။

(ဏ) **မော်လမြိုင်အချုပ်ထောင် ကြည့်ရှုစစ်ဆေးခြင်း။** ကော်မရှင် ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၁၂-၇-၂၀၂၄ ရက်နေ့တွင် မွန်ပြည်နယ်၊ မော်လမြိုင်မြို့ရှိ မော်လမြိုင်အချုပ်ထောင်သို့ သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ပြီး အကြံပြုချက် (၁၁) ချက်ကို ပေးပို့ခဲ့ပါသည်။

(တ) **ရမည်းသင်းအကျဉ်းထောင် ကြည့်ရှုစစ်ဆေးခြင်း။** ကော်မရှင် ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၂၃-၇-၂၀၂၄ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့ရှိ ရမည်းသင်းအကျဉ်းထောင်သို့ သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ပြီး အကြံပြုချက် (၈) ချက်ကို ပေးပို့ခဲ့ပါသည်။

(ထ) **ကင်းသာ (၁) ကုန်ထုတ်စခန်း ကြည့်ရှုစစ်ဆေးခြင်း။** ကော်မရှင် ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၂၄-၇-၂၀၂၄ ရက်နေ့တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တပ်ကုန်းမြို့နယ်ရှိ ကင်းသာ (၁) ကုန်ထုတ်စခန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး အကြံပြုချက် (၅) ချက်ကို ပေးပို့ခဲ့ပါသည်။

(ဒ) **ကင်းသာ (၂) ကုန်ထုတ်စခန်း ကြည့်ရှုစစ်ဆေးခြင်း။** ကော်မရှင် ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၂၄-၇-၂၀၂၄ ရက်နေ့တွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ တပ်ကုန်းမြို့နယ်ရှိ ကင်းသာ (၂) ကုန်ထုတ်စခန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး အကြံပြုချက် (၅) ချက်ကို ပေးပို့ခဲ့ပါသည်။

(ဓ) **လေ့လော်အင်း စိုက်ပျိုးမွေးမြူရေးနှင့်အသက်မွေးမှုအတတ်သင်စခန်း ကြည့်ရှုစစ်ဆေးခြင်း။** ကော်မရှင် ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၁၄-၈-၂၀၂၄ ရက်နေ့ တွင် ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်ရှိ လေ့လော်အင်း စိုက်ပျိုး မွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်းသို့ သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ပြီး အကြံပြုချက် (၅) ချက်ကို ပေးပို့ခဲ့ပါသည်။

(န) **ရွှေမြယာ စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်း ကြည့်ရှုစစ်ဆေးခြင်း။** ကော်မရှင် ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၁၂-၉-၂၀၂၄ ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်ရှိ ရွှေမြယာစိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး အကြံပြုချက် (၇) ချက်ကို ပေးပို့ခဲ့ပါသည်။

(ပ) **ဆားမလောက် စိုက်ပျိုးမွေးမြူရေးနှင့်အသက်မွေးမှုအတတ်သင်စခန်း ကြည့်ရှုစစ်ဆေးခြင်း။** ကော်မရှင် ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၁၈-၉-၂၀၂၄ ရက်နေ့ တွင် ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နယ်ရှိ ဆားမလောက် စိုက်ပျိုး မွေးမြူရေးနှင့်အသက်မွေးမှုအတတ်သင်စခန်းသို့ သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ပြီး အကြံပြုချက် (၄) ချက်ကို ပေးပို့ခဲ့ပါသည်။

(ဖ) **အင်းစိန်ဗဟိုအကျဉ်းထောင် ကြည့်ရှုစစ်ဆေးခြင်း။** ကော်မရှင် ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၇-၁၀-၂၀၂၄ ရက်နေ့မှ ၉-၁၀-၂၀၂၄ ရက်နေ့အထိ ရန်ကုန်တိုင်း ဒေသကြီး၊ အင်းစိန်မြို့နယ်ရှိ အင်းစိန်ဗဟိုအကျဉ်းထောင်သို့ သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ပြီး အကြံပြုချက် (၂၀) ချက်ကို ပေးပို့ခဲ့ပါသည်။

၃၆။ ကော်မရှင် ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် အကျဉ်းထောင်၊ အချုပ်ထောင်၊ အကျဉ်းစခန်းများကို ကြည့်ရှုစစ်ဆေးချိန်တွင် လွတ်လပ်စွာ သတင်းပို့တင်ပြလိုသည့် အကျဉ်းသား ၁၄၅ ဦး၊ အကျဉ်းသူ ၃၄ ဦး စုစုပေါင်း ၁၇၉ ဦးတို့နှင့် သီးခြားတွေ့ဆုံ၍ တင်ပြချက်များကို မှတ်တမ်းရယူခဲ့ပြီး လိုအပ်သကဲ့သို့ ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာသို့ အကြံပြုတိုက်တွန်းချက်များပေးပို့ခဲ့ပါသည်။

**ပြည်ထဲရေးဝန်ကြီးဌာန၏ ပူးပေါင်းဆောင်ရွက်မှုများ**

၃၇။ အကျဉ်းထောင်၊ အချုပ်ထောင်၊ အကျဉ်းစခန်းများနှင့် ပတ်သက်၍ ကော်မရှင် အကြံပြုချက်များအပေါ် ပြည်ထဲရေးဝန်ကြီးဌာန၏ ပူးပေါင်းဆောင်ရွက်မှုများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) **ထုံးဘို (ကျား) (၁) ကုန်ထုတ်စခန်း။** ကော်မရှင်မှ ပေးပို့ခဲ့သည့် အကြံပြုချက် (၅) ချက်ကို ဆောင်ရွက်ပြီးစီးကြောင်း ပြန်ကြားလာပါသည်။

(ခ) **ထုံးဘို (ကျား) (၂) ကုန်ထုတ်စခန်း။** ကော်မရှင်မှ ပေးပို့ခဲ့သည့် အကြံပြုချက် (၅) ချက်ကို ဆောင်ရွက်ပြီးစီးကြောင်း ပြန်ကြားလာပါသည်။

(ဂ) **ထုံးဘို (မ) ကုန်ထုတ်စခန်း။** ကော်မရှင်မှ ပေးပို့ခဲ့သည့် အကြံပြုချက် (၅) ချက် ကို ဆောင်ရွက်ပြီးစီးကြောင်း ပြန်ကြားလာပါသည်။

(ဃ) **၂၄ မိုင် ကုန်ထုတ်စခန်း။** ကော်မရှင်မှ ပေးပို့ခဲ့သည့် အကြံပြုချက် (၂) ချက်ကို ဆောင်ရွက်ပြီးစီးကြောင်း ပြန်ကြားလာပါသည်။

(င) **အောင်ချမ်းသာ စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှု အတတ်သင်စခန်း။** ကော်မရှင်မှ ပေးပို့ခဲ့သည့် အကြံပြုချက် (၁၁) ချက်ကို ဆောင်ရွက်ပြီးစီးကြောင်း ပြန်ကြားလာပါသည်။

(စ) **မြောင်းမြအကျဉ်းထောင်။** ကော်မရှင်မှ ပေးပို့ခဲ့သည့် အကြံပြုချက် (၈) ချက် အနက် အကြံပြုချက် (၇) ချက်ကို ဆောင်ရွက်ပြီးစီးကြောင်းနှင့် ကျန် (၁) ချက်မှာ ဆောင်ရွက်ဆဲဖြစ်ကြောင်း ပြန်ကြားလာပါသည်။

(ဆ) **ပုသိမ်အကျဉ်းထောင်။** ကော်မရှင်မှ ပေးပို့ခဲ့သည့် အကြံပြုချက် (၂) ချက်ကို ဆောင်ရွက်ပြီးစီးကြောင်း ပြန်ကြားလာပါသည်။

(ဇ) **ပဲခူးအချုပ်ထောင်။** ကော်မရှင်မှ ပေးပို့ခဲ့သည့် အကြံပြုချက် (၈) ချက်အနက် အကြံပြုချက် (၇) ချက်ကို ဆောင်ရွက်ပြီးစီးကြောင်းနှင့် ကျန် (၁) ချက်မှာ ဆောင်ရွက်ဆဲဖြစ်ကြောင်း ပြန်ကြားလာပါသည်။

(ဈ) **ကျောက်ဖြူတောင်/နတ်စင်ကုန်း ကုန်ထုတ်စခန်း။** ကော်မရှင်မှ ပေးပို့ခဲ့သည့် အကြံပြုချက် (၇) ချက်အနက် အကြံပြုချက် (၄) ချက်ကို ဆောင်ရွက်ပြီးစီးကြောင်းနှင့် ကျန် (၃) ချက်မှာ ဆောင်ရွက်ဆဲဖြစ်ကြောင်း ပြန်ကြားလာပါ သည်။

(ည) **မြိတ်အကျဉ်းထောင်။** ကော်မရှင်မှ ပေးပို့ခဲ့သည့် အကြံပြုချက် (၅) ချက်ကို ဆောင်ရွက်ပြီးစီးကြောင်း ပြန်ကြားလာပါသည်။

(ဋ) **ကျိုင်းတုံအကျဉ်းထောင်။** ကော်မရှင်မှ ပေးပို့ခဲ့သည့် အကြံပြုချက် (၄) ချက် အနက် အကြံပြုချက် (၂) ချက်ကို ဆောင်ရွက်ပြီးစီးကြောင်းနှင့် ကျန် (၂) ချက်မှာ ဆောင်ရွက်ဆဲဖြစ်ကြောင်း ပြန်ကြားလာပါသည်။

(ဌ) **တာချီလိတ်ရဲအချုပ်ထောင်။** ကော်မရှင်မှ ပေးပို့ခဲ့သည့် အကြံပြုချက် (၂) ချက်ကို ဆောင်ရွက်ပြီးစီးကြောင်း ပြန်ကြားလာပါသည်။

(ဍ) **မိုင်းဆတ်အကျဉ်းထောင်။** ကော်မရှင်မှ ပေးပို့ခဲ့သည့် အကြံပြုချက် (၅) ချက် အနက် အကြံပြုချက် (၄) ချက်ကို ဆောင်ရွက်ပြီးစီးကြောင်းနှင့် ကျန် (၁) ချက်မှာ ဆောင်ရွက်ဆဲဖြစ်ကြောင်း ပြန်ကြားလာပါသည်။

(ဎ) **ကျိုက်စကော စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှု အတတ်သင်စခန်း။** ကော်မရှင်မှ ပေးပို့ခဲ့သည့် အကြံပြုချက် (၇) ချက်အနက် အကြံပြုချက် (၆) ချက်ကို ဆောင်ရွက် ပြီးစီးကြောင်းနှင့် ကျန် (၁) ချက်မှာ ဆောင်ရွက်ဆဲ ဖြစ်ကြောင်း ပြန်ကြားလာ ပါသည်။

(ဏ) **မော်လမြိုင်အချုပ်ထောင်။** ကော်မရှင်မှ ပေးပို့ခဲ့သည့် အကြံပြုချက် (၁၁) ချက် အနက် အကြံပြုချက် (၉) ချက်ကို ဆောင်ရွက်ပြီးစီးကြောင်းနှင့် ကျန် (၂) ချက်မှာ ဆောင်ရွက်ဆဲဖြစ်ကြောင်း ပြန်ကြားလာပါသည်။

(တ) **ရမည်းသင်းအကျဉ်းထောင်။** ကော်မရှင်မှ ပေးပို့ခဲ့သည့် အကြံပြုချက် (၈) ချက်ကို ဆောင်ရွက်ပြီးစီးကြောင်း ပြန်ကြားလာပါသည်။

(ထ) **ကင်းသာ (၁) ကုန်ထုတ်စခန်း။** ကော်မရှင်မှ ပေးပို့ခဲ့သည့် အကြံပြုချက် (၅) ချက် အနက် အကြံပြုချက် (၄) ချက်ကို ဆောင်ရွက်ပြီးစီးကြောင်းနှင့် ကျန် (၁) ချက်မှာ ဆောင်ရွက်ဆဲဖြစ်ကြောင်း ပြန်ကြားလာပါသည်။

(ဒ) **ကင်းသာ (၂) ကုန်ထုတ်စခန်း။** ကော်မရှင်မှ ပေးပို့ခဲ့သည့် အကြံပြုချက် (၅) ချက်ကို ဆောင်ရွက်ပြီးစီးကြောင်း ပြန်ကြားလာပါသည်။

(ဓ) **လှေလှော်အင်း စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှု အတတ်သင်စခန်း။** ကော်မရှင်မှ ပေးပို့ခဲ့သည့် အကြံပြုချက် (၅) ချက်ကို ဆောင်ရွက်ပြီးစီးကြောင်း ပြန်ကြားလာပါ သည်။

(န) **ရွှေမြယာ စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှု အတတ်သင်စခန်း။** ကော်မရှင်မှ ပေးပို့ခဲ့သည့် အကြံပြုချက် (၇) ချက်ကို ဆောင်ရွက်ပြီးစီးကြောင်း ပြန်ကြားလာပါ သည်။

(ပ) **ဆားမလောက် စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှု အတတ်သင်စခန်း။** ကော်မရှင်မှ ပေးပို့ခဲ့သည့် အကြံပြုချက် (၄) ချက်ကို ဆောင်ရွက်ပြီးစီးကြောင်း ပြန်ကြားလာပါ သည်။

(ဖ) **အင်းစိန်ဗဟိုအကျဉ်းထောင်**။ ကော်မရှင်မှ ပေးပို့ခဲ့သည့် အကြံပြုချက် (၂၀) ချက် အနက် အကြံပြုချက် (၁၅) ချက်ကို ဆောင်ရွက်ပြီးစီးကြောင်းနှင့် ကျန် (၅) ချက်မှာ ဆောင်ရွက်ဆဲဖြစ်ကြောင်း ပြန်ကြားလာပါသည်။

**ရဲစခန်းအချုပ်ခန်း၊ တရားရုံးအချုပ်ခန်းများနှင့် စပ်လျဉ်း၍ အကြံပြုချက်များ**

၃၈။ ရဲစခန်းအချုပ်ခန်းနှင့် တရားရုံးအချုပ်ခန်းတို့ကို ကြည့်ရှုစစ်ဆေးမှုနှင့်စပ်လျဉ်း၍ အကြံပြုချက် (၉) ချက်ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာနတို့သို့ အောက်ပါအတိုင်း ပေးပို့ခဲ့ပါသည်-

(က) **ပြင်ဦးလွင်မြို့မရဲစခန်းအချုပ်ခန်း ကြည့်ရှုစစ်ဆေးခြင်း (၁၈-၁-၂၀၂၄ )**
အကြံပြုချက်မရှိပါ။

(ခ) **မြောင်းမြမြို့မရဲစခန်းအချုပ်ခန်း ကြည့်ရှုစစ်ဆေးခြင်း (၅-၂-၂၀၂၄ )**
အကြံပြုချက်မရှိပါ။

(ဂ) **မြောင်းမြခရိုင်တရားရုံးအချုပ်ခန်း ကြည့်ရှုစစ်ဆေးခြင်း**။ ကော်မရှင်ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၅-၂-၂၀၂၄ ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့ရှိ မြောင်းမြခရိုင်တရားရုံးအချုပ်ခန်းသို့ သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ပြီး အကြံပြုချက် (၁) ချက်ကို ပေးပို့ခဲ့ပါသည်။

(ဃ) **ပုသိမ်မြို့မရဲစခန်းအချုပ်ခန်း ကြည့်ရှုစစ်ဆေးခြင်း (၁၉-၂-၂၀၂၄ )**
အကြံပြုချက်မရှိပါ။

(င) **ပုသိမ်နယ်မြေရဲစခန်းအချုပ်ခန်း ကြည့်ရှုစစ်ဆေးခြင်း (၁၉-၂-၂၀၂၄ )**
အကြံပြုချက်မရှိပါ။

(စ) **ပုသိမ်မြို့နယ်တရားရုံးအချုပ်ခန်း ကြည့်ရှုစစ်ဆေးခြင်း (၁၉-၂-၂၀၂၄ )**
အကြံပြုချက်မရှိပါ။

(ဆ) **ပုသိမ်ခရိုင်တရားရုံးအချုပ်ခန်း ကြည့်ရှုစစ်ဆေးခြင်း (၁၉-၂-၂၀၂၄ )**
အကြံပြုချက်မရှိပါ။

(ဇ) **မော်ဘီမြို့မရဲစခန်းအချုပ်ခန်း ကြည့်ရှုစစ်ဆေးခြင်း**။ ကော်မရှင်ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၁၅-၃-၂၀၂၄ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ မော်ဘီခရိုင်၊ မော်ဘီမြို့ပေါ်ရှိ မော်ဘီမြို့မရဲစခန်းအချုပ်ခန်းသို့ သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ပြီး အကြံပြုချက် (၁) ချက်ကို ပေးပို့ခဲ့ပါသည်။

(ဈ) **မော်ဘီမြို့နယ်တရားရုံးအချုပ်ခန်း ကြည့်ရှုစစ်ဆေးခြင်း (၁၅-၃-၂၀၂၄)**
အကြံပြုချက်မရှိပါ။

(ည) **မှော်ဘီခရိုင်တရားရုံးအချုပ်ခန်း ကြည့်ရှုစစ်ဆေးခြင်း (၁၅-၃-၂၀၂၄)**
အကြံပြုချက်မရှိပါ။

(ဋ) **မအူပင်မြို့မရဲစခန်းအချုပ်ခန်း ကြည့်ရှုစစ်ဆေးခြင်း (၉-၄-၂၀၂၄)**
အကြံပြုချက်မရှိပါ။

(ဌ) **မအူပင်မြို့နယ်တရားရုံးအချုပ်ခန်း ကြည့်ရှုစစ်ဆေးခြင်း (၉-၄-၂၀၂၄)**
အကြံပြုချက်မရှိပါ။

(ဍ) **မအူပင်ခရိုင်တရားရုံးအချုပ်ခန်း ကြည့်ရှုစစ်ဆေးခြင်း (၉-၄-၂၀၂၄)**
အကြံပြုချက်မရှိပါ။

(ढ) **မြိတ်မြို့မရဲစခန်းအချုပ်ခန်း ကြည့်ရှုစစ်ဆေးခြင်း (၂၄-၄-၂၀၂၄)**
အကြံပြုချက်မရှိပါ။

(ဏ) **မြိတ်မြို့နယ်တရားရုံးအချုပ်ခန်း ကြည့်ရှုစစ်ဆေးခြင်း (၂၄-၄-၂၀၂၄)**
အကြံပြုချက်မရှိပါ။

(တ) **မြိတ်ခရိုင်တရားရုံးအချုပ်ခန်း ကြည့်ရှုစစ်ဆေးခြင်း (၂၄-၄-၂၀၂၄)**
အကြံပြုချက်မရှိပါ။

(ထ) **ကျိုင်းတုံမြို့မရဲစခန်းအချုပ်ခန်း ကြည့်ရှုစစ်ဆေးခြင်း (၁၅-၅-၂၀၂၄)**
အကြံပြုချက်မရှိပါ။

(ဒ) **သန်လျင်မြို့မရဲစခန်းအချုပ်ခန်း ကြည့်ရှုစစ်ဆေးခြင်း။** ကော်မရှင်ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၂၁-၅-၂၀၂၄ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့ပေါ်ရှိ သန်လျင်မြို့မရဲစခန်းအချုပ်ခန်းသို့ သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ပြီး အကြံပြုချက် (၁) ချက်ကို ပေးပို့ခဲ့ပါသည်။

(ဓ) **သန်လျင်မြို့နယ်တရားရုံးအချုပ်ခန်း ကြည့်ရှုစစ်ဆေးခြင်း။** ကော်မရှင်ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၂၁-၅-၂၀၂၄ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့ပေါ်ရှိ သန်လျင်မြို့နယ်တရားရုံးအချုပ်ခန်းသို့ သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ပြီး အကြံပြုချက် (၃) ချက်ကို ပေးပို့ခဲ့ပါသည်။

(န) **သန်လျင်ခရိုင်တရားရုံးအချုပ်ခန်း ကြည့်ရှုစစ်ဆေးခြင်း။** ကော်မရှင်ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၂၁-၅-၂၀၂၄ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့ပေါ်ရှိ သန်လျင်ခရိုင်တရားရုံးအချုပ်ခန်းသို့ သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ပြီး အကြံပြုချက် (၁) ချက်ကို ပေးပို့ခဲ့ပါသည်။

(ပ) **ဒိုက်ဦးမြို့မရဲစခန်းအချုပ်ခန်း ကြည့်ရှုစစ်ဆေးခြင်း (၁၂-၆-၂၀၂၄)**
အကြံပြုချက်မရှိပါ။

(ဖ) **တွံတေးမြို့မရဲစခန်းအချုပ်ခန်း ကြည့်ရှုစစ်ဆေးခြင်း (၁၄-၆-၂၀၂၄)**
အကြံပြုချက်မရှိပါ။

(ဗ) **တိုက်ကြီးမြို့မရဲစခန်းအချုပ်ခန်း ကြည့်ရှုစစ်ဆေးခြင်း (၂၅-၆-၂၀၂၄)**
အကြံပြုချက်မရှိပါ။

(ဘ) **တိုက်ကြီးမြို့နယ်တရားရုံးအချုပ်ခန်း ကြည့်ရှုစစ်ဆေးခြင်း (၂၅-၆-၂၀၂၄)**
အကြံပြုချက်မရှိပါ။

(မ) **တိုက်ကြီးခရိုင်တရားရုံးအချုပ်ခန်း ကြည့်ရှုစစ်ဆေးခြင်း (၂၅-၆-၂၀၂၄)**
အကြံပြုချက်မရှိပါ။

(ယ) **မော်လမြိုင်မြို့မရဲစခန်းအချုပ်ခန်း ကြည့်ရှုစစ်ဆေးခြင်း (၁၁-၇-၂၀၂၄)**
အကြံပြုချက်မရှိပါ။

(ရ) **ဇေယျာသီရိနယ်မြေရဲစခန်းအချုပ်ခန်း ကြည့်ရှုစစ်ဆေးခြင်း (၁၁-၇-၂၀၂၄)**
အကြံပြုချက်မရှိပါ။

(လ) **မြိုင်သာယာနယ်မြေရဲစခန်းအချုပ်ခန်း ကြည့်ရှုစစ်ဆေးခြင်း (၁၁-၇-၂၀၂၄)**
အကြံပြုချက်မရှိပါ။

(ဝ) **မုပွန်နယ်မြေရဲစခန်းအချုပ်ခန်း ကြည့်ရှုစစ်ဆေးခြင်း။** ကော်မရှင် ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၁၁-၇-၂၀၂၄ ရက်နေ့တွင် မွန်ပြည်နယ်၊ မော်လမြိုင်မြို့ရှိ မုပွန်နယ်မြေအချုပ်ခန်းသို့ သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ပြီး အကြံပြုချက် (၁) ချက်ကို ပေးပို့ခဲ့ပါသည်။

(သ) **စစ်ကဲကုန်းနယ်မြေရဲစခန်းအချုပ်ခန်း ကြည့်ရှုစစ်ဆေးခြင်း (၁၁-၇-၂၀၂၄)**
အကြံပြုချက်မရှိပါ။

(ဟ) **မော်လမြိုင်ခရိုင်/မြို့နယ်တရားရုံးအချုပ်ခန်း ကြည့်ရှုစစ်ဆေးခြင်း။** ကော်မရှင် ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၁၁-၇-၂၀၂၄ ရက်နေ့တွင် မွန်ပြည်နယ်၊ မော်လမြိုင်မြို့ရှိ မော်လမြိုင် ခရိုင်/မြို့နယ်တရားရုံးအချုပ်ခန်းသို့ သွားရောက် ကြည့်ရှု စစ်ဆေးခဲ့ပြီး အကြံပြုချက် (၁) ချက်ကို ပေးပို့ခဲ့ပါသည်။

(ဠ) **ထန်းတပင်မြို့မရဲစခန်းအချုပ်ခန်း ကြည့်ရှုစစ်ဆေးခြင်း (၂၀-၈-၂၀၂၄)**
အကြံပြုချက်မရှိပါ။

(အ) **ထန်းတပင်မြို့နယ်တရားရုံးအချုပ်ခန်း ကြည့်ရှုစစ်ဆေးခြင်း (၂၀-၈-၂၀၂၄)**
အကြံပြုချက်မရှိပါ။

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန၏ ပူးပေါင်းဆောင်ရွက်မှုများ**

၃၉။ ရဲစခန်းအချုပ်ခန်း၊ တရားရုံးအချုပ်ခန်းများနှင့် ပတ်သက်၍ ကော်မရှင် အကြံပြုချက်များ အပေါ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန၏ ပူးပေါင်းဆောင်ရွက်မှု များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) **မြောင်းမြမြို့နယ်တရားရုံးအချုပ်ခန်း**။ ကော်မရှင်မှ ပေးပို့ခဲ့သည် အကြံပြုချက်အား ဆောင်ရွက်ပြီးစီးကြောင်း ပြန်ကြားလာပါသည်။

(ခ) **မှော်ဘီမြို့မရဲစခန်းအချုပ်ခန်း**။ ကော်မရှင်မှ ပေးပို့ခဲ့သည့် အကြံပြုချက်အား ဆောင်ရွက်ပြီးစီးကြောင်း ပြန်ကြားလာပါသည်။

(ဂ) **သန်လျင်မြို့မရဲစခန်းအချုပ်ခန်း**။ ကော်မရှင်မှ ပေးပို့ခဲ့သည့် အကြံပြုချက်ကို ဆောင်ရွက်ပြီးစီးကြောင်း ပြန်ကြားလာပါသည်။

(ဃ) **သန်လျင်ခရိုင်တရားရုံးအချုပ်ခန်း**။ ကော်မရှင်မှ ပေးပို့ခဲ့သည့် အကြံပြုချက်ကို ဆောင်ရွက်ဆဲဖြစ်ကြောင်း ပြန်ကြားလာပါသည်။

(င) **သန်လျင်မြို့နယ်တရားရုံးအချုပ်ခန်း**။ ကော်မရှင်မှ ပေးပို့ခဲ့သည့် အကြံပြုချက်ကို ဆောင်ရွက်ဆဲဖြစ်ကြောင်း ပြန်ကြားလာပါသည်။

(စ) **မုပွန်နယ်မြေရဲစခန်းအချုပ်ခန်း**။ ကော်မရှင်မှ ပေးပို့ခဲ့သည့် အကြံပြုချက်အား ဆောင်ရွက်ပြီးစီးကြောင်း ပြန်ကြားလာပါသည်။

(ဆ) **မော်လမြိုင်ခရိုင်/မြို့နယ်တရားရုံးအချုပ်ခန်း**။ ကော်မရှင်မှ ပေးပို့ခဲ့သည့် အကြံပြုချက်အား ဆောင်ရွက်ပြီးစီးကြောင်း ပြန်ကြားလာပါသည်။

**လူငယ်သင်တန်းကျောင်းများ၊ မသန်စွမ်းကျောင်းများနှင့် ဘိုးဘွားရိပ်သာများအား ကြည့်ရှုစစ်ဆေးခြင်း**

၄၀။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ကော်မရှင်ဥပဒေနှင့်အညီ လူငယ်သင်တန်းကျောင်းများ၊ မသန်စွမ်းကျောင်းများနှင့် ဘိုးဘွား ရိပ်သာများကို ကြည့်ရှုစစ်ဆေးလျက်ရှိရာ ၂၀၂၄ ခုနှစ်အတွင်း အောက်ပါအတိုင်း ကြည့်ရှု စစ်ဆေးခဲ့ပါသည် -

| စဉ် | သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည့်နေရာများ | အရေအတွက် |
|---|---|---|
| (က) | လူငယ်သင်တန်းကျောင်း | ၈ ခု |
| (ခ) | မသန်စွမ်းကျောင်း | ၁ ခု |
| (ဂ) | ဘိုးဘွားရိပ်သာ | ၁၀ ခု |
| | **စုစုပေါင်း** | **၁၉ ခု** |

**လူငယ်သင်တန်းကျောင်းများ၊ မသန်စွမ်းကျောင်းများ၊ ဘိုးဘွားရိပ်သာများ နှင့် စပ်လျဉ်း၍ အကြံပြုချက်များ**

၄၁။ လူငယ်သင်တန်းကျောင်းများ၊ မသန်စွမ်းကျောင်းများ၊ ဘိုးဘွားရိပ်သာများ နှင့် စပ်လျဉ်း၍ အကြံပြုချက် (၁၅၆) ချက်ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနသို့ အောက်ပါအတိုင်း ပေးပို့ခဲ့ပါသည်-

(က) **အမေ့မေတ္တာသက်ကြွယ်ရိပ်မွန် ဘိုးဘွားရိပ်သာ ကြည့်ရှုစစ်ဆေးခြင်း။** ကော်မရှင် ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၁၂-၁-၂၀၂၄ ရက်နေ့တွင် ရန်ကုန် တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်ရှိ အမေ့မေတ္တာသက်ကြွယ်ရိပ်မွန်ဘိုးဘွား ရိပ်သာသို့ သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ပြီး အကြံပြုချက် (၈) ချက်ကို ပေးပို့ခဲ့ ပါသည်။

(ခ) **ချယ်ရီမြေဘိုးဘွားရိပ်သာ ကြည့်ရှုစစ်ဆေးခြင်း။** ကော်မရှင် ကြည့်ရှုစစ်ဆေးရေး အဖွဲ့သည် ၁၈-၁-၂၀၂၄ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့ရှိ ချယ်ရီမြေဘိုးဘွားရိပ်သာသို့ သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ပြီး အကြံပြုချက် (၄) ချက်ကို ပေးပို့ခဲ့ပါသည်။

(ဂ) **လပွတ္တာလူငယ်အားမာန်သင်တန်းကျောင်း ကြည့်ရှုစစ်ဆေးခြင်း။** ကော်မရှင် ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၇-၂-၂၀၂၄ ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာမြို့ရှိ လပွတ္တာလူငယ်အားမာန်သင်တန်းကျောင်းသို့ သွားရောက် ကြည့်ရှု စစ်ဆေးခဲ့ပြီး အကြံပြုချက် (၆) ချက်ကို ပေးပို့ခဲ့ပါသည်။

(ဃ) **စက်တော်ရာဘိုးဘွားရိပ်သာကြည့်ရှုစစ်ဆေးခြင်း။** ကော်မရှင် ကြည့်ရှုစစ်ဆေးရေး အဖွဲ့သည် ၂၁-၂-၂၀၂၄ ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့ရှိ စက်တော်ရာဘိုးဘွားရိပ်သာသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး အကြံပြုချက် (၁၈) ချက်ကို ပေးပို့ခဲ့ပါသည်။

(င) **မန္တလေးလူငယ်သင်တန်းကျောင်း ကြည့်ရှုစစ်ဆေးခြင်း။** ကော်မရှင် ကြည့်ရှု စစ်ဆေးရေးအဖွဲ့သည် ၅-၃-၂၀၂၄ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ အောင်မြေ သာစံမြို့နယ်ရှိ မန္တလေးလူငယ်သင်တန်းကျောင်းသို့ သွားရောက် ကြည့်ရှုစစ်ဆေး ခဲ့ပြီး အကြံပြုချက် (၈) ချက်ကို ပေးပို့ခဲ့ပါသည်။

(စ) **ဘိုးဘွားများစောင့်ရှောက်ရေးဂေဟာ (မှော်ဘီ) ကြည့်ရှုစစ်ဆေးခြင်း။** ကော်မရှင် ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၁၅-၃-၂၀၂၄ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီခရိုင်၊ မှော်ဘီမြို့ရှိ ဘိုးဘွားများစောင့်ရှောက်ရေး ဂေဟာ (မှော်ဘီ) သို့ သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ပြီး အကြံပြုချက် (၁၁) ချက်ကို ပေးပို့ခဲ့ပါသည်။

(ဆ) **မအူပင်ဘိုးဘွားရိပ်သာကြည့်ရှုစစ်ဆေးခြင်း။** ကော်မရှင် ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၉-၄-၂၀၂၄ ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့ရှိ မအူပင်ဘိုးဘွားရိပ်သာသို့ သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ပြီး အကြံပြုချက် (၁၀) ချက်ကို ပေးပို့ခဲ့ပါသည်။

(ဇ) **အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်း (မြိတ်) ကြည့်ရှုစစ်ဆေးခြင်း။** ကော်မရှင် ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၂၃-၄-၂၀၂၄ ရက်နေ့တွင် တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့ရှိ အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်း (မြိတ်) သို့ သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ပြီး အကြံပြုချက် (၅) ချက်ကို ပေးပို့ခဲ့ပါသည်။

(ဈ) **ကျိုင်းတုံဘိုးဘွားရိပ်သာ ကြည့်ရှုစစ်ဆေးခြင်း။** ကော်မရှင် ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၁၄-၅-၂၀၂၄ ရက်နေ့တွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့ရှိ ကျိုင်းတုံဘိုးဘွားရိပ်သာသို့ သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ပြီး အကြံပြုချက် (၁၁) ချက်ကို ပေးပို့ခဲ့ပါသည်။

(ည) **တာချီလိတ်ဘိုးဘွားရိပ်သာ ကြည့်ရှုစစ်ဆေးခြင်း။** ကော်မရှင် ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၁၈-၅-၂၀၂၄ ရက်နေ့တွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ တာချီလိတ်မြို့ရှိ တာချီလိတ်ဘိုးဘွားရိပ်သာသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး အကြံပြုချက် (၁၁) ချက်ကို ပေးပို့ခဲ့ပါသည်။

(ဋ) **လုမ္ဗိနီဘိုးဘွားရိပ်သာကြည့်ရှုစစ်ဆေးခြင်း။** ကော်မရှင် ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၂၁-၅-၂၀၂၄ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်ရှိ လုမ္ဗိနီဘိုးဘွားရိပ်သာသို့ သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ပြီး အကြံပြုချက် (၇) ချက်ကို ပေးပို့ခဲ့ပါသည်။

(ဌ) **မိဘဂုဏ်ဘိုးဘွားရိပ်သာ။** ကော်မရှင် ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၁၄-၆-၂၀၂၄ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်ရှိ မိဘဂုဏ် ဘိုးဘွားရိပ်သာသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး အကြံပြုချက် (၉) ချက်ကို ပေးပို့ခဲ့ပါသည်။

(ဍ) **ဦးမောင်ရုံး+ဒေါ်ရင်ဘိုးဘွားရိပ်သာ။** ကော်မရှင် ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၂၅-၆-၂၀၂၄ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးခရိုင်၊ ဥက္ကံမြို့ရှိ ဦးမောင်ရုံး+ဒေါ်ရင် ဘိုးဘွားရိပ်သာသို့ သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ပြီး အကြံပြုချက် (၁၁) ချက်ကို ပေးပို့ခဲ့ပါသည်။

(ဎ) **ရွှေဂုံတိုင်ကလေးပြုစုရေးဌာန။** ကော်မရှင် ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၁၀-၇-၂၀၂၄ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်ရှိ ရွှေဂုံတိုင် ကလေး

ပြုစုရေးဌာနသို့ သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ပြီး အကြံပြုချက် (၅) ချက်ကို ပေးပို့ခဲ့ပါသည်။

(ဏ) **မသန်စွမ်းသက်ငယ်သင်တန်းကျောင်း။** ကော်မရှင် ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၉-၈-၂၀၂၄ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်ရှိ မသန်စွမ်းသက်ငယ်သင်တန်းကျောင်းသို့ သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ပြီး အကြံပြုချက် (၅) ချက်ကို ပေးပို့ခဲ့ပါသည်။

(တ) **အဝါရောင်မျိုးဆက်သစ် လူငယ်ပရဟိတမိဘမဲ့ ကလေးများကျောင်း။** ကော်မရှင် ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၇-၁၁-၂၀၂၄ ရက်နေ့တွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်ရှိ အဝါရောင်မျိုးဆက် သစ်လူငယ်ပရဟိတမိဘမဲ့ ကလေးများကျောင်းသို့ သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ပြီး အကြံပြုချက် (၅) ချက်ကို ပေးပို့ခဲ့ပါသည်။

(ထ) **မဟာပရဟိတလူငယ်ဖွံ့ဖြိုးရေးဥယျာဉ် (စမတောင်)။** ကော်မရှင် ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၈-၁၁-၂၀၂၄ ရက်နေ့တွင် ပြည်ထောင်စုနယ်မြေ၊ နေပြည် တော်၊ လယ်ဝေးမြို့နယ်ရှိ မဟာပရဟိတလူငယ်ဖွံ့ဖြိုးရေးဥယျာဉ် (စမတောင်) သို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး အကြံပြုချက် (၂) ချက်ကို ပေးပို့ခဲ့ပါသည်။

(ဒ) **အမျိုးသမီးများပြုစုစောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဌာန (တွံတေး)။** ကော်မရှင် ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၁၉-၁၁-၂၀၂၄ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးခရိုင်၊ တွံတေးမြို့နယ်ရှိ အမျိုးသမီးများပြုစုစောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဌာန (တွံတေး) သို့ သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ပြီး အကြံပြုချက် (၁၃) ချက်ကို ပေးပို့ခဲ့ပါသည်။

(ဓ) **အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်း (ရန်ကုန်)။** ကော်မရှင် ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၁၉-၁၂-၂၀၂၄ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်ရှိ အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်း (ရန်ကုန်) သို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး အကြံပြုချက် (၇) ချက်ကို ပေးပို့ခဲ့ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ပူးပေါင်း ဆောင်ရွက်မှုများ**

၄၂။ ကော်မရှင် အကြံပြုချက်များအပေါ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ပူးပေါင်းဆောင်ရွက်မှုများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) **အမေ့မေတ္တာသက်ကြွယ်ရိပ်မွန်ဘိုးဘွားရိပ်သာ**။ ကော်မရှင်မှ ပေးပို့ခဲ့သည့် အကြံပြု ချက် (၈) ချက်အနက် အကြံပြုချက် (၇) ချက်ကို ဆောင်ရွက် ပြီးစီးကြောင်းနှင့် ကျန် (၁) ချက်မှာ ဆောင်ရွက်ဆဲဖြစ်ကြောင်း ပြန်ကြားလာပါသည်။

(ခ) **ချယ်ရီမြေဘိုးဘွားရိပ်သာ**။ ကော်မရှင်မှ ပေးပို့ခဲ့သည့် အကြံပြုချက် (၄) ချက်ကို ဆောင်ရွက်ပြီးစီးကြောင်း ပြန်ကြားလာပါသည်။

(ဂ) **လပွတ္တာလူငယ့်အားမာန်သင်တန်းကျောင်း**။ ကော်မရှင်မှ ပေးပို့ခဲ့သည့် အကြံပြု ချက် (၆) ချက်အနက် အကြံပြုချက် (၂) ချက်ကို ဆောင်ရွက်ပြီးစီးကြောင်းနှင့် ကျန် (၄) ချက်မှာ ဆောင်ရွက်ဆဲဖြစ်ကြောင်း ပြန်ကြားလာပါသည်။

(ဃ) **စက်တော်ရာဘိုးဘွားရိပ်သာ**။ ကော်မရှင်မှ ပေးပို့ခဲ့သည့် အကြံပြုချက် (၁၈) ချက် အနက် အကြံပြုချက် (၁၃) ချက်ကို ဆောင်ရွက်ပြီးစီးကြောင်းနှင့် ကျန် (၅) ချက်မှာ ဆောင်ရွက်ဆဲဖြစ်ကြောင်း ပြန်ကြားလာပါသည်။

(င) **မန္တလေးလူငယ်သင်တန်းကျောင်း**။ ကော်မရှင်မှ ပေးပို့ခဲ့သည့် အကြံပြုချက် (၈) ချက်အနက် အကြံပြုချက် (၃) ချက်ကို ဆောင်ရွက်ပြီးစီးကြောင်းနှင့် ကျန် (၅) ချက် မှာ ဆောင်ရွက်ဆဲဖြစ်ကြောင်း ပြန်ကြားလာပါသည်။

(စ) **ဘိုးဘွားများစောင့်ရှောက်ရေးဂေဟာ (မော်ဘီ)**။ ကော်မရှင်မှ ပေးပို့ခဲ့သည့် အကြံပြုချက် (၁၁) ချက်အနက် အကြံပြုချက် (၈) ချက်ကို ဆောင်ရွက်ပြီးစီး ကြောင်းနှင့် ကျန် (၃) ချက်မှာ ဆောင်ရွက်ဆဲဖြစ်ကြောင်း ပြန်ကြားလာပါသည်။

(ဆ) **မအူပင်ဘိုးဘွားရိပ်သာ**။ ကော်မရှင်မှ ပေးပို့ခဲ့သည့် အကြံပြုချက် (၁၀) ချက် အနက် အကြံပြုချက် (၆) ချက်ကို ဆောင်ရွက်ပြီးစီးကြောင်းနှင့် ကျန် (၄) ချက်မှာ ဆောင်ရွက်ဆဲဖြစ်ကြောင်း ပြန်ကြားလာပါသည်။

(ဇ) **အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်း (မြိတ်)**။ ကော်မရှင်မှ ပေးပို့ခဲ့ သည့် အကြံပြုချက် (၅) ချက်အနက် အကြံပြုချက် (၁) ချက်ကို ဆောင်ရွက် ပြီးစီး ကြောင်းနှင့် ကျန် (၄) ချက်မှာ ဆောင်ရွက်ဆဲဖြစ်ကြောင်း ပြန်ကြားလာပါသည်။

(ဈ) **ကျိုင်းတုံဘိုးဘွားရိပ်သာ**။ ကော်မရှင်မှ ပေးပို့ခဲ့သည့် အကြံပြုချက် (၁၁) ချက်အနက် အကြံပြုချက် (၅) ချက်ကို ဆောင်ရွက်ပြီးစီးကြောင်းနှင့် ကျန် (၆) ချက်မှာ ဆောင်ရွက်ဆဲဖြစ်ကြောင်း ပြန်ကြားလာပါသည်။

(ည) **တာချီလိတ်ဘိုးဘွားရိပ်သာ**။ ကော်မရှင်မှ ပေးပို့ခဲ့သည့် အကြံပြုချက် (၁၁) ချက် အနက် အကြံပြုချက် (၄) ချက်ကို ဆောင်ရွက်ပြီးစီးကြောင်းနှင့် ကျန် (၇) ချက်မှာ ဆောင်ရွက်ဆဲဖြစ်ကြောင်း ပြန်ကြားလာပါသည်။

(ဠ) **လုမ္ဗိနီဘိုးဘွားရိပ်သာ**။ ကော်မရှင်မှ ပေးပို့ခဲ့သည့် အကြံပြုချက် (၇) ချက်အနက် အကြံပြုချက် (၃) ချက်ကို ဆောင်ရွက်ပြီးစီးကြောင်းနှင့် ကျန် (၄) ချက်မှာ ဆောင်ရွက်ဆဲဖြစ်ကြောင်း ပြန်ကြားလာပါသည်။

(ဋ) **မိဘဂုဏ်ဘိုးဘွားရိပ်သာ**။ ကော်မရှင်မှ ပေးပို့ခဲ့သည့် အကြံပြုချက် (၉) ချက် အနက် အကြံပြုချက် (၅) ချက်ကို ဆောင်ရွက်ပြီးစီးကြောင်းနှင့် ကျန် (၄) ချက်မှာ ဆောင်ရွက်ဆဲဖြစ်ကြောင်း ပြန်ကြားလာပါသည်။

(ဍ) **ဦးမောင်ရုံး+ဒေါ်ရင်ဘိုးဘွားရိပ်သာ**။ ကော်မရှင်မှ ပေးပို့ခဲ့သည့် အကြံပြုချက် (၁၁) ချက်အနက် အကြံပြုချက် (၈) ချက်ကို ဆောင်ရွက်ပြီးစီးကြောင်းနှင့် ကျန် (၃) ချက်မှာ ဆောင်ရွက်ဆဲဖြစ်ကြောင်း ပြန်ကြားလာပါသည်။

(ဎ) **ရွှေဂုံတိုင်ကလေးပြုစုရေးဌာန**။ ကော်မရှင်မှ ပေးပို့ခဲ့သည့် အကြံပြုချက် (၅) ချက်ကို ဆောင်ရွက်ပြီးစီးကြောင်း ပြန်ကြားလာပါသည်။

(ဏ) **မသန်စွမ်းသက်ငယ်သင်တန်းကျောင်း**။ ကော်မရှင်မှ ပေးပို့ခဲ့သည့် အကြံပြု ချက် (၅) ချက်အနက် အကြံပြုချက် (၃) ချက်ကို ဆောင်ရွက်ပြီးစီးကြောင်းနှင့် ကျန် (၂) ချက်မှာ ဆောင်ရွက်ဆဲဖြစ်ကြောင်း ပြန်ကြားလာပါသည်။

(တ) **အဝါရောင်မျိုးဆက်သစ် လူငယ်ပရဟိတမိဘမဲ့ ကလေးများကျောင်း**။ ကော်မရှင် မှ ပေးပို့ခဲ့သည့် အကြံပြုချက် (၅) ချက်အနက် အကြံပြုချက် (၃) ချက်ကို ဆောင်ရွက်ပြီးစီးကြောင်းနှင့် ကျန် (၂) ချက်မှာ ဆောင်ရွက်ဆဲဖြစ် ကြောင်း ပြန်ကြားလာပါသည်။

(ထ) **မဟာပရဟိတလူငယ်ဖွံ့ဖြိုးရေးဥယျာဉ် (စမတောင်)**။ ကော်မရှင်မှ ပေးပို့ခဲ့သည့် အကြံပြုချက် (၂) ချက်ကို ဆောင်ရွက်ပြီးစီးကြောင်း ပြန်ကြားလာပါသည်။

(ဒ) **အမျိုးသမီးများပြုစုစောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဌာန (တွံတေး)**။ ကော်မရှင်မှ ပေးပို့ခဲ့သည့် အကြံပြုချက် (၁၃) ချက်အနက် အကြံပြုချက် (၈) ချက်ကို ဆောင်ရွက်ပြီးစီးကြောင်းနှင့် ကျန် (၅) ချက်မှာ ဆောင်ရွက်ဆဲဖြစ်ကြောင်း ပြန်ကြား လာပါသည်။

(ဓ) **အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်း (ရန်ကုန်)**။
ပြန်ကြားစာမရရှိသေးပါ။




**လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့အစည်းအဝေးတက်ရောက်ခြင်း**

၄၃။ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုကော်မတီ အဖွဲ့ဝင်ဖြစ်သည့် ကော်မရှင် အဖွဲ့ဝင် ဦးကျော်စိုးသည် ၂၂-၈-၂၀၂၄ ရက်နေ့ ကျင်းပပြုလုပ်သော လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၁/၂၀၂၄) သို့ Video Conferencing စနစ်ဖြင့် တက်ရောက်၍ လူကုန်ကူးမှုနှင့် ပတ်သက်သည့် တိုင်တန်းချက်များအပေါ် ကော်မရှင်က လက်ခံဆောင်ရွက်မှု အခြေအနေကို ရှင်းလင်းတင်ပြခဲ့ပြီး ရှေ့လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ အကြံပြုဆွေးနွေးခဲ့ပါသည်။

## မှတ်တမ်းဓာတ်ပုံများ



ကော်မရှင်စစ်ဆေးရေးအဖွဲ့ဝင်များ အင်းစိန်ဗဟိုအကျဉ်းထောင်အတွင်းရှိ ဓမ္မာရုံ၌ ဝတ်ပြုနေသည့် ဗုဒ္ဓဘာသာဝင်များနှင့် တွေ့ဆုံစဉ်



ကော်မရှင်စစ်ဆေးရေးအဖွဲ့ဝင်များ အင်းစိန်ဗဟိုအကျဉ်းထောင်အတွင်းရှိ ကျောင်းဆောင်၌ ဝတ်ပြုနေသည့် ဟိန္ဒူဘာသာဝင်များနှင့် တွေ့ဆုံစဉ်



ကော်မရှင်စစ်ဆေးရေးအဖွဲ့ဝင်များ အင်းစိန်ဗဟိုအကျဉ်းထောင်အတွင်းရှိ ဘုရားကျောင်း၌ ဝတ်ပြုနေသည့် ခရစ်ယာန်ဘာသာဝင်များနှင့် တွေ့ဆုံစဉ်



ကော်မရှင်စစ်ဆေးရေးအဖွဲ့ဝင်များ အင်းစိန်ဗဟိုအကျဉ်းထောင်အားအတွင်းရှိ ဗလီ၌ ဝတ်ပြုနေသည့် အစ္စလာမ်ဘာသာဝင်များနှင့် တွေ့ဆုံစဉ်



ကော်မရှင်စစ်ဆေးရေးအဖွဲ့ဝင်များ မြောင်းမြမြို့၊ မြောင်းမြအကျဉ်းထောင်ရှိ စားဖိုကြီးအား ကြည့်ရှုစစ်ဆေးနေစဉ်



ကော်မရှင်စစ်ဆေးရေးအဖွဲ့ဝင် မော်လမြိုင်မြို့၊ မော်လမြိုင်အချုပ်ထောင်မှ အကျဉ်းသားများအား တွေ့ဆုံနေစဉ်



ကော်မရှင်စစ်ဆေးရေးအဖွဲ့ဝင် ပုသိမ်မြို့၊ ပုသိမ်အကျဉ်းထောင်မှ အကျဉ်းသားများအား တွေ့ဆုံနေစဉ်



ကော်မရှင်စစ်ဆေးရေးအဖွဲ့ဝင်များ လှည်းကူးမြို့နယ်၊ လှေလှော်အင်းစိုက်/မွေးစခန်းရှိ စားရိပ်သာတွင် အကျဉ်းသားများ နေ့လည်စာ စားသုံးနေမှုအား ကြည့်ရှုစစ်ဆေးစဉ်



ကော်မရှင်စစ်ဆေးရေးအဖွဲ့ဝင်များ မြိတ်မြို့၊ ကျောက်ဖြူတောင်/နတ်စင်ကုန်း ကုန်ထုတ်စခန်းရှိ
အကျဉ်းသားများအား တွေ့ဆုံနေစဉ်



ကော်မရှင်စစ်ဆေးရေးအဖွဲ့ဝင်များ ပြင်ဦးလွင်မြို့နယ်၊ ထုံးဘို (၁) ကျွား ကုန်ထုတ်စခန်းရှိ
အကျဉ်းသားများအား တွေ့ဆုံနေစဉ်



ကော်မရှင်စစ်ဆေးရေးအဖွဲ့ဝင်များ  သန်လျင်မြို့နယ်ရှိ လုမ္ဗိနီဘိုးဘွားရိပ်သာမှ အဘိုးများအား
စားရိပ်သာတွင် တွေ့ဆုံနေစဉ်



ကော်မရှင်စစ်ဆေးရေးအဖွဲ့ဝင်များ  တွံတေးမြို့နယ်ရှိ မိဘဂုဏ်ဘိုးဘွားရိပ်သာမှ
အဘိုးအဘွားများအား စားရိပ်သာတွင် တွေ့ဆုံနေစဉ်



ကော်မရှင်စစ်ဆေးရေးအဖွဲ့ဝင် ပုသိမ်မြို့ရှိ စက်တော်ရာဘိုးဘွားရိပ်သာမှ အဘွားများအား
အဘွားဆောင်တွင် တွေ့ဆုံနေစဉ်



ကော်မရှင်စစ်ဆေးရေးအဖွဲ့ဝင်များ မန္တလေးမြို့ရှိ မန္တလေးလူငယ်သင်တန်းကျောင်းမှ ဆပ်ပြာဆီ
ပြုလုပ်နေသောလူငယ်များအား တွေ့ဆုံနေစဉ်



ကော်မရှင်စစ်ဆေးရေးအဖွဲ့ဝင်များ တွံတေးမြို့နယ်ရှိ အမျိုးသမီးများပြုစုစောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဌာန (တွံတေး) ရှိ စက်ချုပ်နေသော အမျိုးသမီးငယ်များအား တွေ့ဆုံနေစဉ်



ကော်မရှင်စစ်ဆေးရေးအဖွဲ့ဝင်များ ဗဟန်းမြို့နယ်၊ အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်း (ရန်ကုန်) ရှိ စက်ချုပ်နေသော အမျိုးသမီးငယ်များအား တွေ့ဆုံနေစဉ်



ကော်မရှင်စစ်ဆေးရေးအဖွဲ့ဝင်များ တွံတေးမြို့နယ်၊ တွံတေးမြို့မရဲစခန်းအချုပ်ခန်းအား ကြည့်ရှုစစ်ဆေးနေစဉ်



ကော်မရှင်စစ်ဆေးရေးအဖွဲ့ဝင်များ ထန်းတပင်မြို့နယ်၊ ထန်းတပင်မြို့မရဲစခန်းအချုပ်ခန်းအား ကြည့်ရှုစစ်ဆေးနေစဉ်



ကော်မရှင်စစ်ဆေးရေးအဖွဲ့ဝင်များ သန်လျင်မြို့နယ်၊ သန်လျင်ခရိုင်တရားရုံးအချုပ်ခန်းအား
ကြည့်ရှုစစ်ဆေးနေစဉ်



ကော်မရှင်စစ်ဆေးရေးအဖွဲ့ဝင်များ မှော်ဘီမြို့နယ်၊ မှော်ဘီခရိုင်တရားရုံးအချုပ်ခန်းအား
ကြည့်ရှုစစ်ဆေးနေစဉ်

## ဥပဒေရေးရာဌာန၏ ဆောင်ရွက်ချက်များ

### လုပ်ငန်းတာဝန်များ

၄၄။ ဥပဒေရေးရာဌာနသည် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေ ပုဒ်မ ၂၂၊ ပုဒ်မခွဲ (ခ) အရ နိုင်ငံတော်က ပါဝင်ချုပ်ဆိုသင့်သည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး စာချုပ်များကို အစိုးရအဖွဲ့သို့ အကြံပြုတင်ပြခြင်း၊ တည်ဆဲဥပဒေနှင့် အဆိုပြုထားသည့် ဥပဒေကြမ်းများသည် နိုင်ငံတော်က ပါဝင်ချုပ်ဆိုထားသည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့် အရေးစာချုပ်များနှင့် ကိုက်ညီမှု ရှိ၊ မရှိကို လေ့လာသုံးသပ်ပြီး လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်ရေးအတွက် ပြင်ဆင်သင့်သည့် ဥပဒေများနှင့် အခြားဆောင်ရွက်သင့်သည်များကို အစိုးရအဖွဲ့မှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြခြင်း၊ နိုင်ငံတော်က ပါဝင်ချုပ်ဆို ထားသော အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးစာချုပ်များပါ ပြဋ္ဌာန်းချက်များအရ တင်သွင်း ရန် တာဝန်ရှိသည့် အစီရင်ခံစာများ ပြုစုရာတွင်လည်းကောင်း၊ အဆိုပါအစီရင်ခံစာများတွင် ထည့်သွင်းဖော်ပြသင့်သည်များနှင့် စပ်လျဉ်း၍လည်းကောင်း အစိုးရအဖွဲ့အား ပံ့ပိုးကူညီခြင်း အစရှိသည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်လျက်ရှိပါသည်။

### အကြံပြုချက်နှင့် သဘောထားမှတ်ချက်များပေးပို့ခြင်း

၄၅။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ဥပဒေရေးရာဝန်ကြီးဌာန၊ ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန၊ ဥပဒေဘာသာပြန်ဌာနခွဲ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်းသည့် စစ်တမ်းမေးခွန်းများကို ဖြေဆို၍ သီးခြားအကြံပြုချက်များနှင့်အတူ ဥပဒေရေးရာ ဝန်ကြီးဌာနသို့ ၂၅-၁-၂၀၂၄ ရက်နေ့တွင် ပြန်လည် ပေးပို့ခဲ့ပါသည်။

၄၆။ ဘေဂျင်းလုပ်ငန်းစီမံချက်၏ လုပ်ငန်းနယ်ပယ် ၁၂ ရပ် အကောင်အထည်ဖော် ဆောင်ရွက်မှုများအပေါ် နိုင်ငံအဆင့်လေ့လာသုံးသပ်မှုအစီရင်ခံစာ (30th Anniversary of the Beijing Declaration and Platform for Action - BPFA+30) တွင် ထည့်သွင်း ဖော်ပြနိုင်ရေး အတွက် ကော်မရှင်၏ အမျိုးသမီးအခွင့်အရေးများကို မြှင့်တင်ခြင်း၊ ပညာပေးခြင်းနှင့် ကာကွယ် စောင့်ရှောက်ခြင်း ဆောင်ရွက်ချက်များ၊ အမျိုးသမီးအခွင့်အရေးနှင့် စပ်လျဉ်း၍ နိုင်ငံအဆင့် ယန္တရားများတွင် ပါဝင်ဆောင်ရွက်မှုများ၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု တားဆီးကာကွယ် ရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အကြံပြုချက်ကို ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့တင်ပြမှု၊ 6th CEDAW National Report အတွက် ကော်မရှင်၏ အချက်အလက်များ ပေးပို့မှု၊ ကော်မရှင်တွင် Women Rights Desk Officer တာဝန်ပေးဆောင်ရွက်မှု၊ အမျိုးသမီး အခွင့်အရေး ဖောက်ဖျက်ခံရသူ များနှင့် စပ်လျဉ်းသည့် တိုင်တန်းချက်များ ကိုင်တွယ်ဆောင် ရွက်မှု၊ အမျိုးသမီးသင်တန်းကျောင်း များသို့ သွားရောက်ကြည့်ရှုစစ်ဆေးခြင်းနှင့် အမျိုးသမီး အခွင့်အရေးများနှင့် စပ်လျဉ်း၍

လိုအပ်သကဲ့သို့ အကြံပြုချက်များ ပေးပို့မှု၊ လူ့အခွင့်အရေး မြှင့်တင်ရေးအတွက် အသိပညာပေးခြင်းများ ဆောင်ရွက်လျက်ရှိရာတွင် CEDAW ပါ အမျိုးသမီးအခွင့်အရေးများ အကြောင်းကို သင်တန်းများတွင် ပို့ချမှု၊ အမျိုးသမီး အခွင့်အရေး နှင့် စပ်လျဉ်းပြီး ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး ဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းကို ပြည်ထောင်စု အဆင့် ဝန်ကြီးဌာန/ အဖွဲ့အစည်းများမှ သင်တန်းသားများအား ပို့ချမှု၊ အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့နှင့် မြန်မာနိုင်ငံ အမျိုးသမီးများနေ့တို့တွင် အမျိုးသမီးအခွင့်အရေးနှင့် စပ်လျဉ်း၍ ဟောပြောပွဲများ နှစ်စဉ်ပြုလုပ်မှုနှင့် စပ်လျဉ်းသော အချက်အလက်များကို လူမှု ဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထား ရေးဝန်ကြီးဌာနသို့ ၁၀-၅-၂၀၂၄ ရက်နေ့ နှင့် ၂၄-၅-၂၀၂၄ ရက်နေ့တို့တွင် ပေးပို့ခဲ့ပါသည်။

၄၇။ ဆဋ္ဌမအကြိမ်မြောက် (CEDAW) အစီရင်ခံစာနှင့် စပ်လျဉ်း၍ ကော်မရှင်၏ လက်ရှိဆောင်ရွက်ချက် (Update) အချက်အလက်များကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီး ဌာနသို့ ၁၂-၈-၂၀၂၄ ရက်နေ့တွင် ပေးပို့ခဲ့ပါသည်။

၄၈။ ဥပဒေရေးရာဝန်ကြီးဌာန၊ ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများ စိစစ်ရေး ဌာနခွဲ၏ လုပ်ငန်းဆောင်ရွက်ချက်များ နှင့် စပ်လျဉ်းသည့် ကော်မရှင်၏ ကနဦးသဘောထား အမြင်ကို ဥပဒေရေးရာဝန်ကြီးဌာနသို့ ၃-၉-၂၀၂၄ ရက်နေ့တွင် ပေးပို့ခဲ့ပါသည်။

၄၉။ နိုင်ငံတော်က တင်သွင်းရန်ရှိသည့် အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှု ပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်း အစီရင်ခံစာ နောက်ဆုံးမူကြမ်း နှင့် စပ်လျဉ်း၍ ကော်မရှင်၏ အတည်ပြုခြင်းနှင့် သဘောထားမှတ်ချက်ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီး ဌာနသို့ ၂၆-၁၁-၂၀၂၄ ရက်နေ့တွင် ပေးပို့ခဲ့ပါသည်။

၅၀။ ရှေ့နေအလုပ်သင်အဖြစ် လျှောက်ထားမှု တိုင်တန်းချက်နှင့် စပ်လျဉ်း၍ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဌာနမှ သဘောထားမှတ်ချက် တောင်းခံလာခြင်းအပေါ် ဥပဒေရှုထောင့်မှ လည်းကောင်း၊ လူ့အခွင့်အရေးရှုထောင့်မှလည်းကောင်း ၃၀-၅-၂၀၂၄ ရက်နေ့တွင် ပေးပို့ခဲ့ပါသည်။

**ဥပဒေရေးရာနှင့် လူ့အခွင့်အရေးဆိုင်ရာ အစည်းအဝေးနှင့် အခမ်းအနားများသို့ ပါဝင်တက်ရောက်မှုများ**

၅၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ဖိတ်ကြားချက်အရ ၃၀-၁-၂၀၂၄ ရက်နေ့တွင် နေပြည်တော်၌ ကျင်းပပြုလုပ်သည့် မြန်မာနိုင်ငံ လုံးဆိုင်ရာ အမျိုးသမီးကော်မတီအစည်းအဝေး (၁/၂၀၂၄) သို့ ကော်မရှင်အဖွဲ့ဝင် ဒေါ်နုနုယဉ် တက်ရောက်ခဲ့ပါသည်။

၅၂။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ဖိတ်ကြားချက်အရ ၂၀-၂-၂၀၂၄ ရက်နေ့တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ စုပေါင်းခန်းမ၊ နေပြည်တော်၌ ကျင်းပပြုလုပ်သည့် "အာဆီယံနိုင်ငံများရှိ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံအဆင့်ယန္တရားများ ခိုင်မာအားကောင်း လာစေရေး အာဆီယံဒေသတွင်း အလုပ်ရုံဆွေးနွေးပွဲ" (Regional Workshop to Strengthen Capacity of National Mechanism for the Advancement of Women in AMS) သို့ ကော်မရှင်အဖွဲ့ဝင် ဒေါ်နုနုယဉ် တက်ရောက်ခဲ့ပါသည်။

၅၃။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ဖိတ်ကြားချက်အရ ၈-၃-၂၀၂၄ ရက်နေ့တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန၌ ကျင်းပပြုလုပ်သည့် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အခမ်းအနားသို့ ကော်မရှင် အဖွဲ့ဝင် ဒေါ်နုနုယဉ် တက်ရောက်ခဲ့ပါသည်။

၅၄။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ဖိတ်ကြားချက်အရ ၁၅-၃-၂၀၂၄ ရက်နေ့တွင် နေပြည်တော်၌ ကျင်းပပြုလုပ်သည့် သင်တန်းကျောင်း များရှိ ပြစ်ဒဏ်ချမှတ်ခြင်း ခံရသော ကလေးသူငယ်များ စိစစ်ရေးဗဟိုကော်မတီ အစည်းအဝေးသို့ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒေါက်တာနန္ဒာမွန်း တက်ရောက်ခဲ့ပါသည်။

၅၅။ ဥပဒေရေးရာဝန်ကြီးဌာန၏ ဖိတ်ကြားချက်အရ ၂၄-၄-၂၀၂၄ ရက်နေ့တွင် နေပြည် တော်၌ ကျင်းပပြုလုပ်သည့် တရားမျှတမှုလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးကော်မတီ၏ လုပ်ငန်း ညှိနှိုင်း အစည်းအဝေး သို့ ဥပဒေရေးရာဌာန၊ ညွှန်ကြားရေးမှူး ဒေါ်ဖြိုးသီရိဝင်း တက်ရောက်ခဲ့ ပါသည်။

၅၆။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ဖိတ်ကြားချက်အရ ၁၇-၅-၂၀၂၄ ရက်နေ့တွင် နေပြည်တော်၌ ကျင်းပပြုလုပ်သည့် "ဘေဂျင်းကြေညာစာတမ်းနှင့် လုပ်ငန်းစီမံချက် Beijing Declaration and Platform for Action - BPFA+30 နိုင်ငံအဆင့် လေ့လာသုံးသပ်မှု အစီရင်ခံစာ (Zero Draft) အပေါ် လိုအပ်သည်များ ပြင်ဆင်ရေးသားနိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေး" သို့ ဥပဒေရေးရာဌာန၊ ညွှန်ကြားရေးမှူး ဒေါ်ဖြိုးသီရိဝင်း တက်ရောက်ခဲ့ပါသည်။

၅၇။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ဖိတ်ကြားချက်အရ ၁-၇-၂၀၂၄ ရက်နေ့တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန-၂ (MICC-2) ၌ ကျင်းပပြုလုပ်သည့် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အကြို လှုပ်ရှားမှု ခေတ်ပြိုင်ဆင်ယင်၊ ယဉ်ကျေးအသွင်၊ တင့်တယ်ခြယ်သ၊ မြန်မာအမျိုးသမီးများ အလှဝတ်စားဆင်ယင်မှုပြပွဲနှင့် ပဒေသာကပွဲ သို့ ကော်မရှင်အဖွဲ့ဝင် ဒေါ်နုနုယဉ် တက် ရောက်ခဲ့ပါသည်။

၅၈။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ဖိတ်ကြားချက်အရ ၃-၇-၂၀၂၄ ရက်နေ့တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန-၂ (MICC-2) ၌ ကျင်းပပြုလုပ်သည့် ၂၀၂၄ ခုနှစ်၊ မြန်မာအမျိုးသမီးများနေ့ အခမ်းအနားသို့ ကော်မရှင်အဖွဲ့ဝင် ဒေါ်နုနုယဉ် တက်ရောက်ခဲ့ပါသည်။

၅၉။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၏ ဖိတ်ကြားချက်အရ နေပြည်တော်၌ ၁၉-၈-၂၀၂၄ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် အများပြည်သူအကျိုး ထုတ်ဖော်သတင်း ပေးသူများအား အကာအကွယ်ပေးရေး ဥပဒေ (မူကြမ်း) နှင့် စပ်လျဉ်း၍ ညှိနှိုင်းအစည်း အဝေး သို့ ကော်မရှင်အဖွဲ့ဝင် ဒေါ်နုနုယဉ် တက်ရောက်ခဲ့ပါသည်။

၆၀။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ဖိတ်ကြားချက်အရ ၄-၁၀-၂၀၂၄ ရက်နေ့တွင် နေပြည်တော်၌ ကျင်းပပြုလုပ်ခဲ့သည့် အမျိုးသမီးများ အား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်း ဆဋ္ဌမအကြိမ် မြောက် (နောက်ဆုံးမူကြမ်း) အစီရင်ခံစာ ရေးသားရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေး သို့ ဥပဒေရေးရာဌာန၊ ညွှန်ကြားရေးမှူး ဒေါ်ဖြိုးသီရိဝင်း တက်ရောက်ခဲ့ပါသည်။

၆၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ဖိတ်ကြားချက်အရ ၂၀-၁၁-၂၀၂၄ ရက်နေ့တွင် နေပြည်တော်၌ ကျင်းပပြုလုပ်ခဲ့သည့် (၃၅) နှစ်မြောက် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း နှစ်ပတ်လည်နေ့ အထိမ်း အမှတ် (ကမ္ဘာ့ကလေးများနေ့) အခမ်းအနား သို့ ကော်မရှင်အဖွဲ့ဝင် ဒေါ်နုနုယဉ် တက် ရောက်ခဲ့ပါသည်။

၆၂။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ဖိတ်ကြားချက်အရ ၂၆-၁၁-၂၀၂၄ ရက်နေ့တွင် နေပြည်တော်၊ M.Gallery Hotel ၌ ကျင်းပပြုလုပ်ခဲ့သည့် "ပဉ္စမအကြိမ်မြောက် အာဆီယံအမျိုးသမီးရေးရာဝန်ကြီးအဆင့် အစည်းအဝေးနှင့် ဆက်စပ် အစည်းအဝေးများ ဖွင့်ပွဲအခမ်းအနား (5th ASEAN Ministerial Meeting on Women - 5th AMMW and Related Meetings)" သို့ ကော်မရှင်အဖွဲ့ဝင် ဒေါ်နုနုယဉ် တက်ရောက်ခဲ့ပါသည်။

၆၃။ ဥပဒေရေးရာဝန်ကြီးဌာန၏ ဖိတ်ကြားချက်အရ ၇-၁၂-၂၀၂၄ ရက်နေ့တွင် နေပြည် တော်၌ ကျင်းပပြုလုပ်ခဲ့သည့် တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများ ပေါင်းစပ် ညှိနှိုင်းရေးအဖွဲ့နှင့် အဖွဲ့ခွဲများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ကော်မရှင် အဖွဲ့ဝင် ဒေါ်နုနုယဉ် တက်ရောက်ခဲ့ပါသည်။

**စာတမ်းများ ပြုစုဆောင်ရွက်ခြင်း**

၆၄။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ မဟာဗျူဟာစီမံကိန်း (၂၀၂၀-၂၀၂၄) ၏ လုပ်ငန်းစီမံချက်အရ "လူ့အခွင့်အရေးနစ်နာမှုအတွက် ပြန်လည်ကုစားခြင်း ဆိုင်ရာရပိုင်ခွင့်" စာတမ်းကို ပြုစုခဲ့ပြီး ကော်မရှင်က ၂၂-၁-၂၀၂၄ ရက်နေ့တွင် အတည်ပြုခဲ့ပါသည်။

၆၅။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ မဟာဗျူဟာစီမံကိန်း (၂၀၂၀-၂၀၂၄)၏ လုပ်ငန်းစီမံချက်အရ "ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် အခြားရက်စက်ကြမ်းကြုတ်သော၊ လူမဆန်သော သို့မဟုတ် လူ့သိက္ခာညှိုးနွမ်းစေသော ပြုမူဆက်ဆံခြင်း သို့မဟုတ် ပြစ်ဒဏ်ပေးခြင်းကို ဆန့်ကျင်ရေး သဘောတူစာချုပ်သို့ နောက်မှပါဝင်ချုပ်ဆိုရန် လေ့လာသုံးသပ်ခြင်း" စာတမ်း ကို ပြုစုခဲ့ပြီး ကော်မရှင်က ၁၅-၅-၂၀၂၄ ရက်နေ့တွင် အတည်ပြုခဲ့ပါသည်။

၆၆။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ မဟာဗျူဟာစီမံကိန်း (၂၀၂၀-၂၀၂၄)၏ လုပ်ငန်းစီမံချက်အရ "အရှေ့တောင်အာရှ အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ် (SEANF) အဖွဲ့ဝင် အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများ၏ ပါရီအခြေခံမူများနှင့်အညီ ဖွဲ့စည်းမှု အခြေအနေကို လေ့လာခြင်း" စာတမ်းကို ပြုစုခဲ့ပြီး ကော်မရှင်က ၁၀-၆-၂၀၂၄ ရက်နေ့တွင် အတည်ပြုခဲ့ပါသည်။

၆၇။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ မဟာဗျူဟာစီမံကိန်း (၂၀၂၀-၂၀၂၄)၏ လုပ်ငန်းစီမံချက်အရ "အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြား ဆက်ဆံမှု ပပျောက်ရေးဆိုင်ရာ သဘောတူစာချုပ်နှင့် မြန်မာနိုင်ငံရှိ တည်ဆဲဥပဒေပါ အမျိုးသမီးအခွင့်အရေးများကို လေ့လာသုံးသပ်ခြင်း" စာတမ်းကို ပြုစုခဲ့ပြီး ကော်မရှင်က ၂၆-၁၂-၂၀၂၄ ရက်နေ့တွင် အတည်ပြုခဲ့ပါသည်။

**ဘာသာပြန်ဆိုခြင်းနှင့် ပုံနှိပ်ထုတ်ဝေခြင်း**

၆၈။ "မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် (Convention on the Rights of Persons with Disabilities-CRPD)" ကို အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့ ၂၁-၁၀-၂၀၂၄ ရက်နေ့တွင် ဘာသာပြန်ဆို ပြီးစီးခဲ့ပါသည်။

၆၉။ "အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှု ပပျောက်ရေးဆိုင်ရာ သဘော တူစာချုပ် (Convention on the Elimination of All Forms of Discrimination against Women-CEDAW)" မြန်မာဘာသာပြန်ဆိုချက်ကို ၂-၉-၂၀၂၄ ရက်နေ့တွင် ပုံနှိပ်ခဲ့ပါသည်။

# မှတ်တမ်းဓာတ်ပုံများ




၂၀၂၄ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အခမ်းအနားသို့ တက်ရောက်ခြင်း



“International Human Rights Treaties And Domestic Laws” ခေါင်းစဉ်ဖြင့် ဟောပြောပွဲ ကျင်းပပြုလုပ်ခြင်း




**အာဆီယံနိုင်ငံများရှိ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံအဆင့် ယန္တရားများ ခိုင်မာအားကောင်းလာစေရေး အာဆီယံဒေသတွင်း အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ခြင်း**




**APF Virtual Dialogue Series: Ratifying the OPCAT Experience of NHRIs တက်ရောက်ခြင်း**




လူ့အခွင့်အရေးကောင်စီ၏ (၅၇) ကြိမ်မြောက် ဆွေးနွေးပွဲ၌ သက်ကြီးရွယ်အိုအခွင့်အရေးနှင့် ပတ်သက်သည့် အစည်းအဝေးသို့ တက်ရောက်ခြင်း

## Convention on the Elimination of All Forms of Discrimination against Women

အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှု
ပပျောက်ရေးဆိုင်ရာ သဘောတူစာချုပ်

# နိုင်ငံတကာဆက်ဆံရေးဆိုင်ရာဆောင်ရွက်ချက်များ

## လုပ်ငန်းတာဝန်များ

၇၀။ နိုင်ငံတကာဆက်ဆံရေးဌာနသည် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥပဒေ ပုဒ်မ ၂၂ (ဆ) အရ ကမ္ဘာ့နိုင်ငံအားလုံး၏ လူ့အခွင့်အရေးအခြေအနေကို ပုံမှန်သုံးသပ်သည့် လုပ်ငန်းစဉ်အပါအဝင် ကုလသမဂ္ဂ၏ လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ခြင်း၊ အခြားသော အမျိုးသားအဆင့်အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် လူ့အခွင့်အရေး ကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ခြင်းအစရှိသည့် ကော်မရှင်၏ နိုင်ငံတကာဆက်ဆံရေး လုပ်ငန်းတာဝန်များကို ထမ်းဆောင်လျက်ရှိပါသည်။

**အရှေ့တောင်အာရှ အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ် - Southeast Asia National Human Rights Institutions Forum (SEANF) နှင့် ပူးပေါင်းဆောင်ရွက်ခြင်း**

၇၁။ **ပထမအကြိမ် လုပ်ငန်းအဖွဲ့ အစည်းအဝေးတက်ရောက်ခြင်း။** တီမောလက်စ်တေနိုင်ငံ လူ့အခွင့်အရေးကော်မရှင်(PDHJ) က ဖိုရမ်ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်သည့် SEANF ၏ ပထမအကြိမ်လုပ်ငန်းအဖွဲ့ အစည်းအဝေးကို တီမောလက်စ်တေနိုင်ငံ၊ ဒီလီမြို့၌ ၃-၄-၂၀၂၄ ရက်နေ့မှ ၄-၄-၂၀၂၄ ရက်နေ့အထိ Hybrid format ဖြင့် ကျင်းပပြုလုပ်ရာ ဖိုရမ်အဖွဲ့ဝင်များ ဖြစ်ကြသည့် အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ ထိုင်းနှင့် တီမောလက်စ်တေနိုင်ငံ လူ့အခွင့်အရေး ကော်မရှင်များမှ ကိုယ်စားလှယ်များက In-person တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့် အရေးကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာ တင်မောင်မောင်သန်း၊ ကော်မရှင်ရုံး ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်း၊ ညွှန်ကြားရေးမှူး ဦးဇေယျာလင်းနှင့် ရုံးဝန်ထမ်းများက Video Conferencing System ဖြင့် ပါဝင်တက်ရောက်ခဲ့ပါသည်။

၇၂။ လုပ်ငန်းအဖွဲ့အစည်းအဝေးတွင် ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ၌ ကျင်းပခဲ့သော ဖိုရမ်၏ (၂၀) ကြိမ်မြောက် နှစ်ပတ်လည်အဖွဲ့အစည်းအဝေး နောက်ပိုင်းကာလအတွင်း ဖိုရမ်အဖွဲ့ဝင် အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများ၏ ဆောင်ရွက်ချက်များနှင့် တိုးတက်အောင်မြင်မှုများ၊ SEANF ၏ မဟာဗျူဟာစီမံကိန်း (၂၀၂၂-၂၀၂၆) ပါ ဦးစားပေးကိစ္စရပ် (၅) ရပ် အကောင် အထည်ဖော်ခြင်းနှင့် စပ်လျဉ်း၍ ဦးစားပေးကိစ္စရပ် တစ်ခုစီအလိုက် အကောင်အထည်ဖော် ဆောင်ရွက်ရန် အဓိက တာဝန်ယူထားသော ဖိုရမ်အဖွဲ့ဝင် အမျိုးသား လူ့အခွင့် အရေးအဖွဲ့ အစည်းများ၏ အကောင် အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများ၊ ညှင်းပန်းနှိပ်စက်မှု တားဆီး ကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များ၊ စီးပွားရေးနှင့်လူ့အခွင့်အရေးဆိုင်ရာ ဒေသတွင်း အလုပ်ရုံ ဆွေးနွေးပွဲ ကျင်းပရေး ကိစ္စရပ်များနှင့် ASEAN Declaration on Environmental Rights (မူကြမ်း) ရေးဆွဲမှုကိစ္စရပ် တို့အတွက် အာဆီယံအစိုးရချင်းဆိုင်ရာ လူ့အခွင့်အရေး ကော်မရှင် (AICHR) နှင့် SEANF အကြား

ပူးပေါင်းဆောင်ရွက်မှု ကိစ္စရပ်များ၊ တီမော လက်စ်တေနိုင်ငံမှ အရပ်ဘက် အဖွဲ့အစည်းများ ဖြစ်ကြသော Centro Nacional Chega! (CNC) နှင့် Asia Justice and Rights (AJAR) တို့က လူပျောက်ဆုံးမှုနှင့် ကလေးသူငယ်များအား ခိုးယူမှုဆိုင်ရာကိစ္စရပ်များ၊ တီမောလက်စ်တေနိုင်ငံ၊ မလေးရှားနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံအတွင်းရှိ Statelessness people နှင့် Trafficking in Person ကိစ္စတို့ နှင့်စပ်လျဉ်း၍ နယ်စပ်ဖြတ်ကျော် ဒေသတွင်းပူးပေါင်း ဆောင်ရွက်ရေး ကိစ္စရပ်များ၊ အကျဉ်းသားများနှင့် တစ်သက်တစ်ကျွန်း ပြစ်ဒဏ်ကျ အကျဉ်းသား များအား မိခင်နိုင်ငံသို့ လွှဲပြောင်းမှုဆိုင်ရာ ကိစ္စရပ်များ၊ Digital Rights နှင့်စပ်လျဉ်းသည့် ကိစ္စရပ်များ၊ စုံစမ်းစစ်ဆေး ရေးယန္တရားတည်ထောင်ရေးကိစ္စရပ်များ၊ သက်ကြီး ရွယ်အိုအခွင့်အရေး ဆိုင်ရာ ကုလသမဂ္ဂ လုပ်ငန်းအဖွဲ့ (UN Open-ended Working Group on Ageing – OEWGA) ၏ (၁၄) ကြိမ်မြောက် ဆွေးနွေးပွဲ၌ ပါဝင်ဆောင်ရွက် ရေးကိစ္စရပ်များအား ဆွေးနွေးခဲ့ကြပါသည်။

၇၃။ အစည်းအဝေးတွင် ကော်မရှင် အဖွဲ့ဝင် ဒေါက်တာတင်မောင်မောင်သန်းက ဖိုရမ်၏ (၂၀) ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး နောက်ပိုင်းကာလအတွင်း မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ် စောင့်ရှောက်ရေးတို့နှင့် စပ်လျဉ်းသည့် ဆောင်ရွက်ချက်များနှင့် တိုးတက်အောင်မြင်မှုများကို ဆွေးနွေးခဲ့ပါသည်။ ထို့နောက် ကော်မရှင်က ဦးဆောင်အဖွဲ့အစည်းအဖြစ် တာဝန်ယူထား သော SEANF ၏ မဟာဗျူဟာစီမံကိန်း (၂၀၂၂-၂၀၂၆) ပါ ဦးစားပေးကိစ္စရပ် အမှတ် (၂) ဖြစ်သည့် “စီးပွားရေးလုပ်ငန်းများတွင် လူ့အခွင့် အရေး မြှင့်တင်ရန်နှင့် ကာကွယ်ရန်” ကိစ္စရပ်နှင့် စပ်လျဉ်း၍ ကော်မရှင်၏ အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းက ဆွေးနွေးခဲ့ပါသည်။

၇၄။ **ဒုတိယအကြိမ် လုပ်ငန်းအဖွဲ့ အစည်းအဝေးတက်ရောက်ခြင်း။** တီမောလက်စ်တေနိုင်ငံ လူ့အခွင့်အရေးကော်မရှင် (PDHJ) က ဖိုရမ်ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်သည့် SEANF ၏ ဒုတိယအကြိမ်လုပ်ငန်းအဖွဲ့ အစည်းအဝေးကို တီမောလက်စ်တေနိုင်ငံ၊ ဒီလီမြို့၌ ၁၀-၇-၂၀၂၄ ရက်နေ့မှ ၁၁-၇-၂၀၂၄ ရက်နေ့အထိ Hybrid format ဖြင့် ကျင်းပပြုလုပ်ရာ ဖိုရမ်အဖွဲ့ဝင်များ ဖြစ်ကြသည့် အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ ထိုင်းနှင့် တီမောလက်စ်တေနိုင်ငံ လူ့အခွင့်အရေး ကော်မရှင်များမှ ကိုယ်စားလှယ်များက In-person တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာတင်မောင်မောင်သန်း၊ ကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်း၊ ညွှန်ကြားရေးမှူး ဦးဇေယျာလင်းနှင့် ရုံးဝန်ထမ်းများက Video Conferencing System ဖြင့် ပါဝင်တက်ရောက်ခဲ့ပါသည်။

၇၅။ လုပ်ငန်းအဖွဲ့အစည်းအဝေးတွင် ၂၀၂၄ ခုနှစ်၊ ဧပြီလ၌ ကျင်းပခဲ့သော ဖိုရမ်၏ ပထမ အကြိမ် လုပ်ငန်းအဖွဲ့အစည်းအဝေး နောက်ပိုင်းကာလအတွင်း ဖိုရမ်အဖွဲ့ဝင် အမျိုးသား လူ့အခွင့်အရေး

အဖွဲ့အစည်းများ၏ ဆောင်ရွက်ချက်များနှင့် တိုးတက်အောင်မြင်မှုများ၊ SEANF ၏ မဟာဗျူဟာ စီမံကိန်း (၂၀၂၂-၂၀၂၆) ပါ ဦးစားပေးကိစ္စရပ် (၅) ရပ် အကောင် အထည်ဖော်ခြင်းနှင့် စပ်လျဉ်း၍ ဦးစားပေးကိစ္စရပ်တစ်ခုစီအလိုက် အကောင်အထည်ဖော် ဆောင်ရွက်ရန် အဓိက တာဝန်ယူထား သော ဖိုရမ်အဖွဲ့ဝင် အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများ၏ အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများ၊ ရွှေ့ပြောင်းအလုပ် သမားများကိစ္စရပ်နှင့် စပ်လျဉ်း၍ အာဆီယံ အစိုးရချင်းဆိုင်ရာ လူ့အခွင့်အရေး ကော်မရှင် (AICHR) နှင့် SEANF တို့အကြား ပူးပေါင်း ဆောင်ရွက်ရေးကိစ္စရပ်များ၊ လူကုန်ကူးခံရသူများအား ပြစ်ဒဏ်ချမှတ်မှုမရှိစေရေးဆိုင်ရာ ဒေသတွင်းလမ်းညွှန်အခြေခံမှု ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ အပြည်ပြည်ဆိုင်ရာ အကျဉ်းသားလွှဲပြောင်းရေးဆိုင်ရာကိစ္စရပ်များ၊ မြေယာအငြင်းပွားမှုနှင့်စပ်လျဉ်း၍ စောင့်ကြည့် လေ့လာခြင်းဆိုင်ရာကိစ္စရပ်များ၊ ဒေသတွင်း လူ့အခွင့်အရေးအခြေအနေ ဖွံ့ဖြိုးတိုးတက်မှုနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြခြင်းကိစ္စရပ်များ၊ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများအကြား စုံစမ်းစစ်ဆေးမှု ယန္တရားတစ်ရပ် တည်ထောင်ရေးဆိုင်ရာကိစ္စရပ်များ၊ သက်ကြီးရွယ်အို အခွင့်အရေး ဆိုင်ရာ ကုလသမဂ္ဂလုပ်ငန်းအဖွဲ့ (OEWGA) ၏ (၁၄) ကြိမ်မြောက် ဆွေးနွေးပွဲ၌ ပါဝင် ဆောင်ရွက် ရေး ကိစ္စရပ်များ၊ ဖိုရမ်၏ (၂၁) ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး ကျင်းပနိုင်ရေးဆိုင်ရာ ကိစ္စရပ်များအား ဆွေးနွေးခဲ့ကြပါသည်။ အစည်းအဝေးတွင် ဖိုရမ်၏ ပထမအကြိမ် လုပ်ငန်းအဖွဲ့ အစည်းအဝေး နောက်ပိုင်းကာလအတွင်း မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးတို့ နှင့် စပ်လျဉ်းသည့် ဆောင်ရွက်ချက် များနှင့် တိုးတက်အောင်မြင်မှုများကို ကော်မရှင်ရုံးဒုတိယညွှန်ကြားရေးမှူးချုပ်ဒေါက်တာခိုင်ခိုင်ဝင်း က ဆွေးနွေးခဲ့ပါသည်။ ဖိုရမ်၏ (၂၁) ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးနှင့် ဆက်စပ် အစည်းအဝေးကို ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ၌ ကျင်းပသွားရန် လုပ်ငန်းအဖွဲ့အစည်းတွင် သဘောတူ ခဲ့ကြပါသည်။

၇၆။ **SEANF ၏ (၂၁) ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးနှင့် ဆက်စပ်ဆွေးနွေးပွဲ တက်ရောက်ခြင်း။** တီမောလက်စ်တေနိုင်ငံ လူ့အခွင့်အရေး ကော်မရှင် (PDHJ) က ဖိုရမ်ဥက္ကဋ္ဌ အဖြစ် တာဝန်ယူဆောင်ရွက်သည့် SEANF ၏ (၂၁) ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးနှင့် ဆက်စပ်ဆွေးနွေးပွဲကို တီမောလက်စ်တေနိုင်ငံ၊ ဒီလီမြို့၌ ၁၈-၁၁-၂၀၂၄ ရက်နေ့မှ ၂၀-၁၁-၂၀၂၄ ရက်နေ့အထိ Hybrid format ဖြင့် ကျင်းပပြုလုပ်ရာ ဖိုရမ်အဖွဲ့ဝင်များ ဖြစ်ကြသည့် အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ ထိုင်းနှင့် တီမောလက်စ်တေနိုင်ငံ လူ့အခွင့်အရေး ကော်မရှင်များမှ ကိုယ်စားလှယ်များက In-person တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကော်မရှင် ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်၊ ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသည့် ဒေါက်တာ သန်းမြင့်၊ ဒေါက်တာတင်မောင်မောင်သန်း၊ ကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံတကာ

ဆက်ဆံရေးဌာန ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများက Video Conferencing System ဖြင့် ပါဝင်တက်ရောက်ခဲ့ပါသည်။

၇၇။ အရှေ့တောင်အာရှ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ် (SEANF) ၏ (၂၁) ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးတွင် ဖိုရမ်၏ (၂၀) ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေး နောက်ပိုင်းကာလအတွင်း ဖိုရမ်အဖွဲ့ဝင် အမျိုးသား လူ့အခွင့်အရေး ကော်မရှင်များ၏ လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေး ဆောင်ရွက်ချက်များနှင့် တိုးတက်ဖြစ်ထွန်းမှုများ၊ အရှေ့တောင်အာရှ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ် (SEANF) ၏ မဟာဗျူဟာစီမံကိန်း (၂၀၂၂-၂၀၂၆) ပါ ဦးစားပေးကိစ္စရပ် (၅) ရပ်နှင့် စပ်လျဉ်း၍ ဖိုရမ်အဖွဲ့ဝင်များ၏ အကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေများ၊ ဖိုရမ်၏ Rules of Procedure (RoP) ပြင်ဆင်ရေးဆိုင်ရာကိစ္စရပ်များ၊ အကျဉ်းသားများ လွှဲပြောင်းမှုနှင့်စပ်လျဉ်း ၍ မလေးရှားနိုင်ငံ လူ့အခွင့်အရေး ကော်မရှင်၏ ဆောင်ရွက်ချက်များ၊ ထိုင်ဝမ်အမျိုးသား လူ့အခွင့်အရေး ကော်မရှင်က Right Con ခေါင်းစဉ်ဖြင့် ကျင်းပမည့် ဆွေးနွေးပွဲသို့ ဖိတ်ကြားခြင်းဆိ102Fင်ရာကိစ္စရပ်၊ သက်ကြီးရွယ်အို အခွင့်အရေးဆိုင်ရာကိစ္စရပ်နှင့် မလေးရှားနိုင်ငံ၊ Sabah ပြည်နယ်ရှိ နိုင်ငံမဲ့ဖြစ်နေသူများနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များ၊ အာရှ-ပစိဖိတ် အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ် (APF) နှင့် ညှင်းပန်းနှိပ်စက်မှု တားဆီးကာကွယ်ရေးဆိုင်ရာအဖွဲ့ (APT) တို့နှင့် ဖိုရမ်တို့ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပါသည်။

၇၈။ ဖိုရမ်၏ နှစ်ပတ်လည်အစည်းအဝေးတွင် ကော်မရှင်ဥက္ကဋ္ဌ ဦးဟေ်လွင်စိန်က ဖိုရမ်၏ (၂၀) ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး နောက်ပိုင်းကာလအတွင်း မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်စောင့် ရှောက်ရေးတို့နှင့် စပ်လျဉ်းသည့် ဆောင်ရွက်ချက်များနှင့် တိုးတက်ဖြစ်ထွန်းမှုများကို ဆွေးနွေးခဲ့ပါသည်။ ထို့နောက် ကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ခိုင်ခိုင်ဝင်းက (SEANF) ၏ မဟာဗျူဟာ စီမံကိန်း (၂၀၂၂-၂၀၂၆) ဦးစားပေးကိစ္စရပ် အမှတ် (၂) ဖြစ်သည့် စီးပွားရေး လုပ်ငန်းများတွင် လူ့အခွင့်အရေး မြှင့်တင်ကာကွယ်ပေးရေးနှင့်စပ်လျဉ်း၍ ကော်မရှင်၏ အကောင်အထည်ဖော် ဆောင်ရွက်မှု အခြေအနေများကို ဆွေးနွေးမှုများ ပြုလုပ် ခဲ့ပါသည်။

၇၉။ နှစ်ပတ်လည် အစည်းအဝေးအပြီးတွင် ၂၀၂၅ ခုနှစ်အတွက် ဖိုရမ်၏ အလှည့်ကျဥက္ကဋ္ဌ တာဝန်ကို အင်ဒိုနီးရှားနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ထံသို့ တီမောလက်စ်တေ နိုင်ငံ လူ့အခွင့်အရေး ကော်မရှင်က လွှဲပြောင်း ပေးအပ်ခဲ့ပါသည်။

၈၀။ ၂၀-၁၁-၂၀၂၄ ရက်နေ့တွင် ဖိုရမ်၏ ဆက်စပ်ဆွေးနွေးပွဲကို "အရှေ့တောင် အာရှ ဒေသတွင်း စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးများဆိုင်ရာ ကောင်းမွန်သော အလေ့အကျင့်များနှင့်

အတွေ့အကြုံများမျှဝေခြင်း” ခေါင်းစဉ်ဖြင့် ကျင်းပခဲ့ပြီး ဆွေးနွေးပွဲသို့ တီမောလက်စ်တေနိုင်ငံ သမ္မတ H.E Dr. Jose Ramos-Horta တက်ရောက်၍ အဖွင့်မိန့်ခွန်း ပြောကြားခဲ့ပါသည်။

၈၁။ ဆွေးနွေးပွဲသို့ ဖိုရမ်အဖွဲ့ဝင် အမျိုးသား လူ့အခွင့်အရေး ကော်မရှင်များမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ ကော်မရှင်အဖွဲ့ဝင်များ၊ ရုံးဝန်ထမ်းများ၊ တီမောလက်စ်တေနိုင်ငံ နိုင်ငံခြား ရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်များ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ဘာသာရပ်ဆိုင်ရာ ပညာရှင်များ ပါဝင်တက်ရောက်ခဲ့ကြပါသည်။ အဆိုပါ ဆွေးနွေးပွဲ အကြောင်းအရာနှင့် စပ်လျဉ်း၍ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာတင်မောင်မောင်သန်းက ပါဝင်ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါသည်။

၈၂။ **အာဆီယံအစိုးရချင်းဆိုင်ရာလူ့အခွင့်အရေးကော်မရှင် (ASEAN Intergovernmental Commission on Human Rights – AICHR) နှင့် SEANF တို့ ပူးပေါင်းကျင်းပသည့် ဒေသဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲတက်ရောက်ခြင်း။** ကော်မရှင်ရုံး၊ ဒုတိယညွှန်ကြားရေးမှူး ချုပ် ဒေါက်တာခိုင်ခိုင်ဝင်းနှင့် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးစန္ဒာမြင့်တို့သည် ၂၄-၉-၂၀၂၄ ရက်နေ့တွင် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၌ AICHR နှင့် SEANF တို့ ပူပေါင်း ကျင်းပပြုလုပ်သော “အာဆီယံဒေသတွင်း စီးပွားရေးလုပ်ငန်းနှင့် လူ့အခွင့်အရေးတို့တွင် ရွှေ့ပြောင်းလုပ်သား များအတွက် ထိရောက်သော ကုစားပေးမှုနှင့် ကောင်းမွန်သော ကျင့်သုံးမှု ပုံစံကောင်းများ မျှဝေ ခြင်းနှင့် စပ်လျဉ်းသည့် AICHR-SEANF ဒေသဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ” သို့ ပါဝင် တက်ရောက် ခဲ့ပါသည်။

၈၃။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို အာဆီယံအစိုးရချင်းဆိုင်ရာ လူ့အခွင့်အရေး ကော်မရှင် (AICHR) နှင့် ဂျပန်နိုင်ငံအစိုးရတို့ ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး ဆွေးနွေးပွဲသို့ AICHR နှင့် အရှေ့တောင်အာရှ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ် (SEANF) မှ ကိုယ်စားလှယ်များ၊ Mission of the European Union to ASEAN မှ ကိုယ်စားလှယ်များ၊ Mission of Japan to ASEAN မှ ကိုယ်စားလှယ်များ၊ အာဆီယံအခွင့်အရေး ကာကွယ် ထိန်းသိမ်းရေး အဖွဲ့အစည်းများ (ASBs) မှ ကိုယ်စားလှယ်များ၊ လူ့အခွင့်အရေး လှုပ်ရှား ဆောင်ရွက်သည့် CSOs နှင့် NGOs မှ ကိုယ်စားလှယ်များ စုစုပေါင်း (၁၃၁) ဦး ပါဝင် တက်ရောက်ခဲ့ကြပြီး ထိုင်းနိုင်ငံမှ AICHR ကိုယ်စားလှယ် H.E. Prof. Dr. Amara Pongsapich နှင့် ထိုင်းနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ဥက္ကဋ္ဌဖြစ်သူ Ms. Pornprapai Ganjanarintr က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားခဲ့ပါသည်။

၈၄။ အလုပ်ရုံဆွေးနွေးပွဲတွင် စီးပွားရေးနှင့် ဆက်နွယ်သော လူ့အခွင့်အရေး ဖောက်ဖျက်မှု များကို ကာကွယ်ရန် ၎င်းတို့၏ လုပ်ငန်းတာဝန်တစ်ရပ်အနေဖြင့် နိုင်ငံများသည် တရားရေး ဆိုင်ရာ၊ အုပ်ချုပ်ရေးဆိုင်ရာ၊ ဥပဒေပြုရေးဆိုင်ရာ သို့မဟုတ် အခြားသင့်လျော်သော ယန္တရား များဖြင့် ၎င်းတို့၏ ပိုင်နက်နယ်မြေအတွင်း (သို့မဟုတ်) စီရင်ပိုင်ခွင့် နယ်ပယ်အတွင်း စီးပွားရေးနှင့်

ဆက်နွှယ်သည့် လူ့အခွင့်အရေး ဖောက်ဖျက်မှုများ ဖြစ်ပေါ်လာသည့်အခါ ဖောက်ဖျက်ခံရသူများအား ထိရောက်သော ပြန်လည်ကုစားမှုပေးရေး လုပ်ငန်းအဆင့်များကို ချမှတ်ဆောင်ရွက်ရန် လိုအပ်သည့်ကိစ္စရပ်များ၊ နိုင်ငံများသည် စီးပွားရေးနှင့် ဆက်နွှယ်သော လူ့အခွင့်အရေး ဖောက်ဖျက်မှုများကို ဖြေရှင်းဆောင်ရွက်သည့်အခါ ပြည်တွင်း တရားရေးဆိုင်ရာ ယန္တရားများ ထိရောက်မှုရှိရေး အာမခံချက်ပေးရန် သင့်လျော်သည့် လုပ်ငန်း အဆင့်ဆင့်တို့ကို ချမှတ်ဆောင်ရွက်ရမည်ဖြစ်ရာ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် အာဆီယံ ဒေသတွင်း စီးပွားရေးလုပ်ငန်းများနှင့် လူ့အခွင့်အရေးတို့တွင် ဝင်ရောက်အလုပ်လုပ်ကိုင်သော ရွှေ့ပြောင်းလုပ်သားများအတွက် ထိရောက်သော ကုစားပေးမှုနှင့် ကောင်းမွန်သော ကျင့်သုံးမှု ပုံစံကောင်းများကို စီးပွားရေးနှင့် လူ့အခွင့်အရေး ရှုထောင့်မှတစ်ဆင့် မျှဝေဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြပါသည်။

**အာရှ-ပစိဖိတ် အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ် (Asia Pacific Forum of National Human Rights Institutions - APF) နှင့် ပူးပေါင်းဆောင်ရွက်ခြင်း**

၈၅။ **APF ၏ (၂၉) ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးသို့ တက်ရောက်ခြင်း။** ကော်မရှင် ဥက္ကဋ္ဌ ဦးပေါ်လွင်စိန် သည် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့တွင် ၂၄-၉-၂၀၂၄ ရက်နေ့မှ ၂၅-၉-၂၀၂၄ ရက်နေ့အထိ ကျင်းပသော အာရှ-ပစိဖိတ် အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ် (APF) ၏ (၂၉) ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးသို့ ပါဝင်တက်ရောက်ခဲ့ပါသည်။ ကော်မရှင် ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်ရုံး ညွှန်ကြားရေးမှူး ဦးဇေယျာလင်း လိုက်ပါခဲ့ပါသည်။

၈၆။ အစည်းအဝေးသို့ အာရှ-ပစိဖိတ် အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ် (APF) ၏ အဖွဲ့ဝင်နိုင်ငံ (၂၆) နိုင်ငံရှိ လူ့အခွင့်အရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပြီး အာရပ်စော်ဘွားများပြည်ထောင်စု (UAE) ၊ ထိုင်ဝမ်နိုင်ငံနှင့် ပါကစ္စတန်နိုင်ငံ လူ့အခွင့်အရေး ကော်မရှင်များမှ ကိုယ်စားလှယ်များ၊ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများဆိုင်ရာ ကမ္ဘာ့အဖွဲ့ကြီးမှ ကိုယ်စားလှယ်များနှင့် ကုလသမဂ္ဂလူ့အခွင့်အရေး ဆိုင်ရာ မဟာမင်းကြီးရုံးမှ ကိုယ်စားလှယ်များ၊ ကုလသမဂ္ဂဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်မှ ကိုယ်စားလှယ်များက လေ့လာသူများအဖြစ် တက်ရောက်ခဲ့ကြပါသည်။

၈၇။ အစည်းအဝေးအစီအစဉ် ပထမနေ့တွင် ဖိုရမ်၏ တစ်နှစ်တာကာလအတွင်း ဆောင် ရွက်ခဲ့မှု အစီရင်ခံခြင်းကိစ္စရပ်များ၊ ဖိုရမ်အဖွဲ့ဆက်လက်ဆောင်ရွက်မည့်ကိစ္စရပ်များ၊ ဖိုရမ်နှင့် အရပ်ဘက် အဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေး ခဲ့ကြပါသည်။

၈၈။ အစည်းအဝေး ဒုတိယနေ့တွင် ဖိုရမ်အဖွဲ့ဝင်နိုင်ငံများမှကိုယ်စားလှယ်များနှင့် အစည်း အဝေးသို့ လေ့လာသူများအဖြစ် တက်ရောက်လာကြသည့် ကိုယ်စားလှယ်များမှ လူ့အခွင့် အရေးဆိုင်ရာ ဘာသာရပ်များဖြစ်သည့် ကျား-မ တန်းတူညီမျှမှု၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး နှင့် ရာသီဥတု ပြောင်းလဲမှုနှင့် ဆက်စပ်အခွင့်အရေးဆိုင်ရာကိစ္စများ၊ လူ့အခွင့်အရေး ကာကွယ်

စောင့်ရှောက်သူများ အခွင့်အရေးဆိုင်ရာကိစ္စများစသည့် ခေါင်းစဉ်များဖြင့် ဆွေးနွေး တင်ပြခြင်း အစီအစဉ်ကို ဆက်လက် ကျင်းပခဲ့ပါသည်။ အဆိုပါအစီအစဉ်တွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်က ကျား-မ တန်းတူညီမျှရေး (Gender Equality) ခေါင်းစဉ်ဖြင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်က ဆောင်ရွက်နေမှုအနေအထား၊ နိုင်ငံတော်၏ အမျိုးသမီးရေးရာကဏ္ဍ ဆောင်ရွက်မှုများတွင် ပါဝင် ဆောင်ရွက်နေမှုကဏ္ဍများကို ရှင်းလင်းဆွေးနွေးခဲ့ပါသည်။ ယင်းနောက် ဖိုရမ် နှစ်ပတ်လည်အစည်းအဝေးနှင့် တစ်ဆက်တည်း ကျင်းပပြုလုပ်သည့် "အာရှ-ပစိဖိတ် အကြီးတန်းအရာရှိများ ကွန်ယက်အစည်းအဝေး" သို့ ကော်မရှင်ရုံး ညွှန်ကြားရေးမှူး ဦးဇေယျာလင်း ပါဝင် တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး ဝန်ထမ်းများ၏ စွမ်းဆောင်ရည် မြှင့်တင်ရေးနှင့် စပ်လျဉ်းသည့် ကိစ္စရပ်အား ဆွေးနွေးတင်ပြခဲ့ရာ တက်ရောက်လာကြသူများမှ သိရှိလိုသည်များ မေးမြန်းဖြေ ကြားခဲ့ပါသည်။

၈၉။ **The APF Annual Program on GANHRI Accreditation 2024 Workshop တက်ရောက်ခြင်း။** အာရှ-ပစိဖိတ် အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ် (APF) နှင့် ဖိလစ်ပိုင်နိုင်ငံ လူ့အခွင့်အရေးကော်မရှင်တို့ ပူးပေါင်း၍ ၂၇-၂-၂၀၂၄ ရက်နေ့မှ ၂၉-၂-၂၀၂၄ ရက်နေ့အထိ ဖိလစ်ပိုင်နိုင်ငံ၊ မနီလာမြို့တွင်ကျင်းပသော "The APF Annual Program on GANHRI Accreditation 2024 Workshop" သို့ ကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ခိုင်ခိုင်ဝင်းနှင့် ညွှန်ကြားရေးမှူး ဦးဇေယျာလင်းတို့ ပါဝင်တက်ရောက်ခဲ့ကြပါသည်။

၉၀။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ အာရပ်စော်ဘွားများပြည်ထောင်စု၊ အိန္ဒိယနိုင်ငံ၊ သီရိလင်္ကာနိုင်ငံ၊ နီပေါနိုင်ငံ၊ မြန်မာနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံတို့၏ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများမှ ကိုယ်စားလှယ် (၁၂) ဦး ပါဝင်တက်ရောက်ခဲ့ကြပြီး GANHRI, OHCHR နှင့် APF တို့မှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများ ပါဝင်တက်ရောက်ခဲ့ကြပါသည်။

၉၁။ အလုပ်ရုံဆွေးနွေးပွဲတွင် အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများအနေဖြင့် အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများဆိုင်ရာ ကမ္ဘာ့အဖွဲ့ကြီး (Global Alliance of National Human Rights Institutions - GANHRI) တွင် အဖွဲ့ဝင်ဖြစ်ရေးအတွက် အဆင့် သတ်မှတ်ချက် လျှောက်ထားရာတွင် လိုအပ်သော ပြင်ဆင်ဆောင်ရွက်ရမည့် ကိစ္စရပ်များ၊ အဆင့်ဆင့်ဆောင်ရွက်မှု လုပ်ငန်းစဉ်များနှင့် အဆင့်သတ်မှတ်ချက် ပြန်လည်သုံးသပ်မှု ခံယူခြင်းနှင့်စပ်လျဉ်းသော လုပ်ငန်း စဉ်များအကြောင်းတို့ကို ဆွေးနွေးကြပြီး အလုပ်ရုံ ဆွေးနွေးပွဲ တက်ရောက်ကြသော အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက အတွေ့အကြုံများကို မျှဝေ ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြပါသည်။

**အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများဆိုင်ရာ ကမ္ဘာ့အဖွဲ့ကြီး (Global Alliance of National Human Rights Institutions - GANHRI) နှင့် ပူးပေါင်းဆောင်ရွက်ခြင်း**

၉၂။ **GANHRI ၏ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများ အဆင့်သတ်မှတ်ရေး ဆပ်ကော်မတီ (Sub-Committee on Accreditation – SCA) သို့ အချက်အလက်များ ပေးပို့ခြင်း။** GANHRI-SCA သည် နိုင်ငံအသီးသီး၏ အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများမှ အဆင့်သတ်မှတ်ချက်လျှောက်ထားမှုကို လက်ခံ၍ ပါရီအခြေခံမှုများနှင့် ကိုက်ညီမှုရှိ၊ မရှိ သုံးသပ်မှု ပြုလုပ်ပြီး "A" အဆင့် NHRI နှင့် "B" အဆင့် NHRI ဟူ၍ အဆင့် သတ်မှတ်ပေး လျက် ရှိပါသည်။ သို့ဖြစ်ရာ GANHRI Statute ၏ article 16.2 အရ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်၏ အဆင့်သတ်မှတ်ချက်ကို ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလတွင် ကျင်းပမည့် အဆင့်သတ်မှတ်ရေးဆပ်ကော်မတီ (SCA) အစည်းအဝေး၌ ဒုတိယအကြိမ် စိစစ်သုံးသပ်မှု ခံယူနိုင်ရန်အတွက် ကော်မရှင်၏ ဖြေကြားချက်၊ ရှင်းလင်းချက်များနှင့် update အချက်အလက်များ ပါဝင်သည့် အစီရင်ခံစာအား GANHRI-SCA အတွင်းရေးမှူးထံသို့ ၃၀-၅-၂၀၂၄ ရက်နေ့တွင် ပေးပို့ခဲ့ပါသည်။

၉၃။ **အထူးသုံးသပ်မှုခံယူခြင်း။** ကော်မရှင်၏ အဆင့်သတ်မှတ် ချက်နှင့်စပ်လျဉ်း၍ GANHRI-SCA ၏ ဒုတိယအကြိမ်မြောက် အထူးသုံးသပ်မှုကို ၁၄-၁၀-၂၀၂၄ ရက်နေ့တွင် Video Conferencing System အသုံးပြု၍ ပြုလုပ်ခဲ့ရာ ကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က GANHRI-SCA ၏ အထူးသုံးသပ်မှုအတွက် မေးမြန်းလာသည့် မေးခွန်းများကို အချက်အလက် ပြည့်စုံစွာဖြင့် တုံ့ပြန်ဖြေကြားခဲ့ပါသည်။

**အခြားဆောင်ရွက်ချက်များ**

၉၄။ **အာရှ-ပစိဖိတ် အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ် (APF) မှ ပေးပို့လာ သော Survey ဖြေဆိုခြင်း။** APF မှ ဖိုရမ်အဖွဲ့ဝင်များ၏ ၁၂ လတာကာလ (၂၀၂၃ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့မှ ၂၀၂၄ ခုနှစ်၊ မေလ ၃၁ ရက်နေ့) အတွင်း လုပ်ဆောင်ချက်များနှင့် အကျိုးရလဒ် များကို ပြန်လည်သုံးသပ်ရန် ရည်ရွယ်သည့် "APF 2024 Annual Member Survey" အား ၃၁-၅-၂၀၂၄ ရက်နေ့တွင် ဖြေဆိုပေးပို့ခဲ့ပါသည်။

၉၅။ **အာရှ-ပစိဖိတ် အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ် (APF) မှ ပေးပို့လာ သော Survey ဖြေဆိုခြင်း။** APF မှ Gender Baseline Assessment (GBA) ဆောင်ရွက်နိုင်ရန် ဆန်းစစ်မှု ပြုလုပ်သည့် survey အား မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ၁၇-၇-၂၀၂၄ ရက်နေ့တွင် ဖြေဆိုပေးပို့ခဲ့ပါသည်။

၉၆။ **Seminar on International Criminal Justice Cooperation for Developing Countries သို့ တက်ရောက်ခြင်း။** တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ စီးပွားရေးဝန်ကြီးဌာန (Ministry of Commerce

of the People's Republic of China – MOFCOM) နှင့် Shanghai Business School တို့ ပူးပေါင်း၍ ၁၈-၇-၂၀၂၄ ရက်နေ့မှ ၃၁-၇-၂၀၂၄ ရက်နေ့အထိ တရုတ် ပြည်သူ့သမ္မတနိုင်ငံ၊ ရှန်ဟိုင်းမြို့တွင် ကျင်းပပြုလုပ်သည့် Seminar on International Criminal Justice Cooperation for Developing Countries သို့ ကော်မရှင်ရုံး ဒုတိယ ညွှန်ကြားရေးမှူး ဒေါ်ဝတ်ရည်ဝင်း တက်ရောက်ခဲ့ပြီး နိုင်ငံတကာ အဖွဲ့အစည်းများမှ ကိုယ်စားလှယ် စုစုပေါင်း (၃၄) ဦး ပါဝင် တက်ရောက်ခဲ့ကြပါသည်။

၉၇။ ဆွေးနွေးပွဲကို တရုတ်နိုင်ငံ၏ တရားဥပဒေစိုးမိုးရေးနှင့် အပြည်ပြည်ဆိုင်ရာ ပြစ်မှုတရားစီရင်ရေး ပူးပေါင်းဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ အခြားနိုင်ငံများအား အသိပညာ ဝေမျှရန်၊ စိန်ခေါ်မှုများ အခက်အခဲများအပေါ် ဝိုင်းဝန်းဆွေးနွေးနိုင်စေရန်နှင့် နိုင်ငံအချင်းချင်း ယဉ်ကျေးမှုမျှဝေနိုင်စေရန် ရည်ရွယ်ကျင်းပပြုလုပ်ခြင်းဖြစ်ပါသည်။ အဆိုပါ ဆွေးနွေးပွဲတွင် တရုတ်နိုင်ငံ၏ အခြေအနေ၊ တရုတ်နိုင်ငံ၏ ရာဇဝတ်မှုဆိုင်ရာတရားစီရင်ရေး အသွင်ကူးပြောင်းရေး၊ ပြည်ပနိုင်ငံသားများနှင့် ပတ်သက်သည့် ရာဇဝတ်တရားစီရင်ရေးနှင့် လူ့အခွင့်အရေး ကာကွယ်ပေးမှု၊ တရုတ်နိုင်ငံ၏ နာမည်ကျော်စုံထောက် Henry Chang-Yu Lee ကိုင်တွယ် ဆောင်ရွက်ခဲ့သော ရာဇဝတ်တရားစီရင်ရေးဆိုင်ရာမှုခင်းများ၊ တရားရေးဝန်ထမ်း များအပေါ် ဖိစီးမှုများကို စီမံခန့်ခွဲခြင်းနှင့် စိတ်ပိုင်းဆိုင်ရာ ထိန်းညှိမှုနည်းလမ်းများ၊ အကောက်ခွန်ဥပဒေနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေစိုးမိုးရေး ပူးပေါင်းဆောင်ရွက်မှုများ၊ တရုတ်နိုင်ငံ၏ ရာဇဝတ်ကျင့်ထုံး ဥပဒေကို လေ့လာဆန်းစစ်ခြင်း၊ ကမ္ဘာလုံးဆိုင်ရာ မျှော်မှန်း ချက်အောက်တွင် အကြမ်းဖက်မှု ရာဇဝတ်မှုနှင့် အကြမ်းဖက်မှု တိုက်ဖျက်ရေး ပူးပေါင်း ဆောင်ရွက်မှုယန္တရား၊ နိုင်ငံတကာသဘာဝ ပတ်ဝန်းကျင်ဆိုင်ရာမှုခင်းများစသည့် ခေါင်းစဉ် များဖြင့် ဆွေးနွေးပို့ချမှုများ ပြုလုပ်ခဲ့ကြပါသည်။

၉၈။ **(၈) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ သိပ္ပံနှင့်လက်တွေ့အသုံးချ ကွန်ဖရင့်သို့ တက်ရောက်ခြင်း။** (၈) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ သိပ္ပံနှင့်လက်တွေ့အသုံးချ ကွန်ဖရင့် ကို ကျန်းမာရေးကဏ္ဍတွင် လူ့အခွင့်အရေးဆိုင်ရာ ကာကွယ်စောင့်ရှောက်ခြင်း (Topical Issues of Human Rights Protection on Health Care) ခေါင်းစဉ်ဖြင့် ၁၀-၁၀-၂၀၂၄ ရက်နေ့တွင် ရုရှားနိုင်ငံ၊ မော်စကိုမြို့၌ Hybrid format ဖြင့် ကျင်းပခဲ့ပါသည်။

၉၉။ အဆိုပါကွန်ဖရင့်သို့ ကမ္ဘာ့နိုင်ငံ ၅၆ နိုင်ငံမှ လူ့အခွင့်အရေး ကော်မရှင် ကိုယ်စားလှယ် များက In-person တက်ရောက်ခဲ့ကြပြီး တာဂျစ်ကစ္စတန်နိုင်ငံ၊ ကာဇက်စတန်နိုင်ငံ လူ့အခွင့် အရေး ကော်မရှင်များမှ ကိုယ်စားလှယ်များနှင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်၊ ကော်မရှင်အဖွဲ့ဝင်များ ဖြစ်ကြသည့် ဒေါက်တာသန်းမြင့်နှင့် ဒေါက်တာ တင်မောင်မောင်သန်း၊ နိုင်ငံတကာဆက်ဆံရေးဌာန ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများက Video Conferencing System ဖြင့် တက်ရောက်ခဲ့ပါသည်။

၁၀၀။ အဆိုပါကွန်ဖရင့်တွင် ကျန်းမာရေးကဏ္ဍတွင် လူ့အခွင့်အရေးဆိုင်ရာ ကာကွယ်စောင့်ရှောက်ခြင်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာနိုင်ငံအလိုက် ဆောင်ရွက်ချက်များ နှင့် ဖြစ်ပေါ်တိုးတက်မှုများကို ဆွေးနွေးတင်ပြကြရာ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်က ကျန်းမာရေး စောင့်ရှောက်မှုရပိုင်ခွင့်ကို အခြေခံလူ့အခွင့်အရေးအဖြစ် အလေးပေးဆောင်ရွက်နေပါကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှု သည် အထူးအခွင့်အရေးတစ်ခု မဟုတ်ဘဲ လူတိုင်းနှင့်သက်ဆိုင်သည့် အခြေခံ အခွင့်အရေး တစ်ရပ်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းကို ထောက်ခံအတည်ပြုခဲ့သည့် နိုင်ငံဖြစ်ပြီး စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် (International Covenant on Economic, Social and Cultural Rights - ICESCR) ကိုလည်း ပါဝင်ချုပ်ဆိုထားကြောင်း၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေအပါအဝင် ပြည်သူ့ကျန်းမာရေး ဥပဒေနှင့် လူမှုဖူလုံရေးဥပဒေစသည့် ကျန်းမာရေးအခွင့်အရေးများကို အလေးပေး စောင့်ရှောက်သော ပြည်တွင်းဥပဒေများကို ပြဋ္ဌာန်းခဲ့ကာ ကျန်မာရေးစောင့်ရှောက်မှုကဏ္ဍကို အလေးပေး ဆောင်ရွက်နေပါကြောင်း၊ လူ့အခွင့်အရေးတစ်ရပ်ဖြစ်သော ကျန်းမာရေး စောင့်ရှောက်မှုကို လူတိုင်းလက်လှမ်းမီစေရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အကျဉ်းထောင်များ၊ ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းများနှင့် သက်ကြီးရွယ်အို စောင့်ရှောက်ရေးဂေဟာများကို ကြည့်ရှုစစ်ဆေးမှုများ ပြုလုပ်ရာတွင် ကျန်းမာရေးစောင့်ရှောက်မှု၊ နေထိုင်စားသောက်မှု၊ သန့်ရှင်းသော သောက်ရေနှင့် သုံးရေရရှိမှု၊ လိုအပ်သော ဆေးဝါးများ စီမံထားရှိမှုစသော အကြံပြုပေးခြင်းများ ဆောင်ရွက်နေပါကြောင်း၊ လူအားလုံး ပါဝင်နိုင်ပြီး သာတူညီမျှရှိကာ လက်လှမ်းမီနိုင်သော ကျန်းမာရေး စောင့်ရှောက်မှု ဝန်ဆောင်မှုများ ရရှိနိုင်ရန်အတွက်လည်း ပူးပေါင်းအကြံပြု ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာ လူ့အခွင့်အရေးများကို ပိုမိုသိရှိနိုင်စေရန်အတွက် ရန်ကုန်မြို့နှင့် မန္တလေးမြို့များရှိ သူနာပြုတက္ကသိုလ်များတွင် ဟောပြောပွဲများ အပါအဝင် လူ့အခွင့်အရေး အသိပညာပေး ဟောပြောပို့ချမှုများတွင်လည်း ထည့်သွင်းပို့ချ ဆောင်ရွက်လျက်ရှိပါကြောင်း ဆွေးနွေးတင်ပြခဲ့ပါသည်။

၁၀၁။ **အိန္ဒိယနိုင်ငံတွင် ကျင်းပခဲ့သော လူ့အခွင့်အရေးဆိုင်ရာ အုပ်ချုပ်မှု စွမ်းရည်မြှင့်တင်ရေးအစီအစဉ်သို့ ကော်မရှင်ရုံး ကိုယ်စားလှယ် အဖွဲ့တက်ရောက်ခြင်း။** အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့တွင် ၁၁-၁၁-၂၀၂၄ ရက်နေ့မှ ၁၆-၁၁-၂၀၂၄ ရက်နေ့အထိ၊ (၆) ရက်ကြာကျင်းပသော "လူ့အခွင့်အရေးဆိုင်ရာ အုပ်ချုပ်မှုစွမ်းရည် မြှင့်တင်ရေး အစီအစဉ်" သို့ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူးများ ဖြစ်ကြသည့် ဒေါ်နှင်းဝေလွင်၊ ဒေါ်တင်တင်ခိုင်၊ ဒေါ်မို့မို့အောင်နှင့် ဦးကောင်းခန့်ဇင်တို့ ပါဝင် တက်ရောက်ခဲ့ပါသည်။

၁၀၂။ အဆိုပါ အစီအစဉ်သို့ ဂျော်ဒန်နိုင်ငံ၊ မော်လ်ဒိဗ့်နိုင်ငံ၊ မွန်ဂိုလီးယားနိုင်ငံ၊ မြန်မာနိုင်ငံ၊ နီပေါ နိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ သီရိလင်္ကာနိုင်ငံနှင့် ထိုင်းနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်များမှ ကိုယ်စားလှယ်များ စုစုပေါင်း (၃၄) ဦး တက်ရောက်ခဲ့ပါသည်။ ဖွင့်ပွဲ အခမ်း အနားတွင် အိန္ဒိယနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ အထွေထွေအတွင်းရေးမှူး ဖြစ်သူ Mr. Bharat Lal က အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။

၁၀၃။ အစီအစဉ် ပထမနေ့ဖြစ်သည့် ၁၁-၁၁-၂၀၂၄ ရက်နေ့တွင် ကုလသမဂ္ဂ လူ့အခွင့်အရေး ယန္တရား၊ လုပ်ငန်းစဉ်များနှင့် လူ့အခွင့်အရေးဆိုင်ရာမူဘောင်ကိစ္စရပ်များ၊ လွတ်လပ်၍ တရားမျှတ သော ရွေးကောက်ပွဲကျင်းပခြင်းနှင့် စပ်လျဉ်းသည့် ဒီမိုကရေစီဆိုင်ရာ ဆောင်ရွက်ချက်များ၊ လူ့အခွင့်အရေးမူဘောင်နှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင်များနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များ၊ အိန္ဒိယနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ လုပ်ပိုင်ခွင့်၊ လုပ်ငန်းစဉ်များနှင့် မျှော်မှန်းချက်များဆိုင်ရာ ကိစ္စရပ်များအားလည်းကောင်း၊ ၁၂-၁၁-၂၀၂၄ ရက်နေ့တွင် အိန္ဒိယနိုင်ငံ၏ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အဖွဲ့အစည်း မူဘောင်များ၊ တိုင်တန်းချက်များ စီမံခန့်ခွဲခြင်းနှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများအပေါ် ပြန်လည်ဖြေရှင်းခြင်းဆိုင်ရာကိစ္စရပ်များ၊ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်အနေဖြင့် အပြည်ပြည်ဆိုင်ရာ မိတ်ဘက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ၊ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်အနေဖြင့် လူ့အခွင့် အရေးဆိုင်ရာ သုတေသနပြုလုပ်မှု၊ သင်တန်းများပို့ချမှု၊ ပြင်ပနှင့် ထိတွေ့ဆက်ဆံမှုနှင့် ချဉ်းကပ်မှု ဆိုင်ရာ ကိစ္စရပ်များအား လည်းကောင်း ဆွေးနွေးပို့ချခဲ့ပါသည်။

၁၀၄။ ၁၃-၁၁-၂၀၂၄ ရက်နေ့တွင် လူ့အခွင့်အရေးချိုးဖောက်မှုများအပေါ် စုံစမ်းစစ်ဆေးခြင်း၊ စုံစမ်းမေးမြန်းခြင်းနှင့် အစီရင်ခံခြင်းဆိုင်ရာ ကိစ္စရပ်များ၊ ဆိုက်ဘာလုံခြုံမှုနှင့် လူ့အခွင့်အရေး ဆိုင်ရာကိစ္စရပ်များ၊ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအတွက် အရပ်ဘက် လူမှုအဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ လူ့အခွင့်အရေး ကာကွယ် စောင့်ရှောက်သူများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ ကိစ္စရပ်များအား လည်းကောင်း၊ ၁၄-၁၁-၂၀၂၄ ရက်နေ့တွင် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများနှင့် လူမှု စီးပွားဘဝ မြှင့်တင်ရေးကိစ္စရပ်များ၊ လူ့အခွင့်အရေး ရေရှည်တည်တံ့ရေးကိစ္စရပ်များ၊ အိန္ဒိယနိုင်ငံ၏ လူ့အခွင့်အရေး တိုးတက် ဖြစ်ထွန်း မှုဆိုင်ရာကိစ္စရပ်များ၊ အိန္ဒိယနိုင်ငံအနေဖြင့် ကမ္ဘာ့ တောင်ပိုင်းရှိ မိတ်ဘက် အဖွဲ့အစည်း များနှင့် ပူးပေါင်းဆောင်ရွက်နေမှု အခြေအနေများအား လည်းကောင်း၊ ၁၅-၁၁-၂၀၂၄ ရက်နေ့တွင် အရည်အသွေးပြည့်မီပြီး လက်လှမ်းမီသော ကျန်းမာရေး စောင့်ရှောက်မှုရရှိရေး ကိစ္စရပ်များ၊ ထိခိုက် လွယ်အုပ်စုများနှင့် ဖယ်ကျဉ်ခံအုပ်စုများအား အထူးအလေးပေး ကာကွယ်စောင့်ရှောက်ရေး ကိစ္စရပ် များ၊ ပေါ်ပေါက်လာသော လူ့အခွင့်အရေးဆိုင်ရာ ပြဿနာများနှင့် စပ်လျဉ်း၍ အလေ့အကျင့်

ကောင်းများမျှဝေခြင်း ကိစ္စရပ်များကိုလည်းကောင်း အသီးသီး ဆွေးနွေးခဲ့ကြရာ အစီအစဉ်သို့ တက်ရောက်လာကြသူများမှ သိရှိလို သည်များ ဆွေးနွေးမေးမြန်းခဲ့ကြပါသည်။

၁၀၅။ အစီအစဉ်ကို ၁၅-၁၁-၂၀၂၄ ရက်နေ့ အိန္ဒိယနိုင်ငံ စံတော်ချိန် ညနေ (၁၆း၀၀) နာရီတွင် ရုပ်သိမ်းခဲ့ပါသည်။ ၁၆-၁၁-၂၀၂၄ ရက်နေ့တွင် ကိုယ်စားလှယ်အဖွဲ့သည် Agra မြို့ရှိ Taj Mahal သို့ လေ့လာရေးခရီးသွားရောက်ခဲ့ပါသည်။

**ကော်မရှင်အဖွဲ့ဝင်များ၏ အလုပ်ရုံဆွေးနွေးပွဲနှင့် အစည်းအဝေးများသို့ တက်ရောက်ခဲ့မှုများ**

၁၀၆။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် လူ့အခွင့်အရေး မြှင့်တင်ကာကွယ်ရေးနှင့်စပ်လျဉ်းသည့် အတွေ့အကြုံများရရှိစေပြီး ကောင်းမွန်သည့်စံနမူနာများ ရရှိ စေရန် ရည်ရွယ်၍ ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများမှ ဖိတ်ကြားသည့် အောက်ပါ အလုပ်ရုံဆွေးနွေးပွဲများနှင့် အစည်းအဝေးများသို့ တက်ရောက်ခဲ့ပါသည် -

| စဉ် | ကာလ | အကြောင်းအရာ | တက်ရောက်သူ | ဖိတ်ကြားသည့် အဖွဲ့အစည်း | မှတ်ချက် |
|---|---|---|---|---|---|
| ၁။ | ၂၅-၇-၂၀၂၄ | AICHR-SEANF Interface Meeting | ဒေါက်တာ တင်မောင်မောင်သန်း (အဖွဲ့ဝင်)၊ ဦးဇေယျာလင်း (ညွှန်/မှူး)၊ ဒေါ်သူဇာစံ (ဦး/ရှိ) | SEANF | Online Platform |
| ၂။ | ၃-၉-၂၀၂၄ | SEANF ၏ Rules of Procedure (RoP) ပြင်ဆင်ရေးနှင့် စပ်လျဉ်းသည့် အစည်းအဝေး | ဒေါက်တာ တင်မောင်မောင်သန်း (အဖွဲ့ဝင်)၊ ဒေါက်တာခိုင်ခိုင်ဝင်း (ဒု/ညွှန်ချုပ်)၊ ဦးဇေယျာလင်း (ညွှန်/မှူး)၊ ဒေါ်သူဇာစံ (ဦး/ရှိ) | SEANF | Online Platform |

**ကော်မရှင်ရုံးဝန်ထမ်းများ၏ ပြည်တွင်း၊ ပြည်ပသင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများနှင့် အစည်းအဝေးများသို့ တက်ရောက်ခဲ့မှုများ**

၁၀၇။ ကော်မရှင်သည် ကော်မရှင်ရုံးဝန်ထမ်းများ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေး အသိပညာများ တိုးပွားစေရန်၊ အတွေ့အကြုံများ ဖလှယ်ရန်၊ ပူးပေါင်း ဆောင်ရွက်နိုင်ရန်နှင့် နည်းပညာပိုင်းဆိုင်ရာ ကျွမ်းကျင်မှုရှိစေရန် ရည်ရွယ်၍ ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများမှ ဖိတ်ကြားသည့် အစည်းအဝေးများ၊ သင်တန်းများနှင့် အလုပ်ရုံ ဆွေးနွေးပွဲများသို့ အောက်ပါအတိုင်း ပါဝင် တက်ရောက်စေခဲ့ပါသည် -

| စဉ် | ကာလ | အကြောင်းအရာ | တက်ရောက်သူ | ဖိတ်ကြားသည့် အဖွဲ့အစည်း | မှတ်ချက် |
|---|---|---|---|---|---|
| ၁။ | ၂၂-၁-၂၀၂၄ မှ ၉-၂-၂၀၂၄ ထိ | "APF Annual Program on GANHRI Accreditation" Online Course | ဒေါက်တာခိုင်ခိုင်ဝင်း (ဒု/ ညွှန်ချုပ်) ဦးဇေယျာလင်း (ညွှန်/မှူး) | APF | Online Platform |
| ၂။ | ၁၂-၃-၂၀၂၄ | APF Digital Library Virtual Orientation Session | ဒေါ်သူဇာစံ (ဦး/ရှိ) | APF | Online Platform |
| ၃။ | ၁-၄-၂၀၂၄ မှ ၃၀-၄-၂၀၂၄ ထိ | "Human Rights Defenders (HRDs) Capacity Development Programme for National Human Rights Institutions" Online | ဒေါ်ဝတ်ရည်ဝင်း (ဒု/ညွှန်မှူး) ဒေါ်မိမိစန်းအောင် (လ/ထ ညွှန်မှူး) | APF | Online Platform |

| စဉ် | ကာလ | အကြောင်းအရာ | တက်ရောက်သူ | ဖိတ်ကြားသည့် အဖွဲ့အစည်း | မှတ်ချက် |
|---|---|---|---|---|---|
| | | Learning Course | | | |
| ၄။ | ၂-၄-၂၀၂၄ | "Webinar: Respecting and Upholding the Rights of People with Autism: NHRIs perspectives on the World Autism Awareness Day 2024" | ဒေါ်ဇင်မင်းသက်လွင် (လ/ထ ညွှန်မှူး) | APF | Online Platform |
| ၅။ | ၄-၄-၂၀၂၄ | Virtual Dialogue on Digitalization, Emerging Technologies and Human Rights | ဒေါ်မိမိစန်းအောင် (လ/ထ ညွှန်မှူး)<br>ဒေါ်ဇင်မင်းသက်လွင် (လ/ထ ညွှန်မှူး) | APF | Online Platform |
| ၆။ | ၁၅-၄-၂၀၂၄ မှ ၁၀-၅-၂၀၂၄ ထိ | Online NHRI Induction Programme | ဦးကောင်းခန့်ဇင် (ဦး/ရှိ)<br>ဒေါ်ဟေမာန်ထွန်း (ဦး/ရှိ)<br>ဦးငွေမင်းထွန်း (ဦး/ရှိ) | APF | Online Platform |

| စဉ် | ကာလ | အကြောင်းအရာ | တက်ရောက်သူ | စီစဉ်ကျင်းပသည့် အဖွဲ့အစည်း | မှတ်ချက် |
|---|---|---|---|---|---|
| | | | ဦးလွင်ဆုအောင် (ဦး/ရှိ) ဒေါ်နန်းမိုးမိုးထွန်း (ဒု/ဦးစီး) | | |
| ၇။ | ၂၈-၅-၂၀၂၄ | Drafting Committee for the Guiding Principles on the Role of NHRIs in Conflict Situations in the Asia Pacific | ဦးဇေယျာလင်း (ညွှန်/မှူး) | APF | Online Platform |
| ၈။ | ၂-၇-၂၀၂၄ | High Level Internal Meeting to Discuss Strategic Priority 4 (a) to Strengthen SEANF as Credible, Independent and Effective Institution | ဒေါက်တာခိုင်ခိုင်ဝင်း (ဒု/ ညွှန်ချုပ်) ဦးဇေယျာလင်း (ညွှန်/ မှူး) ဒေါ်မိမိစန်းအောင် (လ/ထ ညွှန်မှူး) | SEANF | Online Platform |
| ၉။ | ၁၉-၈-၂၀၂၄ | ASEAN's Myanmar | ဒေါ်မိမိစန်းအောင် (ဒု/ ညွှန်မှူး) | ISEAS | Online Platform |

| စဉ် | ကာလ | အကြောင်းအရာ | တက်ရောက်သူ | ဖိတ်ကြားသည့် အဖွဲ့အစည်း | မှတ်ချက် |
|---|---|---|---|---|---|
| | | Response Three Year and Counting Webinar | | | |
| ၁၀။ | ၂-၉-၂၀၂၄ | APF Virtual Dialogue Series: Ratifying the OPCAT: Experiences of NHRIs | ဒေါ်အေးစန္ဒာမြင့် (ဦး/ ရှိ) | APF | Online Platform |
| ၁၁။ | ၃-၉-၂၀၂၄ | Webinar on the engagement of NHRIs with the the Committee Against Torture | ဒေါက်တာခိုင်ခိုင်ဝင်း (ဒု/ညွှန်ချုပ်) | OHCHR | Online Platform |
| ၁၂။ | ၉-၉-၂၀၂၄ မှ ၁၁-၁၀-၂၀၂၄ ထိ | Monitoring Economic, Social and Cultural Rights (ESCR) Programme | ဒေါ်မိမိနိုင် (ဒု/ညွှန်မှူး) ဒေါ်ရွှေရည်စံ (လ/ထ ညွှန်မှူး) ဦးမြတ်သူရ (ဦး/ ရှိ) | APF | Online Platform |
| ၁၃။ | ၁၃-၉-၂၀၂၄ | Joint side event on Legal | ဒေါ်အေးစန္ဒာမြင့် (လ/ထ ညွှန်မှူး) | SEANF | Online Platform |

| စဉ် | ကာလ | အကြောင်းအရာ | တက်ရောက်သူ | ဖိတ်ကြားသည့် အဖွဲ့အစည်း | မှတ်ချက် |
|---|---|---|---|---|---|
| | | Capacity in Older Age | | | |
| ၁၄။ | ၁၁-၁၀-၂၀၂၄ | Introducing the ICRC Challenges Report 2024 – Balancing the principles of humanity and military necessity in urban conflicts | ဒေါ်အေးစန္ဒာမြင့် (လ/ထ ညွှန်မှူး)<br><br>ဦးကောင်းခန့်ဇင် (ဦး/ ရှိ) | ICRC | In-person |
| ၁၅။ | ၁၅-၁၀-၂၀၂၄ | International Conference on Climate Change | ဒေါ်အေးစန္ဒာမြင့် (လ/ထ ညွှန်မှူး)<br>ဒေါ်သူဇာစံ (ဦး/ ရှိ)<br>ဦးကောင်းခန့်ဇင် (ဦး/ ရှိ)<br>ဦးငွေမင်းထွန်း (ဦး/ ရှိ) | NHRCK | Online Platform |
| ၁၆။ | ၄-၁၁-၂၀၂၄ မှ ၂၈-၁၁-၂၀၂၄ ထိ | Online NHRI Gender Equality Programme | ဒေါ်နှင်းရတနာအောင် (ဒု/ ညွှန်မှူး)<br>ဒေါ်မို့မို့အောင် (လ/ထ ညွှန်မှူး) | APF | Online Platform |
| ၁၇။ | ၂-၁၂-၂၀၂၄ | Learning Call on Business | ဒေါက်တာခိုင်ခိုင်ဝင်း (ဒု/ ညွှန်ချုပ်) | SEANF | Online Platform |

| စဉ် | ကာလ | အကြောင်းအရာ | တက်ရောက်သူ | စီစဉ်သည့် အဖွဲ့အစည်း | မှတ်ချက် |
|---|---|---|---|---|---|
| | | and Human Rights | ဒေါ်သူဇာစံ (ဦး/ ရှိ) | | |
| ၁၈။ | ၂၀-၁၂-၂၀၂၄ | The 2024 Human Rights Assembly on the Occasion of International Human Rights Day | ဦးသူရကျော် (ညွှန်/မှူး) ဒေါ်မိမိခိုင် (ဒု/ ညွှန်မှူး) | NHRCT | Online Platform |

## မှတ်တမ်းဓာတ်ပုံများ




**SEANF ၏ ပထမအကြိမ်လုပ်ငန်းအဖွဲ့အစည်းအဝေးသို့ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာတင်မောင်မောင်သန်း ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခြင်း**



**SEANF ၏ ဒုတိယအကြိမ်လုပ်ငန်းအဖွဲ့အစည်းအဝေးသို့ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာတင်မောင်မောင်သန်း ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခြင်း**



**SEANF ၏ (၂၁) ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးနှင့် ဆက်စပ်ဆွေးနွေးပွဲသို့ ကော်မရှင် ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်၊ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်နှင့် ကော်မရှင် အဖွဲ့ဝင် ဒေါက်တာတင်မောင်မောင်သန်း ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခြင်း**



**"အာဆီယံဒေသတွင်း စီးပွားရေးလုပ်ငန်းနှင့် လူ့အခွင့်အရေးတို့တွင် ရွှေ့ပြောင်းလုပ်သားများ အတွက် ထိရောက်သော ကုစားပေးမှုနှင့် ကောင်းမွန်သော ကျင့်သုံးမှု ပုံစံကောင်းများ မျှဝေခြင်းနှင့် စပ်လျဉ်းသည့် AICHR-SEANF ဒေသဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ" သို့ ကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းနှင့် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးစန္ဒာမြင့် တက်ရောက်ခြင်း**






“အာရှ-ပစိဖိတ်အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ် (APF) ၏ (၂၉) ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး” သို့ ကော်မရှင် ဥက္ကဋ္ဌ ဦးပေါ်လွင်စိန် တက်ရောက်ခြင်း



The APF Annual Program on GANHRI Accreditation 2024 Workshop သို့ ကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းနှင့် ညွှန်ကြားရေးမှူး ဦးဇေယျာလင်း တက်ရောက်ခြင်း




APF Digital Library Virtual Orientation Session သို့ ကော်မရှင်ရုံး ဦးစီးအရာရှိ ဒေါ်သူဇာစံ တက်ရောက်ခြင်း




Virtual Dialogue on Digitalization, Emerging Technologies and Human Rights သို့ ကော်မရှင်ရုံး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မီမီစန်းအောင် နှင့် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇင်မင်းသက်လွင် တက်ရောက်ခြင်း




“Human Rights Defenders (HRDs) Capacity Development Programme for National Human Rights Institutions” Online Learning Course သို့ ကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဝတ်ရည်ဝင်းနှင့် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မီမီစန်းအောင် တက်ရောက်ခြင်း




Online NHRI Induction Programme သို့ ကော်မရှင်ရုံး ဝန်ထမ်းများ တက်ရောက်ခြင်း



“Seminar on International Criminal Justice Cooperation for Developing Countries” သို့ ကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဝတ်ရည်ဝင်းတက်ရောက်ခြင်း




“(၈) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ သိပ္ပံနှင့်လက်တွေ့အသုံးချ ကွန်ဖရင့်” သို့ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်၊ အဖွဲ့ဝင် ဒေါက်တာသန်းမြင့်နှင့် အဖွဲ့ဝင် ဒေါက်တာတင်မောင်မောင်သန်း တက်ရောက်ခြင်း




“လူ့အခွင့်အရေးဆိုင်ရာ အုပ်ချုပ်မှုစွမ်းရည် မြှင့်တင်ရေး အစီအစဉ်” သို့ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူးများ ဖြစ်ကြသည့် ဒေါ်နှင်းဝေလွင်၊ ဒေါ်တင်တင်ခိုင်၊ ဒေါ်မို့မို့အောင်နှင့် ဦးကောင်းခန့်ဇင်တို့ တက်ရောက်ခြင်း

## စီမံရေးရာနှင့် ဘဏ္ဍာရေးဆိုင်ရာ ဆောင်ရွက်ချက်များ

### လုပ်ငန်းတာဝန်များ

၁၀၈။ စီမံရေးရာနှင့်ဘဏ္ဍာရေးဌာနသည် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥပဒေပုဒ်မ ၂၂။ ပုဒ်မခွဲ (ဠ) နှင့်အညီ ကော်မရှင်၏ တာဝန်တစ်ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဆက်စပ်မှုရှိသည့် သို့မဟုတ် အထောက်အကူပြုသည့် လုပ်ငန်းများ ဆောင်ရွက် ခြင်းတို့အပြင် ကော်မရှင်ဥပဒေပုဒ်မ ၂၇ နှင့်အညီ ကော်မရှင်ပုံမှန်အစည်းအဝေး၊ အုပ်ချုပ်မှု စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေးနှင့် အထူးအစည်းအဝေးများ၊ အခမ်းအနားများ ကျင်းပနိုင်ရေး လိုအပ်သည်များ ဆောင်ရွက်လျက်ရှိပါသည်။ ကော်မရှင်၏ ဝန်ထမ်းရေးရာကိစ္စနှင့် စပ်လျဉ်းသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဝန်ထမ်းဖွဲ့စည်းပုံရေးဆွဲဆောင်ရွက်ခြင်း၊ ဝန်ထမ်းများခန့်အပ်ခြင်း၊ ပြောင်းရွှေ့ခြင်း၊ ခွင့်ပေးခြင်း၊ ရာထူးတိုးမြှင့်ပေးခြင်း၊ ပြည်တွင်းသင်တန်းများစေလွှတ်ခြင်း၊ အရေးယူခြင်း၊ အငြိမ်းစားပေးခြင်း လုပ်ငန်းများ ဆောင်ရွက်ပါသည်။ ဝန်ထမ်းဆိုင်ရာ ဂုဏ်ထူး ဆောင်ဘွဲ့တံဆိပ်များ အပ်နှင်းရန် စိစစ်တင်ပြခြင်း၊ ဌာနဆိုင်ရာမြေ၊ အဆောက်အဦ ထိန်းသိမ်းခြင်း၊ လွှဲပြောင်းပေးခြင်း၊ မော်တော်ယာဉ်၊ ရုံးသုံးစက်ကိရိယာနှင့် ပရိဘောဂများ ခွဲဝေပေးခြင်းနှင့် ထိန်းသိမ်းခြင်း၊ ရုံးတွင်းစီမံခန့်ခွဲရေးကိစ္စများ ဆောင်ရွက်ခြင်း၊ ထောက်ပံ့ရေးဆိုင်ရာ ပစ္စည်းများ ဝယ်ယူဖြည့်တင်းခြင်းနှင့် မှတ်တမ်းထိန်းသိမ်းခြင်း၊ ပုံသေပိုင်ပစ္စည်း လချုပ်နှင့်နှစ်ချုပ်စာရင်းများ ထိန်းသိမ်းခြင်းတို့အပြင် ကော်မရှင်၏ ငွေကြေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ခွင့်ပြု ရန်ပုံငွေတောင်းခံခြင်း၊ ငွေတောင်းခံလွှာများ စိစစ်ခွင့်ပြုခြင်း၊ အသုံးစရိတ်များကို ချက်လက်မှတ် ဖြင့်ငွေပေးချေခြင်း၊ ငွေသားထုတ်ပေးခြင်းနှင့် ပိုလျှံငွေပြန်လည်အပ်နှံခြင်း၊ ထောက်ပံ့ငွေစာရင်း ပြုစုခြင်းနှင့် ငွေစာရင်းထိန်းသိမ်းခြင်း၊ လိုအပ်သည့် မှတ်ပုံတင်စာအုပ်များ ဖွင့်လှစ်ထိန်းသိမ်းခြင်း၊ ချီးမြှင့်ငွေစာရင်းရေးဆွဲခြင်း၊ ချီးမြှင့်ငွေထုတ်ပေးခြင်း၊ ဝင်ငွေခွန်ဖြတ်တောက်ပေးသွင်းခြင်း၊ လစာငွေတောင်းခံလွှာများရေးဆွဲခြင်းနှင့် ဝန်ထမ်းများအား လစာထုတ်ပေးခြင်းတို့ ဆောင်ရွက်ပါ သည်။

### ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း

၁၀၉။ ကော်မရှင် ပုံမှန်အစည်းအဝေးနှင့် ကော်မရှင် အုပ်ချုပ်မှု စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေးတို့ကို ကျင်းပပြုလုပ်နိုင်ရေး အောက်ပါအတိုင်း ဖွဲ့စည်းဆောင်ရွက်လျက် ရှိပါသည်-

(က) **ကော်မရှင်ပုံမှန်အစည်းအဝေး**

(၁) ကော်မရှင်၏ ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများအပိုဒ် ၄၉ အရ ကော်မရှင်ပုံမှန် အစည်းအဝေးတွင် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အဖွဲ့ဝင် (၁၀) ဦးနှင့် ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်တို့ ပါဝင်သည့် ကော်မရှင်

ပုံမှန်အစည်းအဝေးကို လစဉ်ကျင်းပဆောင်ရွက်လျက်ရှိပြီး ၂၀၂၄ ခုနှစ်အတွင်း ကော်မရှင်ပုံမှန်အစည်းအဝေး (၁၂) ကြိမ် ကျင်းပပြုလုပ်ခဲ့ပါသည်။

(၂) ကော်မရှင်ဥပဒေပုဒ်မ ၅၃၊ ပုဒ်မခွဲ (က) အရ ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်သည် ကော်မရှင်အတွင်းရေးမှူးအဖြစ် တာဝန်ယူဆောင်ရွက်ပါ သည်။

(ခ) **ကော်မရှင် အုပ်ချုပ်မှု စီမံခန့်ခွဲရေး ကော်မတီ**

(၁) ကော်မရှင် အုပ်ချုပ်မှု စီမံခန့်ခွဲရေး ကော်မတီတွင် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင် (၂) ဦးနှင့် ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်တို့ ပါဝင်သော ကော်မရှင် အုပ်ချုပ်မှု စီမံခန့်ခွဲရေး ကော်မတီ ဖွဲ့စည်းထားရှိပါ သည်။ ကော်မတီအဖွဲ့ဝင်ဖြစ်သည့် ကော်မရှင် အဖွဲ့ဝင် (၂) ဦးကို (၆) လ တစ်ကြိမ်အလှည့်ကျ တာဝန်ပေးအပ်ဆောင်ရွက်ပြီး ၂၀၂၄ ခုနှစ်အတွင်း ကော်မရှင် အုပ်ချုပ်မှု စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေး (၁၂) ကြိမ် ကျင်းပပြုလုပ်ခဲ့ပါသည်။ လိုအပ်ပါက အခြားကော်မရှင်အဖွဲ့ဝင်များအား အထူးဖိတ်ကြားပါသည်။

(၂) ကော်မရှင် အုပ်ချုပ်မှု စီမံခန့်ခွဲရေး ကော်မတီ၏ ကြီးကြပ်မှုဖြင့် ကော်မရှင်၏ စီမံရေးရာနှင့် ဘဏ္ဍာရေးကိစ္စရပ်များကို ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်က တာဝန်ယူ အကောင်အထည်ဖော် ဆောင်ရွက် ပါသည်။

(ဂ) **ကော်မရှင်အထူးအစည်းအဝေးများ**

(၁) ၂၀၂၄ ခုနှစ်အတွင်း Strategic Plan 2025-2029 ရေးဆွဲနိုင်ရန် အထူးအစည်းအဝေး တစ်ကြိမ်၊

(၂) မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ ရှေ့လုပ်ငန်းစဉ်မူဘောင်ရေးဆွဲနိုင်ရန် အထူးအစည်း အဝေး တစ်ကြိမ်၊

(၃) ကော်မရှင်၏ လုပ်ငန်းစီမံချက် (၂၀၂၅ ခုနှစ်) အတည် ပြုနိုင်ရန် အထူးအစည်းအဝေး တစ်ကြိမ်တို့ကို ကျင်းပဆောင်ရွက်ခဲ့ပါသည်။

**ဝန်ထမ်းရေးရာကိစ္စရပ်များ**

၁၁၀။ **ဝန်ထမ်းများ ခန့်အပ်ခြင်းနှင့် ဝန်ထမ်းအင်အား။** ကော်မရှင်ဥပဒေပုဒ်မ ၅၁၊ ပုဒ်မခွဲ (က) အရ ၂၀၂၄ ခုနှစ်အတွင်း ကော်မရှင်ရုံးချုပ်နှင့်ရုံးခွဲများတွင် အရာထမ်း ၂ ဦး၊ အမှုထမ်း ၈ ဦး၊ တိုးချဲ့ခန့်အပ်ခဲ့ပြီး ၃၁-၁၂-၂၀၂၄ ရက်နေ့အထိ ဝန်ထမ်းအင်အားမှာ အရာထမ်း ၄၀ ဦး၊ အမှုထမ်း ၆၄ ဦး၊ စုစုပေါင်း ဝန်ထမ်းအင်အား ၁၀၄ ဦး ဖြစ်ပါသည်။

၁၁၁။ **အင်အားလျော့ခြင်း။** ၂၀၂၄ ခုနှစ်အတွင်း အလုပ်မှနုတ်ထွက်သူ အရာထမ်း ၂ ဦး၊ အမှု ထမ်း ၁၀ ဦး၊ ဝန်ထမ်းရေးရာကိစ္စများနှင့် စပ်လျဉ်းသည့် လုပ်ထုံးလုပ်နည်းများပါ စည်းကမ်း များကို

ဖောက်ဖျက်သဖြင့် ရာထူးမှ ထုတ်ပယ်ခြင်းခံရသည့် အရာထမ်း ၂ ဦး စုစုပေါင်း ၁၄ ဦး တို့ ဖြစ်ပါသည်။

၁၁၂။ **ဌာနတွင်းရာထူးတိုးမြှင့်ပေးခြင်း။** ၂၀၂၄ ခုနှစ်အတွင်း ကော်မရှင်ရုံး ဝန်ထမ်းများ အား အောက်ပါအတိုင်းရာထူးတိုးမြှင့်ပေးခဲ့ပါသည်-

| | | |
|---|---|---|
| (က) | ဒုတိယညွှန်ကြားရေးမှူးမှ ညွှန်ကြားရေးမှူးရာထူး | ၂ ဦး |
| (ခ) | လက်ထောက်ညွှန်ကြားရေးမှူးမှ ဒုတိယညွှန်ကြားရေးမှူးရာထူး | ၂ ဦး |
| (ဂ) | ဦးစီးအရာရှိမှ လက်ထောက်ညွှန်ကြားရေးမှူးရာထူး | ၁၂ ဦး |
| (ဃ) | ရုံးအကူမှ အငယ်တန်းစာရေးရာထူး | ၃ ဦး |
| (င) | ယာဉ်မောင်း - ၃ ရာထူးမှ ယာဉ်မောင်းစက်ပြင် - ၃ ရာထူး | ၂ ဦး |
| | **စုစုပေါင်း** | **၂၁ ဦး** |

၁၁၃။ **သင်တန်းများတက်ရောက်ခြင်း။** ကော်မရှင်ရုံး ဝန်ထမ်းများသည် ပြည်ထောင်စု အဆင့် အဖွဲ့အစည်းများနှင့် ပြည်ထောင်စုဝန်ကြီးဌာနများမှ ဖွင့်လှစ်သောသင်တန်းများကို အောက်ပါအတိုင်း တက်ရောက်ခဲ့ပါသည်-

| | | |
|---|---|---|
| (က) | နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) | ၈ ဦး |
| (ခ) | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | ၈ ဦး |

၁၁၄။ **ဘွဲ့ထူး/ ဂုဏ်ထူးတံဆိပ်ချီးမြှင့်အပ်နှင်းခြင်း။** ကော်မရှင်ရုံးဝန်ထမ်းများသည် ၂၀၂၄ ခုနှစ်အတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်ကြော်ငြာစာဖြင့် နိုင်ငံတော်မှ ချီးမြှင့်အပ်နှင်းခဲ့သည့် အောက်ဖော်ပြပါတံဆိပ်များကို ရရှိခဲ့ပါသည်-

| | | | |
|---|---|---|---|
| (က) | ဒုတိယညွှန်ကြားရေးမှူးချုပ် | စီမံထူးချွန်တံဆိပ် (ဒုတိယဆင့်) | ၂/၂၀၂၄ |
| (ခ) | ညွှန်ကြားရေးမှူး (၄) ဦး | စီမံထူးချွန်တံဆိပ် (တတိယဆင့်) | ၂/၂၀၂၄ |
| (ဂ) | အမှုထမ်း (၁၀) ဦး | ငြိမ်ဝပ်ပိပြားရေးနှင့်တရားဥပဒေ စိုးမိုးရေးတံဆိပ် | ၁၂/၂၀၂၄ |

**ကိုဗစ် - ၁၉ ကပ်ရောဂါ ကာကွယ်ရေးဆောင်ရွက်မှု**

၁၁၅။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံးဝန်ထမ်းများအား ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေး Pfizer အား ၂-၁-၂၀၂၄ ရက်နေ့မှ ၉-၂-၂၀၂၄ ရက်နေ့ထိ လှိုင်မြို့နယ်၊ ကျန်းမာရေးဦးစီးဌာနတွင် အလှည့်ကျထိုးနှံ ပေးခဲ့ပါသည်။ ထို့ပြင် ကော်မရှင်ရုံးရှိ ရုံးခန်းများကို အပတ်စဉ် ပိုးသတ်ဆေးဖျန်းခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။

## လူ့အခွင့်အရေးဆိုင်ရာ ကော်မတီများတွင် ပါဝင်ဆောင်ရွက်မှုများ

၁၁၆။ ကော်မရှင် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံး အရာထမ်းများသည် နိုင်ငံတော်က ဖွဲ့စည်းသည့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီများတွင် အဖွဲ့ဝင်အဖြစ် ပါဝင်၍ အဆိုပါ ကော်မတီများ၏ လုပ်ငန်းတာဝန်များကို ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်-

| စဉ် | အမည် | ရာထူး | လူ့အခွင့်အရေးဆိုင်ရာ ကော်မတီ | ပါဝင်မှု အခြေအနေ |
|---|---|---|---|---|
| ၁ | ဦးပေါ်လွင်စိန် | ဥက္ကဋ္ဌ | Universal Periodic Review (UPR) အကြံပြုတိုက်တွန်းချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရေးနှင့် အစီရင်ခံစာရေးသားပြုစုတင်ပြနိုင်ရေးလုပ်ငန်း ကော်မတီ | အဖွဲ့ဝင် |
| ၂ | ဒေါက်တာနန္ဒာလှမွန်း | ဒုတိယ ဥက္ကဋ္ဌ | အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၃၂) ရေးဆွဲရေးဦးဆောင်ကော်မတီ | - |
| ၃ | ဦးကျော်စိုး | အဖွဲ့ဝင် | လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ | အဖွဲ့ဝင် |
| ၄ | ဒေါ်နုနုယဉ် | အဖွဲ့ဝင် | (က)တရားဥပဒေ စိုးမိုးရေးနှင့် တရားမျှတမှု ဆိုင်ရာလုပ်ငန်းများ ပေါင်းစပ် ညှိနှိုင်းရေး အဖွဲ့၊<br>(ခ)အမုန်းစကားများ ကာကွယ်တားဆီးရေး ဥပဒေ (မူကြမ်း) ရေးဆွဲရေး ကော်မတီ<br>(ဂ) မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီး ကော်မတီ | အဖွဲ့ဝင်<br>အဖွဲ့ဝင်<br>အဖွဲ့ဝင် |
| ၅ | ဦးဘုန်းကြွယ် | ညွှန်/ချုပ် | (က) မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ<br>(ခ) အမျိုးသမီးများနှင့် လူ့အခွင့်အရေးဆိုင်ရာ လုပ်ငန်းကော်မတီ | အဖွဲ့ဝင်<br>ဥက္ကဋ္ဌ |

| | | | | |
|---|---|---|---|---|
| | | | (ဂ) အမျိုးသားအဆင့် အစမ္မခိုင်းစေမှု ဆိုင်ရာ တိုင်ကြားမှုယန္တရား အကောင်အထည်ဖော်ရေး အမျိုးသားကော်မတီ | အဖွဲ့ဝင် |
| ၆ | ဒေါက်တာခိုင်ခိုင်ဝင်း | ဒုညွှန်/ ချုပ် | မသန်စွမ်းသူများ၏ အခွင့်အရေးများ ဆိုင်ရာ လုပ်ငန်းကော်မတီ | အဖွဲ့ဝင် |
| ၇ | ဦးသူရကျော် | ညွှန်/ မှူး | (က) အမျိုးသမီးများနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာလုပ်ငန်းယန္တရားများလုပ်ငန်း ကော်မတီ<br>(ခ) နိုင်ငံအတွင်းရှိ ပရဟိတဂေဟာ များတွင် ကလေးသူငယ်များ လက်ခံစောင့်ရှောက် ထားရှိမှု အခြေအနေ လေ့လာဆန်းစစ်သည့် သုတေသန လုပ်ငန်း ဆောင်ရွက်မည့် Technical Core Team (TCT) အဖွဲ့ | အဖွဲ့ဝင် |
| ၈ | ဦးဇော်လွင်ထူး | ညွှန်/ မှူး | (က) မသန်စွမ်းသူများ၏ အခွင့်အရေး များဆိုင်ရာ စောင့်ကြည့် အကဲ ဖြတ် ဆပ်ကော်မတီ<br>(ခ) အမျိုးသမီးများနှင့် လူ့အခွင့်အရေးဆိုင်ရာ လုပ်ငန်းကော်မတီ | အဖွဲ့ဝင်<br>အတွင်း ရေးမှူး |
| ၉ | ဒေါ်ဖြိုးသီရိဝင်း | ညွှန်/ မှူး | (က) တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှု လုပ်ငန်းများ ပေါင်းစပ် ညှိနှိုင်းရေးအဖွဲ့<br>(ခ) CEDAW ဆဋ္ဌမအကြိမ် အစီရင် ခံစာ ရေးသား ရေးအဖွဲ့ | -<br>ကိုယ်စား လှယ် |
| ၁၀ | ဒေါ်ဇင်မင်းသက်လွင် | လ/ထ ညွှန်/ မှူး | မသန်စွမ်းသူများ၏ တရားမျှတမှု ရပိုင်ခွင့်ဆိုင်ရာ ဆပ်ကော်မတီ | အဖွဲ့ဝင် |

**ကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံးအရာထမ်းများ အခမ်းအနား/ အစည်းအဝေး တက်ရောက် ခြင်း**

၁၁၇။ ကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံးအရာထမ်းများသည် ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလအတွင်း နိုင်ငံတော်က ကြီးမှူးကျင်းပသည့် အခမ်းအနား၊ အစည်းအဝေးများသို့ အောက်ပါအတိုင်း တက်ရောက်ခဲ့ပါသည်-

| စဉ် | တက်ရောက်သည့် ပုဂ္ဂိုလ် | နေ့စွဲ | တက်ရောက်သည့် အခမ်းအနား/အစည်းအဝေး | နေရာ |
|---|---|---|---|---|
| ၁ | ကော်မရှင်ဥက္ကဋ္ဌနှင့် ညွှန်ကြားရေးမှူးချုပ် | ၄-၁-၂၀၂၄ | (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံ အလေး ပြုပွဲ အခမ်းအနား တက်ရောက် ခြင်း | နေပြည်တော် |
| ၂ | ကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ် | ၁၂-၂-၂၀၂၄ | (၇၇) နှစ်မြောက် ပြည်ထောင် စုနေ့ နိုင်ငံတော်အလံ အလေး ပြုပွဲအခမ်းအနား တက်ရောက် ခြင်း | နေပြည်တော် |
| ၃ | ကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ် | ၁၂-၂-၂၀၂၄ | (၇၇)နှစ်မြောက် ပြည်ထောင်စု နေ့ ဂုဏ်ပြုညစာစားပွဲနှင့် ဂုဏ်ပြုဖျော်ဖြေပွဲ အခမ်းအနား တက်ရောက်ခြင်း | နေပြည်တော် |
| ၄ | ကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင် ဒေါ်နုနုယဉ်နှင့် ညွှန်ကြားရေးမှူးချုပ် | ၂၄-၃-၂၀၂၄ | နိုင်ငံတော်အဆင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်း အနား တက်ရောက်ခြင်း | မာရဝိဇယဗုဒ္ဓဥယျာဉ်တော် နေပြည်တော် |
| ၅ | ကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီး၊ ကော်မရှင်အဖွဲ့ဝင်များ | ၂၇-၃-၂၀၂၄ | (၇၉) နှစ်မြောက် တပ်မတော်နေ့ အခမ်းအနားနှင့် ဂုဏ်ပြုညစာစားပွဲ အခမ်းအနား တက် ရောက်ခြင်း | နေပြည်တော် |
| ၆ | ကော်မရှင်ဥက္ကဋ္ဌ | ၂၂-၅-၂၀၂၄ | ကဆုန်လပြည့်နေ့ဆိုင်ရာ စာတမ်းဖတ်ပွဲအခမ်းအနား တက် ရောက်ခြင်း | မာရဝိဇယဗုဒ္ဓဥယျာဉ်တော် နေပြည်တော် |
| ၇ | ကော်မရှင်ဥက္ကဋ္ဌ | ၄-၆-၂၀၂၄ | ၂၀၂၄ ခုနှစ်၊ ပထမအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုး | Naypyitaw State |

| | | | | |
|---|---|---|---|---|
| | | | ပွဲတော် အခမ်းအနား တက်ရောက်ခြင်း | Academyတက္ကသိုလ် ပရဂုဏ် နေပြည်တော် |
| ၈ | ကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီး | ၆-၇-၂၀၂၄ | ၂၀၂၄ ခုနှစ်၊ ဝါဆိုသင်္ကန်း ဆက်ကပ် လှူဒါန်းပွဲ အခမ်းအနား တက်ရောက်ခြင်း | နေပြည်တော် |
| ၉ | ကော်မရှင်ဥက္ကဋ္ဌ | ၁၅-၁၁-၂၀၂၄ | ကော်မရှင်မှ လွှတ်တင်သည့် မီးပုံးပျံများလွှတ်တင်ပူဇော်ပွဲ တက်ရောက်ခြင်း | နေပြည်တော် |
| ၁၀ | ညွှန်ကြားရေးမှူး ဦးသူရကျော် | ၅-၁၂-၂၀၂၄ | အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်း ယန္တရားများ လုပ်ငန်းကော်မတီ အစည်းအဝေး | နေပြည်တော် |
| ၁၁ | ကော်မရှင်ဥက္ကဋ္ဌ၊ ညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများ | ၉-၁၂-၂၀၂၄ | အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနား | MICC- I နေပြည်တော် |
| ၁၂ | ကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင် (၁၀) ဦး | ၁၀-၁၂-၂၀၂၄ | ၇၆ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့အခမ်းအနား တက်ရောက်ခြင်း | MICC- I နေပြည်တော် |

**ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များ**

၁၁၈။ ကော်မရှင်စတင်ဖွဲ့စည်းသည့် အချိန်မှစ၍ ကော်မရှင်သည် ဘဏ္ဍာရေးနှစ်တစ်နှစ် အတွက် အသုံးစရိတ် လျာထားချက်များကို ကြိုတင်ခန့်မှန်းရေးဆွဲပြီး နိုင်ငံတော်သမ္မတရုံးသို့ တင်ပြ၍ (၃)လ တစ်ကြိမ် တင်ပြတောင်းခံသုံးစွဲခဲ့ရာမှ ကော်မရှင်၏ ငွေကြေးဆိုင်ရာ လုပ်ထုံး လုပ်နည်းများနှင့်အညီ ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်မှစ၍ ကော်မရှင်၏ တစ်နှစ်တာအတွက် ထောက်ပံ့အသုံးစရိတ်အား စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှတစ်ဆင့် နိုင်ငံတော်သို့တင်ပြ တောင်းခံခဲ့ရာ ခွင့်ပြုငွေကို ငွေတိုက်ဦးစီးဌာနမှတစ်ဆင့် ရရှိခဲ့ပါသည်။ ၂၀၂၃-၂၀၂၄ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ခွင့်ပြုငွေမှာ ကျပ် ၁၂၁၈.၂၀၀ သန်းမှ သုံးစွဲငွေ ကျပ် ၁၁၆၁.၈၆၈ သန်း ဖြစ်ပြီး ပိုလျှံငွေ ၅၆.၃၃၂ သန်းအား

ငွေတိုက်ဦးစီးဌာနသို့ ပြန်လည်အပ်နှံပြီးဖြစ်ပါသည်။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် ခွင့်ပြုငွေမှာ ကျပ် ၁၄၉၉.၉၄၂ သန်းဖြစ်ပါသည်။

**ကော်မရှင်ရုံးဝန်ထမ်းများအတွက် အငြိမ်းစားပင်စင်စုဆောင်းငွေ**

၁၁၉။ ကော်မရှင်ရုံးဝန်ထမ်းများ၏ ဘဝနောင်ရေးအာမခံချက် ရရှိစေရေးအတွက် အငြိမ်းစားပင်စင်စီမံချက်တစ်ရပ်အား ရေးဆွဲရန် ကော်မရှင်ရုံး၏ ငွေကြေးဆိုင်ရာလုပ်ထုံးလုပ်နည်း အပိုဒ် ၇၊ အပိုဒ်ခွဲ (ဆ) တွင် အငြိမ်းစားပင်စင်စနစ်ကို ထည့်သွင်းရေးဆွဲခဲ့ပြီး နိုင်ငံတော် သမ္မတရုံး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်အရ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် မှစ၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

၁၂၀။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် ထောက်ပံ့ရန်ပုံငွေ တင်ပြတောင်းခံရာတွင် ပင်စင် ထည့်ဝင်ငွေကို ဝန်ထမ်း ၁၄၆ ဦးအတွက် တစ်လလျှင် ၀.၉၂၆ သန်းနှုန်းဖြင့် တစ်နှစ်အတွက် ကျပ် ၁၁.၁၁၅ သန်း ထည့်သွင်းတွက်ချက် တောင်းခံထားပါသည်။

၁၂၁။ ကော်မရှင်ရုံးဝန်ထမ်းများအတွက် အငြိမ်းစားပင်စင်စီမံချက်ကို ၂၀၁၆ ခုနှစ်၊ ဧပြီလ ၇ ရက်တွင် ထုတ်ပြန်ခဲ့ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ဧပြီလမှစတင်၍ ဝန်ထမ်းများလစာ၏ ၃ % နှင့် ကော်မရှင် ထောက်ပံ့ရန်ပုံငွေမှ ၃ % ဖြင့် လစဉ် စုဆောင်း၍ အကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိရာ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလအထိ စုဆောင်းငွေ ကျပ် ၁၁၇.၅၂၀ သန်း စုဆောင်းပြီးဖြစ်ပါသည်။ လက်ရှိအခြေအနေတွင် အငြိမ်းစားပင်စင်စီမံချက်၌ ဝန်ထမ်း ၁၀၅ ဦး ထည့်ဝင်စုဆောင်းလျက်ရှိပါသည်။

**ကော်မရှင်ရုံးဝန်ထမ်းများ လူမှုဖူလုံရေးစနစ်သို့ဝင်ရောက်ခြင်း**

၁၂၂။ လူမှုဖူလုံရေးစီမံကိန်းသည် နိုင်ငံ့ဝန်ထမ်းများအပါအဝင် အလုပ်သမားထုတစ်ရပ်လုံး၏ နာမကျန်းမှု၊ မီးဖွားမှု၊ လုပ်ငန်းခွင်အတွင်းထိခိုက်မှု၊ သေဆုံးမှုစသည့် လူမှုဒုက္ခများကြုံ တွေ့ချိန်တွင် အခက်အခဲမရှိစေရေးအတွက် ၁၉၅၆ ခုနှစ် ကတည်းက မြန်မာနိုင်ငံတွင် စတင် အကောင်အထည် ဖော်ခဲ့သော စီမံကိန်းတစ်ရပ်ဖြစ်ပါသည်။ ဝန်ထမ်းများ၏ သဘော ဆန္ဒနှင့်အညီ အုပ်ချုပ်မှု စီမံခန့်ခွဲရေး ကော်မတီအစည်းအဝေး အမှတ်စဉ် (၄/၂၀၁၅) ဆုံးဖြတ် ချက်ဖြင့် လူမှုဖူလုံရေး ထည့်ဝင်ကြေး ပေးသွင်းငွေကို နိုင်ငံတော်သမ္မတရုံးသို့ တင်ပြခဲ့ရာ ခွင့်ပြုချက်အရ ၂၀၁၅ ခုနှစ်၊ မေလမှစတင်၍ ဝန်ထမ်းများလစာ၏ ၂% နှင့် ကော်မရှင် ထောက်ပံ့ငွေမှ ၃% စုစုပေါင်း ၅% ကို လစဉ်ထည့်ဝင် စုဆောင်းခဲ့ပါသည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှစ၍ ငွေတိုက်ဦးစီးဌာနမှ ခွင့်ပြုသော ကော်မရှင် ထောက်ပံ့ရန်ပုံငွေတွင် လူမှုဖူလုံရေးထည့်ဝင်ငွေကို ပါဝင်ခွင့်ပြုခဲ့ပါသည်။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် လူမှုဖူလုံရေး ထည့်ဝင်ကြေးအတွက် ခွင့်ပြုငွေမှာ ၅.၅၅၇ သန်းဖြစ်ပြီး ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလအထိ ဝန်ထမ်း ၂၁ ဦးသည် လူမှုဖူလုံရေးအကျိုးဝင်လျက်ရှိပါသည်။

**ဝန်ထမ်းဖွဲ့စည်းပုံနှင့် ခန့်အပ်ပြီးအင်အား**

၁၂၃။ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ (၃၁) ရက်နေ့ရှိ ကော်မရှင်ရုံး ဖွဲ့စည်းပုံနှင့် ခန့်အပ်ပြီး ဝန်ထမ်းအင်အားစာရင်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ရာထူး | ဝန်ထမ်းဖွဲ့စည်းပုံ | ရုံးချုပ်အင်အား | ရုံးခွဲအင်အား | | | | စုစုပေါင်းအင်အား |
|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | ရခိုင် | ပုသိမ် | |
| ၁ | ညွှန်ကြားရေးမှူးချုပ် | ၁ | ၁ | - | - | - | - | ၁ |
| ၂ | ဒုတိယညွှန်ကြားရေးမှူးချုပ် | ၁ | ၁ | - | - | - | - | ၁ |
| ၃ | ညွှန်ကြားရေးမှူး | ၆ | ၆ | - | - | - | - | ၆ |
| ၄ | ဒုတိယညွှန်ကြားရေးမှူး | ၁၃ | ၅ | - | - | - | - | ၅ |
| ၅ | လက်ထောက်ညွှန်ကြားရေးမှူး | ၂၆ | ၁၅ | ၁ | ၁ | - | ၁ | ၁၈ |
| ၆ | ဦးစီးအရာရှိ | ၄၀ | ၇ | ၂ | - | - | - | ၉ |
| | **အရာထမ်းပေါင်း** | **၈၇** | **၃၅** | **၃** | **၁** | **-** | **၁** | **၄၀** |
| ၇ | ဒုတိယလူ့အခွင့်အရေးဦးစီးမှူး | ၅၄ | ၁၅ | - | - | - | - | ၁၅ |
| ၈ | ယာဉ်မောင်းစက်ပြင် (၂) | ၄ | ၁ | - | - | - | - | ၁ |
| ၉ | အကြီးတန်းစာရေး | ၆၅ | ၄ | ၁ | ၁ | ၁ | - | ၇ |
| ၁၀ | ယာဉ်မောင်းစက်ပြင် (၃) | ၃ | ၂ | - | - | - | - | ၂ |
| ၁၁ | ယာဉ်မောင်း (၃) | ၈ | ၄ | ၁ | - | - | - | ၅ |
| ၁၂ | အငယ်တန်းစာရေး | ၇၂ | ၁၃ | - | - | - | ၁ | ၁၄ |
| ၁၃ | သန့်ရှင်းရေး | ၁၂ | ၄ | ၁ | ၁ | - | - | ၆ |
| ၁၄ | ရုံးအကူ | ၁၄ | ၇ | ၂ | ၁ | - | ၁ | ၁၁ |
| ၁၅ | ဥယျာဉ်လုပ်သား | ၁ | ၁ | - | - | - | - | ၁ |
| ၁၆ | အစောင့် | ၂ | - | ၁ | ၁ | - | - | ၂ |
| | **အမှုထမ်းပေါင်း** | **၂၃၅** | **၅၁** | **၆** | **၄** | **၁** | **၂** | **၆၄** |
| | **စုစုပေါင်း** | **၃၂၂** | ၈၆ | **၉** | ၅ | ၁ | **၃** | **၁၀၄** |

**ဝန်ထမ်းများ၏ စွမ်းဆောင်ရည် မြင့်မားရေးအတွက် အသိပညာမျှဝေသည့် အစီအစဉ်များ ဆောင်ရွက်ခြင်း**

၁၂၄။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးအတွက် ၂၀၂၄ ခုနှစ်အတွင်း အသိပညာမျှဝေဆွေးနွေးဟောပြောပွဲများကို အောက်ပါအတိုင်းဆောင်ရွက်ခဲ့ပါသည်-

| စဉ် | ရက်စွဲ | ပို့ချသူအမည် | ပို့ချသူ၏ ဌာန | ပို့ချသည့် အကြောင်းအရာ |
|---|---|---|---|---|
| ၁ | ၂၂-၂-၂၀၂၄ | ဦးကျော်စိုး၊ အဖွဲ့ဝင် | မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင် | ကာကွယ်စောင့်ရှောက် အကြောင်းသိကောင်းစရာ |
| ၂ | ၁၁-၃-၂၀၂၄ | ဒုတိယဥက္ကဋ္ဌ | မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင် | ကောင်းမွန်သောအုပ်ချုပ်မှုအတွက်ပြုပြင်ပြောင်းလဲမှုဆိုင်ရာ စိန်ခေါ်မှုများကို လူ့အခွင့်အရေး ရှုထောင့်မှ သုံးသပ်ခြင်း |
| ၃ | ၁၈-၃-၂၀၂၄ | ကော်မရှင်ဥက္ကဋ္ဌ | မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင် | နိုင်ငံသားများ၏ အခွင့်အရေးနှင့် တာဝန်များ |
| ၄ | ၃-၄-၂၀၂၄ | ဒေါ်နုနုယဉ်၊ အဖွဲ့ဝင် ဒေါက်တာ မြင့်သူမြိုင်၊ အဖွဲ့ဝင် | မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင် | အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးသဘောတူစာချုပ်များနှင့် ပြည်တွင်းဥပဒေများ |
| ၅ | ၂၃-၃-၂၀၂၄ | ကထိက ဒေါ်အိအိဆွေ | သူနာပြုတက္ကသိုလ် | လုပ်ငန်းခွင်အတွင်း စိတ်ဖိစီးမှုလျှော့ချရေး သိကောင်းစရာ |
| ၆ | ၉-၅-၂၀၂၄ | ကော်မရှင်ဥက္ကဋ္ဌ၊ ဦးတင်အောင်၊ အဖွဲ့ဝင် | မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင် | ပြည်သူ့စစ်မှုထမ်းဆိုင်ရာ သိကောင်းစရာ |
| ၇ | ၁၆-၅-၂၀၂၄ | သတင်းမီဒီယာ ကောင်စီတာဝန်ရှိ သူများ | သတင်းမီဒီယာကောင်စီ | သတင်းမီဒီယာကဏ္ဍနှင့် စပ်လျဉ်းသည့် သိကောင်းစရာဆွေးနွေးခြင်း |

| | | | | |
|---|---|---|---|---|
| ၈ | ၂၇-၅-၂၀၂၄ | ဒေါက်တာ မင်းသိန်း | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဘာသာရပ် |
| ၉ | ၂၂-၇-၂၀၂၄ | Project Director ဒေါက်တာ တင်ဘုန်းကျော် | ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ မြန်မာစာ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း | AI နည်းပညာနှင့် စပ်လျဉ်း၍ အသိပညာ မျှဝေ ဆွေးနွေးခြင်း |
| ၁၀ | ၁၇-၉-၂၀၂၄ | ဦးစီးအရာရှိ (၄) ဦး | မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး | 2024 Online NHRI Induction Programme သင်တန်းသို့ တက်ရောက်ခဲ့သည့် ဦးစီးအရာရှိများမှ အသိပညာမျှဝေတင်ပြခြင်း |
| ၁၁ | ၂၄-၉-၂၀၂၄ | ဒုတိယညွှန်ကြားရေးမှူး၊ ဒေါ်ဝတ်ရည်ဝင်း | မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး | ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် အပြည်ပြည်ဆိုင်ရာ ပြစ်မှုတရားစီရင်ရေး ပူးပေါင်းဆောင်ရွက်မှု ဆွေးနွေးပွဲသို့တက်ရောက်ခဲ့မှုနှင့် စပ်လျဉ်း၍ အသိပညာ မျှဝေတင်ပြခြင်း |
| ၁၂ | ၂၄-၁၀-၂၀၂၄ | ညွှန်ကြားရေးမှူး၊ ဦးကျော်ထက်စိုး နှင့် ဦးစီးအရာရှိ ဦးစည်သူလင်း | မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး | နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ၌ ရာထူး အလိုက် ဖွင့်လှစ်ခဲ့သည့် သင်တန်းများသို့ တက်ရောက်ခဲ့မှုနှင့် စပ်လျဉ်း၍ အသိပညာ မျှဝေတင်ပြခြင်း |

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး ဝန်ထမ်းများအတွက် အခြေခံရုံးလုပ်ငန်း သင်တန်းဖွင့်လှစ်ပို့ချပေးခြင်း**

၁၂၅။ ရုံးလုပ်ငန်းများကို သိရှိနားလည်စေရန်နှင့် လုပ်ငန်းများ မှန်မှန်ကန်ကန် မြန်မြန် ဆန်ဆန် ထိရောက်စွာ ဆောင်ရွက်နိုင်ရန် ရည်ရွယ်လျက် ကော်မရှင်ရုံးရှိ အရာထမ်း/ အမှုထမ်းများအတွက် အခြေခံရုံးလုပ်ငန်းသင်တန်း (တတိယအကြိမ်) ကို ၁၉-၂-၂၀၂၄ ရက်နေ့မှ ၁-၃-၂၀၂၄ ရက်နေ့အထိ ဖွင့်လှစ်ခဲ့ပါသည်။ အဆိုပါသင်တန်းတွင် သင်တန်း နည်းပြများအဖြစ် ကော်မရှင်ရုံး ညွှန်ကြားရေး မှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ဌာနတာဝန်ခံများမှ လုပ်ငန်းများ ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေမည့် ဘာသာရပ်များကို ထည့်သွင်း ပို့ချခဲ့ပြီး ကော်မရှင်ရုံးရှိ အရာထမ်း/ အမှုထမ်း (၁၃) ဦး တက်ရောက်ခဲ့ ကြပါသည်။

**ကော်မရှင်ရုံးဝန်ထမ်းများအတွက် IT နှင့် အင်္ဂလိပ်ဘာသာစကားဆိုင်ရာ သင်တန်းဖွင့်လှစ် ပို့ချပေး ခြင်း**

၁၂၆။ ကော်မရှင်၏ လုပ်ငန်းစီမံချက် (၂၀၂၄ ခုနှစ်) ၏ ရည်မှန်းချက်ပန်းတိုင် (၆) ပါ ဆောင်ရွက် ချက်များကို အကောင်အထည်ဖော်ဆောင်သည့်အနေဖြင့် ကော်မရှင်ရုံးဝန်ထမ်းများအတွက် "English by using IT" သင်တန်းကို ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်က ဦးဆောင်၍ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူး (၅) ဦးတို့က အထောက်အကူ ပြုဆရာများအဖြစ် ဆောင်ရွက်ကာ ၁၇-၅-၂၀၂၄ ရက်နေ့မှ ၂၁-၆-၂၀၂၄ ရက်နေ့အထိ ဖွင့်လှစ်ပို့ချခဲ့ပြီး ကော်မရှင်ရုံးမှ အရာထမ်း/ အမှုထမ်း စုစုပေါင်း (၃၃) ဦးတက်ရောက်ခဲ့ကြပါ သည်။

**ဝန်ထမ်းသက်သာချောင်ချိရေးအတွက်ဆောင်ရွက်ခြင်း**

၁၂၇။ ကော်မရှင်၏ လုပ်ငန်းစီမံချက် (၂၀၂၄ ခုနှစ်) ၏ ရည်မှန်းချက်ပန်းတိုင် (၆) ပါ ဆောင်ရွက်ချက်များကို အကောင်အထည်ဖော်ဆောင်သည့်အနေဖြင့် ကော်မရှင်ရုံးရှိ ဝန်ထမ်း များအား သက်သာချောင်ချိရေးအတွက် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ညှိမထနှင့် ပေါ်ဆန်းဆန်အိတ်များကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က သတ်မှတ် ပေးသော စန်းသော်တာ စားသုံးဆီရောင်းဝယ်ရေးကုမ္ပဏီမှ စားသုံးဆီများအားလည်းကောင်း သက်သာသော နှုန်းထားဖြင့် လစဉ်ဝယ်ယူ၍ ပြန်လည်ရောင်းချပေးခြင်းများကို ပုံမှန်ဆောင် ရွက်လျက်ရှိပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံးရှိ ဦးစီးယာဉ်များ၊ အုပ်ချုပ်မှုယာဉ်များနှင့် ဝန်ထမ်း ကြို/ ပို့ ယာဉ်များ မော်တော်ယာဉ်ကြံ့ခိုင်ရေးစစ်ဆေးခြင်း**

၁၂၈။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်ရုံးမှ စီမံရေးရာနှင့် ဘဏ္ဍာရေးဌာနမှ ဌာနတာဝန်ခံ ညွှန်ကြားရေးမှူး ဦးရဲနောင်လွင် ဦးဆောင်၍ အဖွဲ့ဝင် (၅) ဦးပါဝင်သော မော်တော်ယာဉ်ကြံ့ခိုင်မှု စစ်ဆေးရေး အဖွဲ့သည် ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်နေ့တွင် ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်မှ ဒုတိယညွှန်ကြားရေးမှူးအဆင့်အထိ ဦးစီးယာဉ်များ၊ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ

၃၁ ရက်နေ့တွင် အုပ်ချုပ်မှုယာဉ်များ၏ မော်တော်ယာဉ်ကြွခိုင်မှုကို ယာဉ်တစ်စီးချင်းအလိုက် အသေးစိတ်စစ်ဆေးခဲ့ပြီး အဆင့်ဆင့်တင်ပြခဲ့ပါသည်။

**အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit - CPU) အဖွဲ့ ဖွဲ့စည်းခြင်းနှင့် ယင်းအဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက်များ**

၁၂၉။ ကော်မရှင်ရုံး၏ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (CPU) အား အမိန့် ကြော်ငြာစာအမှတ် (၅/ ၂၀၂၁) ဖြင့် ညွှန်ကြားရေးမှူးချုပ် ဦးဆောင်၍ အဖွဲ့ဝင် (၅) ဦး ပါဝင်သော အဖွဲ့ကို ၁၅-၆-၂၀၂၁ ရက်စွဲဖြင့် စတင်ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီး အမိန့် ကြော်ငြာစာအမှတ် (၆/ ၂၀၂၂) ဖြင့် ၁၂-၈-၂၀၂၂ ရက်နေ့တွင် တစ်ကြိမ်၊ အမိန့်ကြော်ငြာစာ အမှတ် (၁၁/၂၀၂၃) ဖြင့် ၂၀-၄-၂၀၂၃ ရက်နေ့တွင် တစ်ကြိမ် ပြင်ဆင်ဖွဲ့စည်းတာဝန် ပေးအပ်ခဲ့ပါသည်။ အဆိုပါအဖွဲ့မှ လုပ်ငန်းလမ်းညွှန် CPU Terms of Reference (TOR) နှင့် အဂတိလိုက်စားမှု တားဆီး ကာကွယ်ရေးဆိုင်ရာ တည်မြဲလုပ်ထုံးလုပ်နည်းများ (SOP) တို့ကို ပြုစုရေးဆွဲခဲ့ပါသည်။ အဂတိ လိုက်စားမှု တားဆီး ကာကွယ်ရေးအဖွဲ့ (CPU) အနေဖြင့် ကော်မရှင်ရုံးတွင် ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီ လမှ ဒီဇင်ဘာလအတွင်း အစည်းအဝေး (၂) ကြိမ် ပြုလုပ်ခဲ့ပါသည်။ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ ဦးဆောင်၍ ၂၀၂၄ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့တွင် Hybrid Format ဖြင့် ကျင်းပပြုလုပ်ခဲ့သည့် အလုပ်ရုံဆွေးနွေးပွဲသို့ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (CPU) အဖွဲ့ခေါင်းဆောင် တက်ရောက်ခဲ့ပါသည်။ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (CPU) အနေဖြင့် ကော်မရှင်ရုံးတွင် ၂၀၂၄ ခုနှစ်အတွင်း အစည်းအဝေး (၂) ကြိမ် ပြုလုပ်ခဲ့ပါသည်။ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (CPU) ၏ အစီရင်ခံစာကို နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီရုံးနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့သို့ လစဉ်ပေးပို့ တင်ပြလျက်ရှိပါ သည်။

**Desk Officer များတာဝန်ပေးအပ်ခြင်း**

၁၃၀။ ကော်မရှင်သည် လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်း များကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် လူ့အခွင့်အရေးဘာသာရပ်နှင့် ဆက်နွယ် မှုရှိသော ကိစ္စရပ်များအတွက် Desk Officer များကို အောက်ပါအတိုင်း တာဝန်ပေးအပ်ထားပါသည်-

| စဉ် | ဘာသာရပ် | တာဝန်ယူသည့်ဝန်ထမ်း | ရာထူး | မှတ်ချက် |
|---|---|---|---|---|
| (က) | အသက်အရွယ်ကြီးရင့်သူများ၏အခွင့်အရေး | ဒေါ်မီမီစန်းအောင် | ဒု/ညွှန်မှူး | |
| (ခ) | မသန်စွမ်းသူများ၏ အခွင့်အရေး | ဒေါ်ဇင်မင်းသက်လွင် | လ/ထ ညွှန်မှူး | |
| (ဂ) | ကလေးသူငယ်အခွင့်အရေး | ဒေါ်အေးစန္ဒာမြင့် | လ/ထ ညွှန်မှူး | |

| | | | | |
|---|---|---|---|---|
| (ဃ) | စီးပွားရေးလုပ်ငန်းများနှင့် လူ့အခွင့်အရေး | - | - | |
| (င) | အမျိုးသမီးအခွင့်အရေး | ဒေါ်မို့မို့အောင် | လ/ထ ညွှန်မှူး | |
| (စ) | လူကုန်ကူးမှု | ဦးကောင်းခန့်ပြည့် | လ/ထ ညွှန်မှူး | |

၁၃၁။ Desk Officer များသည် ဘာသာရပ်အလိုက် လူ့အခွင့်အရေး အခြေအနေ ဖြစ်ပေါ် မှုများကို စောင့်ကြည့်ခြင်း၊ အချက်အလက်များ စုစည်းပြုစုခြင်းနှင့် ပြုစုပြီး အချက်အလက် များအား ကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင်များ လိုအပ်သလို အသုံးပြု နိုင်ရေးအတွက် ကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်ထံသို့ လစဉ်တင်ပြလျက်ရှိပါသည်။

**ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာနသို့ သွားရောက်စစ်ဆေးခံယူခြင်း**

၁၃၂။ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန၊ နေပြည်တော်သို့ စာရင်းများ တိုက်ဆိုင်စစ်ဆေးရန်အတွက် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၂၉-၃-၂၀၂၄ ရက်စွဲပါစာ ဖြင့် နေပြည်တော်ရှိ ပြည်ထောင်စုအဆင့် အဖွဲ့အစည်း/ ဝန်ကြီးဌာနများမှ အုပ်ချုပ်မှုသုံးနှင့် လုပ်ငန်းသုံးမော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်၊ စက်ကြီးယန္တရားများ၊ ရုံးသုံးစက် ပစ္စည်းများ၊ အခြားစက်ပစ္စည်းကိရိယာများနှင့် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများအား စာရင်းတိကျ မှန်ကန်စေရေးအတွက် ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာနမှ စစ်ဆေးရေး အဖွဲ့များက တိုက်ဆိုင်စစ်ဆေးသွားမည်ဖြစ်ကြောင်း ၂၉-၄-၂၀၂၄ ရက်နေ့မှစ၍ ၃၁-၅-၂၀၂၄ ရက်နေ့အထိ (၁) လကြာ နေပြည်တော်၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီး ဌာနသို့ ဌာနဆိုင်ရာကိုယ်စားလှယ်များ လာရောက်စစ်ဆေးခံနိုင်ရေး စီစဉ်ဆောင်ရွက်ပေးနိုင်ပါရန် ညှိနှိုင်းစာ ပေးပို့လာမှုအပေါ် ကော်မရှင်မှ ၈-၅-၂၀၂၄ ရက်နေ့မှ ၁၀-၅-၂၀၂၄ ရက်နေ့ အထိ (၃) ရက်ကြာ သွားရောက်စစ်ဆေးမှုခံယူခဲ့ပါသည်။

**(၇၆) နှစ်မြောက် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပခြင်း**

၁၃၃။ (၇၆) နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ အခမ်းအနားကို ၁၀-၁၂-၂၀၂၄ ရက်နေ့တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန -၁ ၌ ကျင်းပပြု လုပ်ခဲ့ပါသည်။

၁၃၄။ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီတွဲဖက်အတွင်းရေးမှူး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ နေပြည်တော် ကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ တာဝန်ရှိသူများ၊

အရပ်ဘက်အဖွဲ့ အစည်းများ၊ ဖိတ်ကြားထားသူများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြပါသည်။

၁၃၅။ အဆိုပါအခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြော ကြားခဲ့ပါသည်။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်က လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြ၍ ဒုတိယဥက္ကဋ္ဌ ဒေါက်တာနန္ဒာမွှန်းက ကုလသမဂ္ဂအထွေထွေ အတွင်းရေး မှူးချုပ်၏ သဝဏ်လွှာကို ဖတ်ကြားခဲ့ပြီး အခမ်းအနားတက်ရောက်လာကြသူများကို (၇၆) နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ အထိမ်းအမှတ် Video Clip ပြသခဲ့ပါသည်။

၁၃၆။ အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား ကော်မရှင် ဥက္ကဋ္ဌမှ ဂါရဝပြုအမှတ်တရလက်ဆောင်ပေးအပ်ခဲ့ပါသည်။ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနမှ အနုပညာရှင်များက "လူ့အခွင့်အရေးကော်မရှင် သီချင်း" ဖြင့် သရုပ်ဖော်ကပြဖျော်ဖြေခဲ့ပါသည်။

၁၃၇။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ပညာပေးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများနှင့် ပုံနှိပ်ထုတ်ဝေဖြန့်ချိလျက်ရှိသော လူ့အခွင့်အရေးဆိုင်ရာ စာအုပ်စာတမ်းများကို ပြသထားသည့် ပြခန်းများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်း အနား တက်ရောက်ကြသူများက လှည့်လည်ကြည့်ရှုခဲ့ကြပါသည်။

**အခမ်းအနားများဆောင်ရွက်မှု**

၁၃၈။ ကော်မရှင်ရုံးတွင် ၁-၃-၂၀၂၄ ရက်နေ့ ၁၄:၀၀ နာရီအချိန်တွင် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကိုလည်းကောင်း၊ ၁၂-၄-၂၀၂၄ ရက်နေ့ ၁၅:၀၀ နာရီအချိန်တွင် ၁၃၈၅ ခုနှစ်၊ မြန်မာ့ရိုးရာ အတာသင်္ကြန်အကြိုအခမ်းအနားကိုလည်းကောင်း၊ ၁၇-၄-၂၀၂၄ ရက် (မြန်မာနှစ်ဆန်းတစ်ရက်နေ့) တွင် နှစ်သစ်ကူးပရိတ်တရားတော်နာယူခြင်းကိုလည်းကောင်း၊ ၂၀-၆-၂၀၂၄ ရက်နေ့ ၁၃:၀၀ နာရီအချိန်တွင် ကော်မရှင်ရုံးရှိ ဝန်ထမ်းများ၏ အခြေခံပညာကျောင်းနေအရွယ် သား၊ သမီးများအား ကျောင်းသုံးစာရေးကိရိယာများနှင့် ကျောင်းအသုံးအဆောင်ပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကိုလည်းကောင်း၊ ၂၇-၇-၂၀၂၄ ရက်နေ့တွင် ၀၈:၀၀ နာရီ အချိန်တွင် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကိုလည်းကောင်း၊ ၅-၉-၂၀၂၄ ရက် နေ့ ၁၃:၀၀ နာရီအချိန်တွင် ကော်မရှင်၏ ၁၃ နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို လည်းကောင်း ကျင်းပပြုလုပ်ခဲ့ပါသည်။

၁၃၉။ ၂၇-၁၂-၂၀၂၄ ရက်နေ့ ၁၃:၀၀ နာရီအချိန်တွင် ၂၀၂၅ ခုနှစ်၊ နှစ်သစ်အကြို အခမ်းအနား အဖြစ် ကော်မရှင်၏ လုပ်ငန်းတာဝန်များကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေး

သက်ဆိုင်ရာ ကဏ္ဍအသီးသီးမှ တာဝန်ယူဆောင်ခဲ့ကြသည့် ကော်မရှင် ဒုတိယဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင်များ၊ ကော်မရှင်ရုံးညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးတို့ကိုလည်းကောင်း၊ ၂၀၂၃ ခုနှစ်တွင် နိုင်ငံတော်မှ စီမံထူးချွန် (ဒုတိယဆင့်)နှင့် (တတိယဆင့်) ချီးမြှင့်အပ်နှင်းခြင်းခံရသည့် ကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူး (၄) ဦးတို့အားလည်းကောင်း၊ ၂၀၂၄ ခုနှစ်အတွင်း လုပ်ငန်းဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ လုပ်ငန်းစွမ်းဆောင်ရည်ဆုရရှိသည့် အရာထမ်း၊ အမှုထမ်း (၃) ဦးတို့အား လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုနေ့ အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲတွင် ဆုရရှိသည့် အရာထမ်း၊ အမှုထမ်းများအားလည်းကောင်း၊ ၂၀၂၄ ခုနှစ်အတွင်း ရုံးတက်ရက် မှန်သည့် ဝန်ထမ်းများအားလည်းကောင်း ကော်မရှင်ဥက္ကဋ္ဌက ဆုများချီးမြှင့်ခြင်းအပြင် ဝန်ထမ်းများလက်ဆောင်လဲလှယ်ခြင်း အစီအစဉ်ကိုလည်း ထည့်သွင်းပြုလုပ်ခဲ့ပါသည်။

## မှတ်တမ်းဓာတ်ပုံများ




ကော်မရှင်အုပ်ချုပ်မှုစီမံခန့်ခွဲရေးကော်မတီအစည်းအဝေး ကျင်းပခြင်း



ကော်မရှင်ပုံမှန်အစည်းအဝေး ကျင်းပခြင်း



အခြေခံရုံးလုပ်ငန်းသင်တန်း (တတိယအကြိမ်) ဖွင့်လှစ်သင်ကြားခြင်း



ကော်မရှင်ရုံးတွင် မြန်မာရိုးရာထမနဲထိုးပြိုင်ပွဲကျင်းပခြင်း




ကော်မရှင်ဥက္ကဋ္ဌမှ ကျောင်းနေအရွယ် အရာထမ်းဝန်ထမ်းများ၏သားသမီးများအတွက်
ကျောင်းသုံးပစ္စည်းများ ပေးအပ်ခြင်း



အသိပညာမျှဝေဆွေးနွေးဟောပြောသည့် မှတ်တမ်းဓာတ်ပုံ



မြန်မာ့ရိုးရာထမနဲထိုး ပြိုင်ပွဲကျင်းပနေသည့် မှတ်တမ်းဓာတ်ပုံ



၇၆ နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ အထိမ်းအမှတ် အခမ်းအနား ကျင်းပသည့်
မှတ်တမ်းဓာတ်ပုံ

# e-Government ဆိုင်ရာ ဆောင်ရွက်ချက်များ

## လုပ်ငန်းတာဝန်များ

၁၄၀။ e-Government ဌာနသည် လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများကို ပိုမိုဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ သတင်းအချက်အလက်ဆက်သွယ်ရေးနည်းပညာ (ICT) အတွက် သက်ဆိုင်ရာ ဌာနများနှင့် ချိတ်ဆက် ဆောင်ရွက်ခြင်း၊ ကော်မရှင်ဌာနအသီးသီးအနေဖြင့် ၎င်းတို့၏ လုပ်ငန်းတာဝန်များကို အချိန်တိုအတွင်း ဆောင်ရွက်နိုင်ရန် e-Government စနစ်များ အရှိန်အဟုန် မြှင့်တင်နိုင်ရေး ဆောင်ရွက်ခြင်း၊ ကော်မရှင်၏ သတင်းအချက်အလက်များ လုံခြုံရေး အတွက် ဆောင်ရွက်ခြင်း၊ ကော်မရှင်အနေဖြင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်ရာတွင် နည်းပညာ ပိုင်းဆိုင်ရာ ကူညီဆောင်ရွက်ပေးခြင်း၊ အခြားဌာနဆိုင်ရာ အသီးသီးမှ အသုံးပြုထားသည့် Multi Platform Application များ တစ်စုတစ်စည်းတည်း ပေါင်းစပ်နိုင်ရန် သက်ဆိုင်ရာဌာန၊ ရုံးတို့နှင့် ချိတ်ဆက်ခြင်း၊ ICT အခြေခံအဆောက်အဦများ အဆင့်မြှင့်တင်ပေးခြင်း၊ Online မှ ထိရောက် ကောင်းမွန်သော ဝန်ဆောင်မှုများပေးနိုင်ရန် အတွက် e-Service များ အကောင်အထည်ဖော်ခြင်းနှင့် ကော်မရှင်၏ သတင်းအချက်အလက် နှင့် Cyber Security တို့အတွက် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ပူးပေါင်း၍ သတင်းအချက်အလက် လုံခြုံမှုအသိပညာပေးခြင်းနှင့် ကြိုတင်ကာကွယ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ခြင်း အစရှိ သည့် e-Government ဆိုင်ရာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်လျက်ရှိပါသည်။

## e-Newsletter ထုတ်ဝေခြင်း

၁၄၁။ ကော်မရှင်၏ လစဉ်ဆောင်ရွက်ချက်များ၊ အစည်းအဝေးနှင့် သင်တန်းဆောင်ရွက်ခဲ့မှုများ၊ လူ့အခွင့်အရေးဆိုင်ရာ သိသင့်သိထိုက်သည့် ဗဟုသုတများ ဖော်ညွှန်းသည့် ဆောင်းပါး၊ ကဗျာနှင့် ကာတွန်းများကို အများပြည်သူ သိရှိနိုင်စေရန် ရည်ရွယ်၍ ကော်မရှင် e-Newsletter ကို ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလမှ စတင်၍ လစဉ် ထုတ်ဝေခဲ့ပြီး ကော်မရှင် Website https://mnhrc.org.mm/publication/e- Newsletter တွင် ဖော်ပြလျက်ရှိရာ ၂၀၂၄ ခုနှစ်အတွင်း e-Newsletter (၁၂) စောင်ကို ထုတ်ဝေခဲ့ပါသည်။

## Web Administrator အဖြစ် ဆောင်ရွက်ခြင်း

၁၄၂။ ကော်မရှင်၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် သတင်းထုတ်ပြန်ချက်များကို ကော်မရှင် Website ဖြစ်သော https://mnrc.org.mm မှတစ်ဆင့် အများပြည်သူ သိရှိစေရန် အချိန်နှင့် တစ်ပြေးညီ လွှင့်တင်ခြင်းဆောင်ရွက်လျက်ရှိသကဲ့သို့ ကော်မရှင် Website ၏ လုံခြုံမှုအဆင့် မြှင့်တင်ခြင်းနှင့် စောင့်ကြည့်ခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

၁၄၃။ ၂၀၂၄ ခုနှစ်အတွင်း ကော်မရှင် Website တွင် အောက်ပါအတိုင်း သတင်းပုဒ်ရေ ၁၁၂ ပုဒ် လွှင့်တင်နိုင်ခဲ့ပါသည်-

(က) လူ့အခွင့်အရေးမြှင့်တင်ရေးနှင့်ပညာပေးရေးဆိုင်ရာသတင်းများ ၇၁ ပုဒ်
(ခ) လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးဆိုင်ရာသတင်းများ ၂၈ ပုဒ်
(ဂ) နိုင်ငံတကာဆက်ဆံရေးဆိုင်ရာ ဆောင်ရွက်ချက်များ ၆ ပုဒ်
(ဃ) စီမံရေးရာနှင့် ဘဏ္ဍာရေးဆိုင်ရာသတင်းများ ၇ ပုဒ်

၁၄၄။ ၂၀၂၄ ခုနှစ်အတွင်း ကော်မရှင် Website တွင် အောက်ပါအတိုင်း သတင်းထုတ်ပြန်ချက် ၁၂ ခု လွှင့်တင်နိုင်ခဲ့ပါသည်-

(က) ပြစ်ဒဏ်လွတ်ငြိမ်းချမ်းသာခွင့် စပ်လျဉ်းသည့် သတင်းထုတ်ပြန်ချက်အမှတ် (၁/၂၀၂၄)
(ခ) ပြစ်ဒဏ်လွတ်ငြိမ်းချမ်းသာခွင့် စပ်လျဉ်းသည့် သတင်းထုတ်ပြန်ချက်အမှတ် (၂/၂၀၂၄)
(ဂ) မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် သတင်းထုတ်ပြန်ချက် (၃/၂၀၂၄)
(ဃ) ပညာသင်ယူခွင့်ရှိသည်နှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် သတင်းထုတ်ပြန်ချက် (၄/၂၀၂၄)
(င) ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်တန်း ဖြေဆိုအောင်မြင်သူ အကျဉ်းသား/ အကျဉ်းသူ များ၊ လူငယ်သင်တန်းကျောင်းများရှိ ကလေးသူငယ်များ၏ တက္ကသိုလ်ဝင်တန်း အောင်မြင်မှုအပေါ် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် သတင်း ထုတ်ပြန်ချက် (၅/၂၀၂၄)
(စ) မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက်အမှတ် (၆ / ၂၀၂၄)
(ဆ) ဇူလိုင်လ (၃) ရက်နေ့တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြု ကြိုဆိုသည့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် သတင်း ထုတ်ပြန်ချက် (၇/၂၀၂၄)
(ဇ) မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလမှ ဖွန်လအထိ တိုင်တန်းစာများ၊ အကျဉ်းထောင်၊ အကျဉ်းစခန်း၊ ရဲစခန်း အချုပ် ခန်းများနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းများ ကြည့်ရှုစစ်ဆေးမှုနှင့် စပ်လျဉ်း၍ သတင်းထုတ်ပြန်ချက်အမှတ်စဉ် (၈/ ၂၀၂၄)
(ဈ) မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် သတင်းထုတ်ပြန်ချက် (၉/၂၀၂၄)

(ည) နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ကျရောက်သည့် ကမ္ဘာ့ကလေးများနေ့နှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် သတင်း ထုတ်ပြန်ချက် (၁၀/၂၀၂၄)

(ဋ) ဒီဇင်ဘာ ၃ ရက်နေ့တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများ နေ့နှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် သတင်း ထုတ်ပြန်ချက် (၁၁/၂၀၂၄)

(ဌ) ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့် အရေးနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် သတင်း ထုတ်ပြန်ချက် (၁၂/၂၀၂၄)

**Myanmar National Webportal တွင် သတင်းများ ဖော်ပြခြင်း**

၁၄၅။ ကော်မရှင်၏ သတင်းများ၊ ထုတ်ပြန်ချက်များ၊ ကြေညာချက်များ၊ ထုတ်ဝေပြီး စာအုပ် စာနယ်ဇင်းများ၊ ဆောင်းပါးများ၊ ဝန်ထမ်းခေါ်ယူခြင်းကိစ္စရပ်များ၊ တင်ဒါခေါ်ယူခြင်း ကိစ္စရပ် များကို Myanmar National Webportal တွင် ဖော်ပြလျက်ရှိပါသည်။

၁၄၆။ ၂၀၂၄ ခုနှစ်အတွင်း Webportal တွင် အောက်ပါအတိုင်း သတင်းပုဒ်ရေ ၅၃ ပုဒ် လွှင့်တင်နိုင်ခဲ့ပါသည် -

| | | |
|---|---|---|
| (က) | လူ့အခွင့်အရေးမြှင့်တင်ရေးနှင့်ပညာပေးရေးဆိုင်ရာသတင်းများ | ၅ ပုဒ် |
| (ခ) | လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးဆိုင်ရာသတင်းများ | ၃၃ ပုဒ် |
| (ဂ) | ဥပဒေရေးရာဌာန | ၁ ပုဒ် |
| (ဃ) | နိုင်ငံတကာဆက်ဆံရေးဆိုင်ရာသတင်းများ | ၇ ပုဒ် |
| (င) | စီမံရေးရာနှင့် ဘဏ္ဍာရေးဆိုင်ရာသတင်းများ | ၇ ပုဒ် |

**နည်းပညာကျွမ်းကျင်မှုဆိုင်ရာ Digital Literacy သင်တန်းများဖွင့်လှစ်ခြင်း**

၁၄၇။ ကော်မရှင်ရုံးဌာနအသီးသီးတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများအနေဖြင့် သတင်းအချက်အလက် ဆက်သွယ်ရေးနည်းပညာ (ICT) ပိုမိုကျွမ်းကျင်မှု ရှိစေရန်နှင့် လက်တွေ့လုပ်ငန်းများ ဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်ရန် ရည်ရွယ်၍ ၂၀၂၄ ခုနှစ် အတွင်း Digital Literacy သင်တန်း စုစုပေါင်း (၂) ကြိမ်ကို အောက်ပါအတိုင်း ဖွင့်လှစ် ပို့ချ ပေးနိုင်ခဲ့ပါသည်-

(က) **Microsoft Office Excel သင်တန်းဖွင့်လှစ်ပို့ချခြင်း။** ကော်မရှင်ရုံးဌာန အသီးသီးတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများအနေဖြင့် Microsoft Office Excel အခြေခံ အကြောင်းအရာများ သိရှိပြီး လုပ်ငန်းတာဝန်များကို လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်စေရန် Microsoft Office Excel သင်တန်းကို ၈-၁-၂၀၂၄ ရက်နေ့မှ ၁၂-၁-

၂၀၂၄ ရက်နေ့အထိ ဖွင့်လှစ်ခဲ့ရာ ကော်မရှင်ရုံး ဝန်ထမ်း ၂၀ ဦး တက်ရောက်ခဲ့ကြပါသည်။

(ခ) **Computer Repair and Maintenance သင်တန်းဖွင့်လှစ်ခြင်း။** ကော်မရှင်ရုံး ဝန်ထမ်းများအနေဖြင့် သတင်းအချက် အလက်ဆက်သွယ်ရေးနည်းပညာ (ICT) ပိုမိုကျွမ်းကျင်မှု ရှိစေရန်နှင့် လက်တွေ့လုပ်ငန်းများ ဆောင်ရွက်ရာတွင် မိမိတို့ ကိုင်တွယ်အသုံးပြုနေသည့် ကွန်ပျူတာများကို စနစ်တကျ ထိန်းသိမ်း ပြုပြင်၍ အသုံးပြုနိုင်စေရန်အတွက် Computer Repair and Maintenance သင်တန်းကို ၁-၁၀-၂၀၂၄ ရက်နေ့မှ ၃-၁၀-၂၀၂၄ ရက်နေ့အထိ ဖွင့်လှစ်ခဲ့ရာ ကော်မရှင်ရုံးဝန်ထမ်း ၁၀ ဦး တက်ရောက်ခဲ့ပါသည်။

**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ဖွင့်လှစ်သော သင်တန်းများ တက်ရောက်ခြင်း**

၁၄၈။ ကော်မရှင်ရုံးဝန်ထမ်းများအနေဖြင့် လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နည်းပညာများ အသုံးပြု၍ ပိုမို အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် ၂၀၂၄ ခုနှစ်အတွင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာနက ဖွင့်လှစ်သော အောက်ပါ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ သင်တန်း စုစုပေါင်း (၇) ခုသို့ တက်ရောက်ခဲ့ကြပါသည်-

| စဉ် | သင်တန်းအမည် | တက်ရောက်သူ | ရာထူး | ဌာန |
|---|---|---|---|---|
| ၁ | Digital Innovation and Leadership သင်တန်း (၀၆၀၂/ ၀၁၊ ၀၂/ ၂၃-၂၄) | ဦးကျော်ထက်စိုး | ညွှန်ကြားရေးမှူး | e-Government ဌာန |
| ၂ | Microsoft Office PowerPoint 2019 | ဒေါ်ရှူးရှူးရတနာဆွေ | လက်ထောက်ညွှန်ကြားရေးမှူး | နေပြည်တော် (ရုံးခွဲ) |
| ၃ | Front-End Web Development with JavaScript သင်တန်း (၀၃၀၇/ ၀၁/ ၂၃-၂၄) | ဒေါ်နှင်းဝေလွင် | လက်ထောက်ညွှန်ကြားရေးမှူး | e-Government ဌာန |
| ၄ | The Future CIO Ledership | | | |

| စဉ် | သင်တန်းအမည် | တက်ရောက်သူ | ရာထူး | ဌာန |
|---|---|---|---|---|
| | သင်တန်း (ဝ၆ဝ၇/ ဝ၁၊ ဝ၂/ ၂၃-၂၄ | | | |
| ၅ | Computer Repair and Maintenance သင်တန်း (ဝ၆ဝ၇/ ဝ၁၊ဝ၂/ ၂၄-၂၅) | ဦးညီမင်းဇံ | အငယ်တန်းစာရေး | e-Government ဌာန |
| ၆ | Microsoft Office Excel 2019 သင်တန်း (ဝ၁ဝ၃/ ဝ၁၊ ဝ၂/ ၂၄-၂၅) (Online) | ဒေါ်ရီဝေလွင် | အငယ်တန်းစာရေး | နိုင်ငံတကာ ဆက်ဆံရေးဌာန |
| | | ဒေါ်ပန်းအိသက် | အငယ်တန်းစာရေး | စီမံရေးရာနှင့် ဘဏ္ဍာရေးဌာန |
| ၇ | Microsoft Office Word 2019 သင်တန်း (ဝ၁ဝ၂/ ဝ၁၊ ဝ၂/ ၂၄-၂၅) (Online) | ဒေါ်အိအိနိုင် | အငယ်တန်းစာရေး | နိုင်ငံတကာ ဆက်ဆံရေးဌာန |

**Electronic Document Management System ကို Mail အနေဖြင့် အသုံးပြုခြင်း**

၁၄၉။ ဝန်ကြီးဌာနများအကြား အရေးကြီးသော ဆက်သွယ်မှုများကို လျင်မြန်စွာ ပြုလုပ်နိုင် စေရန် Electronic Document Management System ကို အသုံးပြု၍ ဝန်ကြီးဌာနများမှ ပေးပို့လာသော Mail များအား သက်ဆိုင်ရာ ကော်မရှင်ရုံးဌာနများသို့ ပြန်လည်ဖြန့်ဝေခြင်းနှင့် ကော်မရှင်မှ အခြားဝန်ကြီးဌာနများသို့ ပေးပို့လိုသည့် Mail များကိုလည်း စနစ်တကျ ပေးပို့ ဆောင်ရွက်လျက်ရှိပါသည်။

**နည်းပညာပံ့ပိုးဆောင်ရွက်ပေးခြင်း**

၁၅၀။ (၇၆) နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့အခမ်းအနားတွင် ခင်းကျင်းပြသမည့် ပြခန်းအတွက် ကော်မရှင်ရုံးဌာနများမှ လုပ်ငန်းဆောင်ရွက်ချက် မှတ်တမ်းဓာတ်ပုံများ စုဆောင်း၍ ဒီဇိုင်းရေးဆွဲခြင်း၊ မှတ်တမ်းပြခန်းအတွက် ဒီဇိုင်းများ ရေးဆွဲပြင်ဆင်ခြင်း၊ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းပေါ်ပေါက်လာပုံ ဗီဒီယိုပြသခြင်း၊ အခမ်းအနားတွင် ခင်းကျင်းပြသသည့် ပြခန်းနှင့် Backdrop များအတွက် ဒီဇိုင်းများ ရေးဆွဲ ပြင်ဆင်ခြင်း၊ ဓာတ်ပုံမှတ်တမ်းနှင့် ဗီဒီယိုမှတ်တမ်းများ ရယူခြင်း စသည့် လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။

၁၅၁။ ကော်မရှင်ရုံးချုပ်နှင့် ကော်မရှင်ရုံးခွဲများတွင် Video Conferencing System များ တပ်ဆင်ထားရှိပြီး ကော်မရှင်ရုံး ဌာနတွင်းနှင့် ပြင်ပအဖွဲ့အစည်းများ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်သော WorkShop များ၊ Seminar များ၊ Webinar များ၊ Online Platform အသုံးပြုဆောင်ရွက်ရသည့် အစည်းအဝေးများနှင့် သင်တန်းများအတွက် လိုအပ်သော နည်းပညာ အကူအညီပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

**ကွန်ပျူတာပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်ခြင်း**

၁၅၂။ ကော်မရှင်ရုံးဌာနအသီးသီးတွင် အသုံးပြုလျက်ရှိသည့် Desktop Computer များနှင့် Laptop Computer များအား Hardware ပြုပြင်ထိန်းသိမ်းခြင်းနှင့် Windows Installation ပြုလုပ်ခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပြီး ၂၀၂၄ ခုနှစ်အတွင်း ကော်မရှင်ရုံးဌာနများ၏ Desktop Computer ၁၀ လုံး၊ Laptop Computer ၇ လုံး နှင့် Printer ၅ လုံးတို့အား ပြုပြင်ထိန်းသိမ်းဆောင်ရွက်နိုင်ခဲ့ပါသည်။

# မှတ်တမ်းဓာတ်ပုံများ



Microsoft Office Excel သင်တန်း ပို့ချခြင်း



Microsoft Office သင်တန်း ပို့ချခြင်း



Computer Repair and Maintenance သင်တန်း ပို့ချခြင်း




ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ထက်စိုး Digital Innovation and Leadership သင်တန်းသို့ တက်ရောက်ခဲ့ခြင်း



**လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဖူးဖူးရတနာဆွေ Microsoft Office PowerPoint 2019 သင်တန်းသို့ တက်ရောက်ခဲ့ခြင်း**



**လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နှင်းဝေလွင် Front-End Web Development with JavaScript သင်တန်းသို့ တက်ရောက်ခဲ့ခြင်း**




လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နှင်းဝေလွင် The Future CIO Lerdership သင်တန်းသို့ တက်ရောက်ခဲ့ခြင်း



အငယ်တန်းစာရေး ဦးညီမင်းဇံ Computer Repair and Maintenance သင်တန်းသို့ တက်ရောက်ခဲ့ခြင်း



**အငယ်တန်းစာရေး ဒေါ်အိအိနိုင် Microsoft Office Excel 2019 (Online) သင်တန်းသို့ တက်ရောက်ခဲ့ခြင်း**

**နိဂုံး**

၁၅၃။ ကော်မရှင်သည် ကော်မရှင်ဥပဒေပါ အပ်နှင်းထားသော တာဝန်နှင့် လုပ်ပိုင်ခွင့်များနှင့်အညီ လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်သမျှ ဆောင်ရွက်လျက်ရှိပြီး ကော်မရှင်ဥပဒေအရ ကော်မရှင်၏ ဆောင်ရွက်ချက်များကို အစီရင်ခံတင်ပြရမည်ဟု ပြဋ္ဌာန်းထားချက်နှင့်အညီ ဤအစီရင်ခံစာကို တင်ပြအပ်ပါသည်။

၁၅၄။ ဤအစီရင်ခံစာသည် ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှစ၍ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ တစ်နှစ်တာကာလအတွင်း ကော်မရှင်၏ ဆောင်ရွက်ချက်များကို ဖော်ပြထားခြင်း ဖြစ်ပါသည်။

၁၅၅။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများကို ကော်မရှင်ဥပဒေပါ တာဝန်နှင့် လုပ်ပိုင်ခွင့်များနှင့်အညီ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**